NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၁၉ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ

(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ

| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၄ |
| ၂။ | ဘဏ္ဍာရေး | ၇ |
| ၃။ | အခြေခံအဆောက်အဦးနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၈ |
| ၄။ | ဝယ်ယူရေးအခြေအနေ | ၉ |
| ၅။ | သင်တန်းပို့ချခြင်း | ၁၁ |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၁၃ |
| ၇။ | သတင်းပြန်ကြားခြင်း | ၁၅ |
| ၈။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၁၆ |
| ၉။ | ကျား၊ မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၁၇ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း | ၂၁ |
| ၁၁။ | သိပညာနှင့် လေ့လာသင်ယူခြင်း | ၂၃ |
| ၁၂။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၅ |
| ၁၃။ | ဆန္ဒအလျောက်မြေယာလျှုဒါန်းမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၂၅ |
| ၁၄။ | အခက်အခဲများနှင့် ထောက်ပံ့လိုအပ်ချက်များ | ၂၅ |
| ၁၅။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၆၁ |
| ၁၆။ | နောင်လာမည့်(၆)လအတွင်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ | ၆၃ |

**စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၃-၂၀၁၉) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: စေတနာအလျောက်မြေယာလှူဒါန်းခြင်းအခြေပြဇယား

ဇယား ၃: ဘာသာပြန်မှုအခြေပြဇယား

ဇယား ၄: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၅: ကုန်ပစ္စည်းဝယ်ယူမှုဇယား(၃၁-၃-၂၀၁၉)

ဇယား ၆: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက်ခွဲခြားတင်ပြမှု

ဇယား ၈: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၉: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ

ဇယား ၁၀: သင်တန်းပို့ချမှုပြီးစီးခဲ့သော ဇယား

ဇယား ၁၁: ၂၀၁၉ခုနှစ်၊ ပဉ္စမသုံးလပတ်အတွက် IFR : စီမံကိန်းအကောင်အထည် ဖော်ဆောင်မှုအပိုင်းအလိုက်ခွဲခြားထားသည့် ရံပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုများ

ဇယား ၁၂: စီမံကိန်းမြို့နယ် (၁၆) မြို့နယ်တွင် (၃၁/၃/၂၀၁၉)၊ TTA Contracts မပါဘဲ ဝန်ထမ်းများ ဖွဲ့စည်း၊ ခန့်ထားမှု အခြေအနေများ

ပုံ ၁ : ၂၀၁၈/၁၉ ခုနှစ် ပဉ္စမနှစ် စီမံကိန်းစက်ဝန်း နှင့် ဆဋ္ဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

# စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

## ၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှ မတ်လ ၃၁ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည်ဖော်ဆောင် ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၉ခုနှစ်၊ စက်တင်ဘာလအထိ လာမည့်၁၂လအတွက် လုပ်ငန်းအစီအစဉ်တို့၏ အဓိက အချက်များ ပါဝင်ပါသည်။ ပဥ္စမနှစ် စီမံကိန်းနှင့် ဆဌမနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်ဟောင်း ၄၅ မြို့နယ်နှင့် မြို့နယ်သစ် ၁၆ မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

**ပဥ္စမနှစ် မြို့နယ် ၆၁ မြို့နယ်**

(က) VDP သတ်မှတ်ချက် ၁၁၇၅၅ ရှိသည့်အနက် ၁၁၅၇၃ ခုပြီးစီး၍ ၉၈% ပြီးစီး ခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၉၀၀၁ခု ရှိသည့်အနက် ၉၀၀၁ ခုအား TPICမှ အတည်ပြုပေးနိုင်ခဲ့ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၉၀၀၁ ခုရှိသည့် အနက် ၈၄၂၀ ခု ပြီးစီး၍ ၉၃.၅၄% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၄၂၀ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၉၃.၅၄% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၇၈၆၃ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင် ရွက်ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၇၈၂၄ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

**ဆဌမနှစ် မြို့နယ် ၅၄ မြို့နယ်**

(က) VDP သတ်မှတ်ချက် ၁၀၀၆၅ ရှိသည့်အနက် ၆၈၅၈ ခုပြီးစီး၍ ၆၉% ပြီးစီးခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၂၇၃ ခု ရှိသည့်အနက် ၆၂၆၄ခုအား TPICမှ အတည်ပြုပေးနိုင်ခဲ့ပြီး ၉၉.၈၆% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၆၂၇၃ ခုရှိသည့် အနက် ၆၅၇ ခု ပြီးစီး၍ ၁၀.၄၇ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၅၇ ခုအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါ သောကြောင့် ၁၀.၄၇ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၅၇ ခုအား အပြီးသတ် စစ်ဆေဆောင်ရွက်ခြင်း လုပ်ငန်းအား ဆောင် ရွက် ပြီးစီးခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၅၂၂ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

၂။ ယခုသုံးလပတ်အတွင်း ပဉ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းခွဲ မပြီးဆုံးသေးသော မြို့နယ်(၁၃)မြို့နယ်၏ လုပ်ငန်းခွဲ(၆၃၄)ခု ကြန့်ကြာနေပါသည်။ လုပ်ငန်းခွဲ ကျန်ရှိနေသော ဘီးလင်းမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲ (၄)ခု၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် (၁)ခု၊ ဓနုဖြူမြို့နယ်တွင် (၂)ခု၊ ဂွမြို့နယ်တွင် (၇၃)ခု၊ လှိုင်းဘွဲ့မြို့နယ်တွင်(၄၇)ခု၊ အင်ပူမြို့နယ်တွင် (၁၂၃)ခု၊ ကနီမြို့နယ်တွင် (၄)ခု၊ ကော့ကရိတ်မြို့နယ်တွင် (၁၁)ခု၊ မောက်မယ်မြို့နယ်တွင်(၂၃)ခု၊ မိုင်းခတ်မြို့နယ်တွင် (၅၅)ခု၊ ပုဏ္ဏားကျွန်းမြို့နယ်တွင်(၈၂)ခု၊ ရွှေကျင်မြို့နယ်တွင် (၁၂)ခု၊ သဲကုန်းမြို့နယ်တွင် (၁၉၇)ခုအားဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ ဆဌမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၂၇၃ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၆၅၇ ပြီးစီး၍ ၅၂၂ လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ဆဌမနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲ ဇယား(၁) ဖြင့် ဖော်ပြထားပါသည်။

၃။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ာဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၆၂.၀၈% ထိတိုးတက်လာပါသည်။ ပညာရေး ၁၂.၄၈ % ၊ လူထု အထောက်အပံ့ ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဉ္စမနှစ် စီမံကိန်းအတွင်း ၇.၈၉% ထိတိုးမြင့် ဆောင်ရွက် လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၁၀ % ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၇.၈၅ % တခြား ၁.၂၇ % နှင့် ကျန်းမာရေး ၀.၃၂ % ဆောင်ရွက်လျက်ရှိပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား (၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ာဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၄၄.၄၃% ထိတိုးတက်လာပါသည်။ ပညာရေး ၁၄.၃၂ % ၊ လူထု အထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ဆဌမနှစ် စီမံကိန်းအတွင်း ၁၃.၉၀% ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၉.၂၁ % ၊လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဖြူးမှု ၁၂.၆၁ % တခြား ၅.၀၁ % နှင့် ကျန်းမာရေး ၀.၅၀ % ဆောင်ရွက်လျက်ရှိပါသည်။

**NCDDP ပဉ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၁၂-၂၀၁၈)**

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/ ၁၄ | ဒုတိယ နှစ် ၂၀၁၄/ ၁၅ | တတိယ နှစ် ၂၁၁၅/ ၁၆ | စတုတ္ထ နှစ် ၂၀၁၆/ ၁၇ | ပဉ္စမနှစ် ၂၀၁၇/၁၈ | | ဆဌမနှစ် ၂၀၁၉/၁၈ | | စုစုပေါင်း (ပ-ဆဌမ) |
|---|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ဟောင်း ၆၁ | | | | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၁ | | ၅၄ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၂၆၃၁ | | ၂၃၄၂ | | ၂၆၃၁ |
| ကျေးရွာ | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၁၁၇၅၅ | | ၁၀၂၈၈ | | ၁၁၇၅၅ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၄၆၅ | ၉၂.၂၈ | ၁၆၈၂ | **၉၇.၅၀** | ၂၄၆၅ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၂၄၃၆ | ၉၁.၂၀ | **၁၆၇၁** | ၉၉.၃၄ | ၂၄၃၆ |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇,၃၇ | ၈၅.၂၅ | | ၇၅.၁၃ | | ၂၇၅.၅ |
| **VDP** ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁၀၆၁ | ၉၄.၂၅ | ၆၈၅၈ | ၆၈.၁၃ | ၂၆၆၂၇ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၉၀၀၁ | ၉၉.၆၁ | ၆၂၆၄ | ၉၉.၈၅ | ၂၃၂၃၉ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇,၆၈၂ | ၈၅၅၃ | ၉၀.၈၁ | ၄၉၂၉ | ၇၈.၅၇ | ၂၁၇၂၁ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | | |
| ၀ % | | | | | ၂၇၆ | ၃.၀၆ | ၁၄၆၅ | ၂၃.၃၈ | |
| ၁%၅၀- | | | | | ၁၆၅ | ၁.၈၃ | ၁၈၇၁ | ၂၉.၈၇ | |
| ၅၁%၇၅- | | | | | ၁၃၇ | ၁.၅၂ | ၇၇၂ | ၁၂.၃၂ | |
| ၇၆%၉၀- | | | | | ၂၇၈ | ၃.၀၈ | ၁၀၈၄ | ၁၇.၃၀ | |
| ၁၀၀% | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၈၀၈၈ | ၈၉.၈၅ | ၁၀၇၂ | ၁၇.၁၁ | ၂၁၂၈၃ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၇၈၆၃ | ၈၇.၃၅ | ၆၅၇ | ၁၀.၄၈ | ၂၁၂၀၇ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၅၇၈ | ၄,၇၃၄ | ၇၆၈၂ | ၇၈၂၄ | ၈၆.၉၂ | ၅၂၂ | ၈.၃၃ | ၂၀၇၈၈ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၄၈ | | | | ၁၃၃ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | | | | ၅ |

၅။ ယခုသုံးလပတ်အတွင်း ပဥ္စမနှစ်စီမံကိန်းတွင် ပဥ္စမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၈၀၈၈)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၇၈၂၄)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ(၂၇၆)ခုမှာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၆။ ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းတွင် ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၁၀၇၂)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၅၂၂)ခု အတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းခွဲ(၁၄၆၅)ခုမှာ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပါသည်။

၇။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသောအခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်-

(က) မော်တော်ဆိုင်ကယ်များပြုပြင်ရန်ဒေသတွင်း အပိုပစ္စည်းများရှားပါးခြင်း နှင့် မိတ္တူကူးစက်များ ပြုပြင်ရန်အပိုပစ္စည်းများ ရှာပါးခြင်း၊

(ခ) စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုအတွက် စိမ့်စမ်းရေသွယ်ရန်ယူခြင်း တိုင်းတာရန် Auto Level စက် လိုအပ်ခြင်း၊ စီမံကိန်းလုပ်ငန်းများသည် ရေလမ်းခရီးများ သောကြောင့် စက်လှေ(၁)စီးထပ်မံလိုအပ်၊

(ဂ) စီမံကိန်းမြို့နယ်များတွင် ရုံးသုံးပရိဘောဂများလိုအပ်ခြင်း၊ မိုးကာအင်္ကျီများထပ်မံလိုအပ်ခြင်း၊

(ဃ) Window Software မှာ Out of Data ဖြစ်နေသဖြင့် Software Updated ပြုလုပ်ရန် လိုအပ်၊

(င) စီမံကိန်းမြို့နယ်များမှ Printer/Copier များအတွက် ကျွမ်းကျင်မှု Servicingမရှိခြင်း၊

(စ) Internet လိုင်းမကောင်း၍ Dataများ Update ပြုလုပ်ရာတွင် ခက်ခဲခြင်း၊

(ဆ) Tablet Screenများ ပါဝါဖွင့်မရ အလုပ်မလုပ်သောကြောင့်ပြင်ဆင်ရန် လိုအပ်ခြင်း၊

(ဇ) MIS Dataဖြည့်သွင်းရန် video၊ photoများ ရရှိရန် ခက်ခဲခြင်း၊

**၂။ ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)**

၈။ ဆဌမနှစ်စီမံကိန်းတွင် **block grants** စုစုပေါင်း မြန်မာငွေကျပ် ၁၈၂၅၄.၆၆ ဘီလီယံအား မြို့နယ် (၃၈) မြို့နယ်အား ထုတ်ပေးပြီး ဖြစ်ပါသည်။

**FY-18 (6-months)**စာရင်းစစ်စစ်ဆေးခြင်းဆောင်ရွက်ပြီးဖြစ်ပါသည်။ ဘဏ္ဍာရေး စစ်ဆေးပြီးသည့် အစီရင်ခံစာအား စောင့်ဆိုင်းနေဆဲဖြစ်ပါသည်။ Finance Assistant ဝန်ထမ်း(၁)ဦး အလုပ်ထွက်သွားပါသဖြင့်(၁)ဦး လစ်လပ်နေပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

(က) ပြင်ဆင်ရမည့်ပုံစံများအား ပြင်ဆင်ခြင်း

(ခ) စီမံကိန်းပြီးဆုံးသည့်မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခြင်း

(ဂ) လုပ်ဆောင်နေသော ကိစ္စရပ်များအား မြို့နယ်များနှင့် ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း

ဘဏ္ဍာရေးနှင့်ဆိုင်သော လုပ်ငန်းစဉ်

- ၂၀၁၈-၁၉ ခုနှစ် စုစုပေါင်း အသုံးစရိတ်များအား အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြန့်ဖြူးပြီးဖြစ်သည်-

FY 2018-19 (in MMK)

| BY COMPONENT | Annual budget | Quarter 1 & 2 budget | EXPENSES | | | BUDGET BALANCE (QUARTER) | % SPENT (QTR 1 & 2) | % SPENT (ANNUAL) |
|---|---|---|---|---|---|---|---|---|
| | | | Previous quarter | This quarter | TOTAL | | | |
| COMP 1: BLOCK GRANT | 74,015,000,000 | 68,874,467,095 | 52,525,728,210 | 18,254,661,000 | 70,780,389,210 | -1,905,922,115 | 103% | 96% |
| COMP 2: FACILITIES & CAPACITY BLDG | 21,496,378,979 | 12,238,329,572 | 6,094,164,711 | 5,329,065,112 | 11,423,229,823 | 815,099,749 | 93% | 53% |
| COMP 3:KNOWLEDGE & LEARNING | 1,779,949,877 | 461,417,686 | 155,254,207 | 197,356,888 | 352,611,095 | 108,806,591 | 76% | 20% |
| COMP 4: INSTITUTIONAL SUPPORT | 6,807,713,070 | 3,350,190,409 | 1,501,538,949 | 1,475,198,941 | 2,976,737,890 | 373,452,519 | 89% | 44% |
| TOTAL | 104,099,041,926 | 84,924,404,762 | 60,276,686,077 | 25,256,281,942 | 85,532,968,018 | -608,563,257 | 101% | 82% |

## ၃။ ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၉။ လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ် စီမံကိန်းစက်ဝန်း၏ သုံးလပတ်အတွင်း စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်း လုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြို့နယ် **CDD Team**သည် ပိုမိုအားထုတ်ဖို့ လိုအပ်ပါသည်။ လုပ်ငန်းခွဲများအား ဆက်စပ်ဌာနဆိုင်ရာများ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသော အကြံပြုချက်များနှင့် အတည်ပြုချက်များ ရယူထားရမည်။

(ခ) မြို့နယ် **TTA Team** သည် နည်းပညာဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်မှု ရှိမရှိ **follow up** လုပ်ရန် လိုအပ်ပြီး **regional infra;-TA** နှင့် လည်း ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ဖို့လည်း လိုအပ်ပါသည်။

(ဂ) မြို့နယ် **TTA Team** သည် စွမ်းဆောင်ရည်နည်းသော ၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းသော ကျေးရွာအုပ်စုများသို့ ကြီးကြပ်ကွပ်ကဲ ပြောဆိုစည်းရုံးရန် လိုအပ်ပါသည်။

(ဃ) ပြည်နယ်/ တိုင်းဒေသကြီး **CDD Team** နှင့် မြို့နယ် **TTA Team** တို့သည် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေး လုပ်ဆောင်ချက်များ နှင့် စပ်လျဉ်း၍ စုံစမ်း စစ်ဆေးခြင်းများ လုပ်ဆောင်ရမည်။

(င) ကျေးရွာတစ်ရွာချင်းစီ အလိုက် စီမံကိန်းလုပ်ငန်းခွဲဖိုင်၊ ဝယ်ယူရေးဖိုင်၊ ဘဏ္ဍာရေးဖိုင် ၊ လုပ်ငန်း မှတ်တမ်း၊ ညှိနှိုင်းမှတ်တမ်းများ ရှိရမည်။

(စ) **TF** နှင့် **CF** များ သည် သတ်မှတ်ထားသော **Ecop** နှင့် **EMP** ကိစ္စရပ်များကို ကျေးရွာကော်မတီများနှင့် ကျေးရွာလူထုအား အလျဉ်းသင့်သလို ထပ်ခါထပ်ခါ ဝေမျှရမည်။

(ဆ) ပြည်နယ်/တိုင်းဒေသကြီး **CDD Team** အနေဖြင့် ကျေးရွာလူထု၏ ပိုမိုစိတ်ဝင်စားလာစေရန်၊ ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် ကွင်းဆင်းစစ်ဆေးခြင်းများ ပိုမိုလုပ်ဆောင်သင့်သည်။

(ဇ) စီမံကိန်း နောက်ဆုံးနှစ် မြို့နယ်များ၏ **TTA Team** အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ အရေးကြီးသောအချက်အလက်များအား မည်သို့စီမံခန့်ခွဲမည်၊ ကျေးရွာလူထုအကောင်အထည်ဖော် ဆောင်ရွက်လိုသော လုပ်ငန်းခွဲနှင့် ပတ်သက်၍ မည်သည့် ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ကိုသိရှိစေရန် နှင့် လည်ပတ်ရေးနှင့် ပြုပြင် ထိမ်းသိမ်းရေး အစီအစဉ်များအား သိရှိစေရန် စည်းရုံး လှုံ့ဆော်ပေးရန် လိုအပ်သည်။

(ဈ) လက်ထောက်နည်းပညာမှူးများအား **instrument of leveling** သင်တန်းအား ပို့ချပေးနိုင်လျှင် လုပ်ငန်းများ ပိုမိုအရည်အသွေး ကောင်းမွန်လာပါလိမ့်မည်။

(ည) **Infra counterpart, cluster leader** နှင့် **sub cluster leader** များသည် **monitoring trip** များ အကြိမ်များများဆင်းနိုင်လေလေ ပိုကောင်းလေဖြစ်ပါသည်။

(ဋ) **Conflit** ဒေသများတွင် ဘေးကင်းလုံခြုံမှုဆိုင်ရာသင်တန်းများ ပို့ချခဲ့ပြီး ဖြစ်ပါသည်။

## ၄။ ဝယ်ယူရေး (အကြံပေးများနှင့် နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းဆောင်ရွက်ခြင်း)

## မြို့နယ်အဆင့် နည်းပညာ အကြံပေးအဖွဲ့များ ငှားရမ်းခန့်ထားခြင်း

၁၀။ ဆဌမနှစ်စီမံကိန်းစက်ဝန်းအတွင်း ပြည်ထောင်စုအဆင့်မှ ဝယ်ယူရေး လုပ်ရှားမှုများအား အစီရင်ခံပြီးဖြစ်ပါသည်။ ထို့နောက် ၂၀၁၉ မတ်လတွင် ကျင်းပသော ISM 18 တွင် ဆွေးနွေးပြီး ဖြစ်ပါသည်။ ဝယ်ယူရေး လှုပ်ရှားမှုတွင် ရည်ရွယ်ချက် ၄ခု ရှိပါ သည်။

(က) PP9 အတွက် No-Objection နှင့် ဝယ်ယူရေးများအား သင့်လျော်စွာ စတင်ဖြန့်ဖြူးပြီး ဖြစ်ပါသည်။

(ခ) အီတလီထောက်ပံ့ကြေး၏ စာရင်းစစ်အတွက် နည်းပညာအကြံပေးအဖွဲ့အား စာချုပ်ချုပ်ဆိုခြင်းနှင့် စာရင်းစစ်လှုပ်ရှားမှုများအား စတင်အကောင်အထည်ဖော်ပြီး ဖြစ်ပါသည်။

(ဂ) စီမံကိန်းပြီးဆုံးသွားသော မြို့နယ်များရှိ ပစ္စည်းများအား ဆန်းစစ်ရန် ကျန်ရှိနေပါသေးသည်။

(ဃ) မတိုင်မီ မတ်လတွင် ကမ္ဘာ့ဘဏ်မှ ဂယ်ယူရေးကဏ္ဍအား ပြည်လည်သုံးသပ်ထားပါသည်။

PP9အား ၁၁.၉.၂၀၁၈တွင် အကြမ်းရေးထားပြီး ကမ္ဘာ့ဘဏ်မှ ဂယ်ယူရေးကျွမ်းကျင်သူနှင့် ဆွေးနွေးပြီး ဖြစ်ပါသည်။ ၂၀၁၈ ဒီဇင်ဘာလတွင် ကျင်းပသော ISM 17တွင်လဲ အသေးစိတ်သုံးသပ်ပြီး ဖြစ်ပါသည်။ ထိုသုံးသပ်မှု ရလဒ်မှာ-၁) PP9မှ မည်သည့်စာကြောင်း ဖျက်လိုက်သည်အား သေချာစွာ ကြည့်ရှုခြင်း၊ ၂)မှန်ကန်သော နံပါတ်အား ဖြည့်သွင်းရေးသားခြင်း၊ ၃)ထပ်မံ၍ ခန့်အပ်ရမည့် ကျွမ်းကျင်ပညာရှင်များ သင့်လျော်စွာ ခန့်အပ်နိုင်ရန် ဂယ်ယူရေးစီမံချက်အား ညှိနှိုင်းရေးသားခြင်း။

၂၀၁၉ ဇန်နဝါရီလတွင် ကမ္ဘာ့မှ မေးခွန်းများအား မေးမြန်းပြီး ၂၀၁၉ ဇန်နဝါရီ ၂၅ တွင် နောက်ဆုံးအစည်းအဝေးအား ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့ဘဏ်မှ No-Objectionအား ၂၀၁၉ ဇန်နဝါရီ ၃၀တွင် ပြည်လည်တုံ့ပြန်ခဲ့ပါသည်။

PP7 နှင့် PP8များအား အတိုချုံး၍ မတ်လတွင် ကျင်းပသော ISM 18 တွင် နောက်ဆက်တွဲအနေဖြင့် ပြင်ဆင်ခဲ့ပါသည်။ ၄င်းသည် ၂၀၁၉ ဂယ်ယူရေးအခြေအနေအား တင်ပြခြင်း ဖြစ်ပါသည်။

၂၀၁၉ ပထမ သုံးလပတ်အတွင်း စီမံကိန်းသည် ထပ်မံတိုးချဲ့မည့် မြို့နယ် ၁၃ မြို့နယ်အတွက် ခွင့်ပြုချက်အား ကျေးလက်မှ လက်ခံရရှိမှု မရှိသေးပါ။ အဓိကဖြစ်သော PP9 သည်လဲ ဆိုင်းငံ့အနေအထားတွင် ရှိနေပါသည်။

**ဝယ်ယူရေးအစီအစဉ်**

၁၁။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော်ပြပါ လုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်-

(က) G-120 Grievance Suggesting Box (၄၂၁၃) ခုအား ဝယ်ယူခဲ့ခြင်းအတွက် ငွေပေးချေမှု (၁၀%)အတွက် (၈-၁-၂၀၁၉) ရက်နေ့တွင် ငွေပေးချေမှုများပြုလုပ်ခြင်း၊

(ခ) G-93 Boat for Kani and Kyun Hla (၂)စီးအား ဝယ်ယူခဲ့ခြင်းအတွက် ငွေပေးချေမှု (၉၀%)အတွက် (၄-၂-၂၀၁၉) ရက်နေ့နှင့် (၁၀%)အတွက် (၃-၄-၂၀၁၈) ရက်နေ့ နှင့် (၆-၅-၂၀၁၉) ရက်နေ့တွင် ငွေပေးချေမှုများပြုလုပ်ခြင်း၊

(ဂ) G-92.1 30 Pick Up Double Cab (၉)စီးအား ဝယ်ယူခဲ့ခြင်းအတွက် ငွေပေးချေမှု (၉၀%) အတွက် (၂၄-၁-၂၀၁၉) ရက်နေ့တွင် ငွေပေးချေပြီး ၁၀%)အတွက် (၂၉-၃-၂၀၁၉) ရက်နေ့တွင် ငွေပေးချေမှုများပြုလုပ်ခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခုအတွက် Black and White Printer လက်ကျန် (၁၉)လုံးမှ တစ်လုံးစီ ဖြန့်ဝေပေးခြင်း၊

(င) G-104 Crash Helmet (၂၈၈၀)လုံးအနက်မှ စီမံကိန်းမြို့နယ် (၃၄) မြို့နယ်သို့ မော်တော်ဆိုင်ကယ်ဦးထုပ် (၉၅၂)လုံးအား သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ခွဲဝေပေးခြင်း၊

(စ) စီမံကိန်းပြီးဆုံးပြီဖြစ်သည့် မြို့နယ်(၆) မြို့နယ်မှ Toyota Hilux Double Cab (၆)စီးနှင့် ပြည်ထောင်စုအဆင့်တွင် အသုံးပြုလျှက်ရှိသည့် Landcruiser 4wd Pick Up Double Cab (၁)စီးတို့အား မြို့နယ် (၇) မြို့နယ်သို့ ပေးပို့ခြင်း။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၂။ နောက် သုံးလပတ် (ဧပြီ - ဇွန် ၂၀၁၉)

**PP9 အား သက်ဝင်လှုပ်ရှားမည်ဖြစ်ပါသည်။** ကနဦးဝယ်ယူရေးပစ္စည်းများအား ဝယ်ယူရေးကော်မတီသို့ နောက်ဆုံးသုံးသပ်ရန် တင်ပြပြီးဖြစ်ပါသည်။ နည်းပညာအကြံပေးအပိုင်းတွင် C 53 ပြည်နယ်/တိုင်းရုံး နည်းပညာအကြံပေးအတွက် နေရာ ၁၅ နေရာ အပြီးသတ်ပြီး ဖြစ်ပါသည်။ ကျေးလက်ရုံးမှ ကိုယ်ရေးရာဇဝင် စုစုပေါင်း ၈၀ ခု လက်ခံရရှိခဲ့ပါသည်။ ၄င်းထဲမှ ကိုယ်ရေးရာဇဝင် ၂၅ ခုအား အသေးစိတ်သုံးသပ်မှုအတွက် ရွေးချယ်ခဲ့ပါသည်။

**၅။ သင်တန်းအခြေအနေ**

၁၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုအဆင့်မှ M&E/MISမွမ်းမံသင်တန်း ၂ ခု၊ ဝေဖန်အကြံပြုမွမ်းသင်တန်း ၁ ခု၊ သတင်းပြန်ကြားဆက်သွယ်ရေးမွမ်းမံသင်တန်း ၁ ခု စသော သင်တန်းပေါင်း ၄ ခုအား ပြုလုပ်ခဲ့ပါသည်။ ၎င်းသင်တန်းများအား တက်ရောက်သူ ၂၉၉ ဦး (ကျေးလက် ၁၉၄ ဦး နှင့် မြို့နယ်အကြံပေး ၁၀၅ ဦး) ရှိခဲ့ပါသည်။

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အဆင့်သင်တန်းပေါင်း ၁၀၃ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၄၇၅၂ ဦး ရှိခဲ့ပါသည်။ မြို့နယ်အဆင့်တွင် သင်တန်းပေါင်း ၁၀ မျိုးရှိပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအဆင့်သင်တန်းပေါင်း ၁၈၀၀ ခုအား ပြုလုပ်ခဲ့ပြီး တက်ရောက်သူ ၇၇၁၇၇ ဦး ရှိခဲ့ပါသည်။ ကျေးရွာအဆင့်တွင်သင်တန်းပေါင်း ၇ မျိုးရှိပါသည်။
- သင်တန်းပေါင်း ၁၉၀၇ခု ပြုလုပ်ခဲ့ပြီး တက်ရောက်သူ၈၂၂၂၈ဦး ရှိခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း စုစုပေါင်းကုန်ကျငွေမှာ ၁၆၁၆၂၃၈၄၉ ကျပ်ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းရသော်၊ ပြည်ထောင်စုအဆင့်တွင် ကုန်ကျသောငွေမှာ ၃၃၂၉၉၂၀ ကျပ်၊ မြို့နယ်အဆင့်တွင် ကုန်ကျသောငွေမှာ ၃၃၀၄၄၃၇၉ ကျပ်၊ ကျေးရွာအဆင့်တွင် ကုန်ကျသောငွေမှာ ၁၂၅၂၄၉၅၅၀ ကျပ် ဖြစ်ပါသည်။
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ ဖြင့် စီမံကိန်းမြို့နယ် ၁၀ မြို့နယ်အတွက် သင်တန်း ၅ မျိုးအား ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့မှာ **Advance project Management** သင်တန်း, **Leadership** သင်တန်း**,PCM** သင်တန်း**, RC** သင်တန်း, **Gravity Flow Water Supply System**နှင့် **community failitation** သင်တန်းများဖြစ်ပါသည်။
- **ပြည်ထောင်စုအဆင့် သင်တန်းအဖွဲ့မှ မြို့နယ် ၁၂ မြို့နယ်အား TOF 2 နှင့်TOF 3 သင်တန်းများတွင် အထောက်အကူပေးရန် သွားရောက်ခဲ့ပါသည်။**

- **Comparison of Plan and Output of last quarter**

| Sr. | Plan | Achievement | Remark |
|---|---|---|---|
| 1 | **Training activities** | | |
| | TOT-1 and TOT-2 | Will be organized in second quarter and it will be combination training. | |
| | TOF 3 (4 days) | Y5, 2 Tsps (Kawkayeik, Hlaing Bwe)<br>Y 5 3 Tsps (Ingabu, Danuphyu, Maukme, Gwa) | |
| | TOF 2 (6 days) | Organized by Jan and Feb 2019<br>Maikhet, Gwa, Ponnagyun and Thegone | |
| | TOF 1 Refresher | Shwe Ku | |
| | TOF 3 Refresher | Paung, Nahtogyi | |
| | TMSR preparation | Tongzan, Putao, Shwegu, Mabein, ShweKyin, Kyun Hla and Kani | |

| 2 | **Training management and materials development** | | |
|---|---|---|---|
| | Revision of TOT refresher training materials | Refresher Training material was reviewed and translated during this quarter | |
| | Continued coordination and execution of the Training Program and Training Plan, including compiling training materials for all trainings in every NCDDP unit. | Organized as monthly basic. | |
| | Facilitating for 40K/15K capacity building fund for approval | ongoing | |

## Planning for next quarter (Apr-June'19)

| SN | Detail description | Participants | Time frame | Remark |
|---|---|---|---|---|
| 1 | TOT-1 (round 2)- 7 townships | TTA TL, TDRD TL, NPA, 1 other KE | April'19 | Discussed on 18th March and it will be organized as combined training |
| 2 | TOT-2 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | May'19 | |
| 3 | TOT-3 (16 townships) | TTA TL, TDRD TL, NPA, 1 other KE | May'19 | |
| 4 | TMSR support | | Apr-June'19 | Y 5, 4 Townships |
| 5 | TOF 3 | | Apr'19 | |
| 6 | TOF 1 & 2 Refresher | | Apr'19 | |

## Achievement of 40 K (Summary)

| Name of IP | Name of training and location | M | F | Total | Date | MMK | USD |
|---|---|---|---|---|---|---|---|
| VNG | Advance project management & leadership training (Bilin, Paung, Chaungsone) | 6 | 15 | 21 | Jan | 33,01,084 | |
| Cardno | Community Facilitation at Matupi | 39 | 17 | 56 | Jan | 559,000 | 1,270 |
| Cardno | Project Cycle Management training at Moenyo | 28 | 24 | 52 | Jan | 533,500 | |
| Cardno | Project Cycle Management training Mindon | 33 | 34 | 67 | Jan | 0 | 1,690 |
| Cardno | Project Cycle Management training at Kawhmu | 25 | 27 | 52 | Jan | 511,900 | |
| Cardno | Gravity Flow Water supply system (Matupi) | 11 | 8 | 19 | Feb | 0 | 1,320 |
| Cardno | Project Cycle Management training at Tongzan | 20 | 13 | 33 | Feb | 955,174 | 1,100 |
| Cardno | Project Cycle Management training at Paletwa | 47 | 36 | 83 | Feb | 877,500 | |
| Cardno | RC structure training at Kyarinseikgyi | 12 | 11 | 23 | Feb | 339,300 | |
| | **Total** | **221** | **185** | **406** | | **7,077,458** | **5,380** |

**တိုးတက်မှုနှင့် စိန်ခေါ်မှုများ**

- မြို့နယ်များမှ ပြည်ထောင်စုအဆင့်သို့ အစီရင်ခံစာပေးပို့ရန် နောက်ကျခြင်း နှင့် အချက်အလက် များ မစုံလင်ခြင်း။
- မြို့နယ်အဖွဲ့အချင်းချင်း သတင်းအချက်အလက်ကွာဟခြင်း

**မြို့နယ်များသို့ အကြံပြုချက်**

- မြို့နယ်မှာရှိတဲ့ မြို့နယ်မှူးနှင့် နည်းပညာမှူးများအား TOTsသင်တန်းအစား TOF 1နှင့် TOF2 သင်တန်းများ တွင်တွင်ကျယ်ကျယ် ပေးစေလိုပါသည်။
- လုပ်ဖော်ကိုင်ဖက်များမှ တိကျမှန်ကန်သော အချက်အလက်များအား ပြည်ထောင်စုအဆင့်သို့ ပေးပို့ရန်
- သင်တန်းများ၏ အမှန်တကယ်ကုန်ကျငွေအချက်အလက်အား ပြည်ထောင်စုအဆင့်သို့ ပေးပို့ပါရန်
- ပြည်ထောင်စုသို့ ပေးပို့သည့် အချက်အလက်များမှာ သက်ဆိုင်ရာမြို့နယ်များ၏ ကျေးလက်ဝန်ထမ်း + မြို့နယ်အကြံပေးဝန်ထမ်းများ ၂ဖက်စလုံးမှ သဘောတူထားပြီးသော အချက်အလက်များ ဖြစ်ရန်
- ပြည်ထောင်စုသို့ ပေးပို့သည့် အချက်အလက်များအား **focal NAT** ကိုလဲ ပေးပို့ရန်
- သင်တန်းလုပ်တိုင်း သင်တန်းအချက်အလက်များအား ဖြည့်သွင်းရန်
- ပြည်ထောင်စုအဆင့်မှ ပေးထားသည့် သင်တန်းလမ်းညွှန်အတိုင်း သင်တန်းများအားပေးရန်
- သင်တန်းသုံး သီးသန့် ဘတ်ဂျတ်ဖြစ်သော ကျပ် ၄၀၀၀၀ အစီရင်ခံစာအား သင်တန်းအဖွဲ့ရှိ minminzaw1090@gmail.com ထံသို့ လစဉ် ပထမအပါတ်တနင်္လာနေ့တိုင်း ပေးပို့ပါရန်

**၆။ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၁၄မ၅ဆ ။နှစ် စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်/တိုင်းနှင့် မြို့နယ် (၅၅) မြို့နယ် တို့ အား **M&E / MIS** နှင့် ပတ်သက်ဆက်နွယ်သော အသုံးပြုပုံများသင်တန်းအား ဇန်နဝါရီလတွင် ပြန်လည်ပို့ချပြီး ဖြစ်ပါသည်။

ဤကာလအတွင်းတွင် **GIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မှီ ပို့ကြပါသည်။ အနည်းငယ်သော ပြည်နယ်တိုင်းရုံးများသည် သုံးလပတ်အတွင် အစီရင်ခံစာ ပေးပို့ရာတွင် နှောင့်နှေး ကြန့်ကြာနေပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

(က) ဆ၌မနှစ် စီမံကိန်းစက်ဝန်းအတွက် မြို့နယ်သစ်(၁၆)မြို့အနက် စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသော မြို့နယ် (၁၀) မြို့နယ်တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇွန်လအတွင်း သင်တန်းပြန်လည်ပို့ချမည် ဖြစ် ပါသည်။

(ခ) စီမံကိန်းနောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| **သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု** | **သုံးသပ်ချက်နှင့်<br>ဆက်လက်ဆောင်ရွက်ချက်များ** |
|---|---|
| <u>MIS</u><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် ပြည်နယ်/တိုင်းနှင့် မြို့နယ် (၅၅) မြို့နယ် တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇန်နဝါရီလတွင် ပြန်လည်ပို့ချပြီး ဖြစ်ပါသည်။<br>• ပြည်နယ်/တိုင်း စီမံကိန်း တာဝန်ခံများ၊ မြို့နယ်များမှ စီမံကိန်းတာဝန်ခံများနှင့် နည်းပညာ အကြံပေး တာဝန်ခံများ မြို့နယ်(၅၅)မြို့ နယ်တို့အား သုံးလပတ် အစီရင်စာပြုစုခြင်း အလုပ်ရုံဆွေးနွေးပွဲ **M&E/ MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ အစည်းအဝေးအား **မတ်**လတွင် **ကျင်းပပြုလုပ်ပြီး** ဖြစ်ပါသည်။<br>• ပြည်နယ်/တိုင်း စီမံကိန်း M&E/MIS တာဝန်ခံများ၊ မြို့နယ်များမှ စီမံကိန်းM&E/MISတာဝန် ခံများနှင့် နည်းပညာအကြံပေး တာဝန်ခံများ မြို့နယ်(၃၉) မြို့နယ်တို့အား သုံးလပတ် **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ အစည်းအဝေးအား **မတ်**လတွင် **ကျင်းပပြုလုပ်ပြီး** ဖြစ်ပါသည်။<br><br><u>GIS</u><br>သုံးလပတ်အတွင်း ရှိသော သင်တန်းများတွင် ချိတ်ဆက်ပြီး<br>• **MIS**အချိန်နှင့်တပြေးညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်အကြား ကွာဟချက်များအားလုံး အချိန်နှင့် တပြေးညီစီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br><u>**အစီရင်ခံခြင်း**</u><br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။ | <u>MIS</u><br>• ဆဌမနှစ် စီမံကိန်းစက်ဝန်းအတွက် မြို့နယ်သစ်(၁၆)မြို့အနက် စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးသော မြို့နယ် (၁၀) မြို့နယ်တို့အား **M&E / MIS** နှင့် ပတ်သက် ဆက်နွယ်သော အသုံးပြုပုံများ သင်တန်းအား ဇွန်လအတွင်း သင်တန်းပြန်လည်ပို့ချမည် ဖြစ်ပါသည်။<br>• စီမံကိန်း နောက်ဆုံးနှစ်ရောက်ရှိနေသော စီမံကိန်းမြို့နယ်များအား ပြည်ထောင်စုအဆင့် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးသွားမည်ဖြစ်ပါသည်။<br><br><u>GIS</u><br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက် အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန်စစ်ဆေးရန်။ |

| | |
|---|---|
| • မြို့နယ်အချို့မှာ သုံးလပတ် အစီရင်ခံစာအား အချိန်မီ တင်ပြမှု အားနည်းသည်။ | |

## ၇။ သတင်းပြန်ကြားဆက်သွယ်ရေး

| Issues and Activities | Comments and Next Steps |
|---|---|
| *Activities this quarter (Jan to March 2019)* | *Next action plan (April to Jun 2019)* |
| • Township MSRများတွင် ပါဝင်ဆောင်ရွက်ခြင်း။<br>• IEC Material များဖြန့်ဝေခဲ့ခြင်း။<br>• Communications refresher training ကို ဖေဖော်ဝါရီလ ၁၉၊ ၂၀တွင် ပို့ချခဲ့ပါသည်။<br>• Collected project news published in printed media and websiteနှင့် သတင်းစာ မီဒီယာတွင် သတင်းပါရှိမှု အရေအတွက် ကောက်ခံခြင်းနှင့် စီမံကိန်းတွင် ဖော်ပြခြင်း။<br>• မြို့နယ်များ၏ Information Campaing ပွဲများကို စိစစ်ပေးခြင်း၊<br>• စီမံကိန်းအောင်မြင်မှုဇာတ်လမ်းများစုဆောင်းခြင်း။<br>• Updated Communications Strategy နှင့် Action Planကို စီမံခန့်ခွဲမှုကော်မတီနှင့် world bankသို့ တင်ပြခြင်း။<br>• မြို့နယ်(၂၀)မှ စည်းရုံးရေးမှူးများအတွက် အပြန်အလှန်လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း။ (11th March 2019 မှ စ၍ စေလွှတ်လျက် ရှိပါသည်။) | • ကျန်ရှိနေသော township MSR များတွင် ပါဝင်ဆောင် ရွက်ရန်၊<br>• ကျန်ရှိနေသော မြို့နယ်များမှ စည်းရုံးရေးမှူးများအား အပြန်အလှန် လေ့လာရေးခရီးများ စေလွှတ်ရန်၊<br>• Video editing training ကို မေလ ဖရက်နေ့မှ ၁ရက်နေ့အထိ ကျင်းပပြုလုပ်ရန်နှင့် ဒုတိယအကြိမ်အ ဖြစ် မေလကုန်ခန့်တွင် ဆောင်ရွက်ရန် (သင်တန်းသားများမှာ မြို့နယ် CSAG များနှင့် ပြည်နယ်/တိုင်း communications focalများ)<br>• မြို့နယ်Information Campainများ ပြုလုပ်မှုကို စိစစ်ရန်၊<br>• စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းခရီးစဉ်များ သွားရောက်ရန်၊<br>• စီမံကိန်း သတင်းများကို စီမံကိန်း website နှင့် social mediaတို့တွင် ဖော်ပြသွားရန်၊<br>• မြို့နယ်အဆင့် Communications Training Union Communications Teamမှ သွားရောက်ပို့ချရန် (အထူးသဖြင့် မြို့နယ်အသစ် ၁၆ မြို့နယ် အတွက်)<br>• project IEC materialများ ဝယ်ယူရန်။ |

**၈။ ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ**

၁၅။ ၂၀၁၉ ခုနှစ် ပထမ သုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၁၈၄၄ ခု လက်ခံရရှိပြီး အကြံပြုစာ **၃၄**စောင် ( **၂%**) သည် **"core grievances"** (စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြြင်း)) များဖြစ်သည်။ (၃၁-**၃**-၁၉)ရက်နေ့အထိ ၁၈၁၆ (၉၈ % )ဆောင်ကို ဖြေရှင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ (ဇယား ၈)

၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၁၉ ခုနှစ် မတ်လထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၁၉၈၆၉ စောင်လက်ခံရရှိပြီး ၁၉၈၄၁ (၉၈ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

- ဝေဖန်အကြံပြုတိုင်ကြားစာများကို ကျေးရွာအုပ်စုနှင့် ကျေးရွာ အဆင့်တွင် ၄၀၅(၂၂%)စောင်၊ မြို့နယ်အဆင့်တွင် ၁၂၉၅(၇၀%)စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ၈၈(၅%) စောင်နှင့် ပြည်ထောင်စုအဆင့်တွင် ၅၆(၃%) လက်ခံရရှိခဲ့ပါသည်။
- **ဝေ**ဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၈၃၁(၄၅%)စောင်၊ အမျိုးသမီး များမှ ၄၃၀(၂၃%)နှင့် ကျား/မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၅၈၃(၃၂%) စောင် လက်ခံရရှိခဲ့ပါသည်။
- **ဝေ**ဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၁၆၂၃(**၈၈%**)စောင်၊ လူကိုယ်တိုင် ၇၇(၄%)စောင်၊ တယ်လီဖုန်းဖြင့် **၈၃**(၄%)စောင်၊ ကျေးရွာအစည်းဝေးမှ ၁၂(၀.၆%)စောင်၊ **E-mail**ဖြင့် ၁၀(၀.၅%)စောင်၊ အကြံပြုကိုယ်စားမှတဆင့် ၃၉(**၂%**)စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ ၁၈၁၀(၉၈%)စောင်သည် ကျေးရွာအဆင့်မှ ဝေဖန်အကြံပြု တိုင်ကြားစာများဖြစ်သည်။

၁၆။ ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

ကျေးဇူးတင်စာများကို (၅)ရက်အတွင်း၊ မသင့်လျော်သော ဝင်ရောက် စွက်ဖက်မှု (လုပ်ပိုင် ခွင့်ကို အလွဲသုံးစားပြုခြင်း)စာများကို (၅)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများဆိုင်ရာ သာမန်မေးမြန်းစုံစမ်းခြင်းစားများကို(၈)ရက်အတွင်း၊ တာဝန်ယူနိုင်မှုပြင်ပတွင်ရှိသော ကိစ္စရပ်များအား (၈)အတွင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်းကို (၄၆)အတွင်း၊ ဝန်ထမ်းရေးရာနှင့် အခြား အကြောင်းအရာများကို(၉)ရက်အတွင်း၊ စီမံကိန်းမူဝါဒများ လုပ်ထုံးလုပ်နည်းများ ချိုးဖောက်ခြင်း များကို (၁၆)ရက် အတွင်း၊ သဘောတူစာချုပ်ချိုးဖောက်ခြင်းကို(၂၅)ရက်အတွင်းနှင့် အကြံပြုစာများကို (၉)အတွင်း ပျမ်းမျှဖြေရှင်း အကြောင်းပြန်နိုင်ခဲ့ပြီး သုံးလပတ်အတွင်း လက်ခံရရှိခဲ့သော ဝေဖန်အကြံပြု တိုင်ကြားစာအားလုံးကို ပျမ်းမျှ(၈)ရက်အတွင်း ဖြေရှင်းအကြောင်းပြန်နိုင်ခဲ့ပါသည်။

၁၇။ **Core Grievances** များကို အမျိုးအစားခွဲခြားခြင်း

- စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း- ၂၄ စောင်(၂၃စောင် ဖြေရှင်းပြီး၊ ၁ စောင် ဖြေရှင်းဆဲ)၊

- သဘောတူစာချုပ်ချိုးဖောက်ခြင်း- ၂ စောင်(ဖြေရှင်းပြီး)၊
- မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)-၇ စောင် (ဖြေရှင်းပြီး)၊
- ရန်ပုံငွေအလွဲသုံးစားပြုခြင်း- ၂ စောင် (၁စောင် ဖြေရှင်းပြီး၊ ၁စောင် ဖြေရှင်းဆဲ)။
- များဖြစ်သည်။
- ယခင်(၃)လပတ်မှ **Core Grievances** များတွင် စီမံကိန်း၏ ရန်ပုံငွေအလွဲသုံးစား ပြုခြင်း(၁)စောင်ကို ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါသည်။

၁၈။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်ချက်များ

- **Union Monitoring Visits;** တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အကြံပြုကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်မှုနှင့် ဝေဖန်အကြံပြုတိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ အကြံပြုတိုင်ကြားစာများနှင့်ပတ်သက်၍ မှန်ကန်တိကျသည့် အချက်အလက်များရရှိရန် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့သည် မြို့နယ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးစဉ် (၃)ခု သွားရောက်ခဲ့ပါသည်။
- ဖေဖော်ဝါရီလ ၂၀၁၉တွင် Refrecher Trainingကို CFAGဝန်ထမ်းအားလုံးနှင့် တိုင်းဒေသကြီး / ပြည်နယ် အဆင့်အကြံပြုကိုယ်စားလှယ်များအား ပို့ချခဲ့ပြီးဖြစ်ပါသည်။
- လာမည့်သုံးလပတ်အတွင်း စီမံကိန်းမြို့နယ်များနှင့် တိုင်း/ပြည်နယ်များသို့ Monitoring Field Trip များ သွားရောက်မည်ဖြစ်ပါသည်။
- Staffing; National GHM Expert သည် ယခုအချိန်အထိ လစ်လပ်လျက်ရှိပါသည်။

**၉။ ကျားမရေးရာနှင့်လူမှုဆိုင်ရာများ**

၁၉။ ကျားမရေးရာ မွမ်းမံသင်တန်းကို မြို့နယ်အသစ် ၁၆ မြို့နယ်မှTTA နှင့် ကျေးလက်ဝန်ထမ်းအသစ်များ၊ ပြည်နယ်တိုင်းအဆင့် ကျားမရေးရာ တာဝန်ခံများအား သင်တန်းများသို့ တတ်ရောက်စေခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျားမရေးရာ မွမ်းမံသင်တန်း ၃ရက် သင်တန်းအား သင်တန်းသား ၃၉ဦး (ကျား–၁၈၊မ–၂၁) ဦးဖြင့် ပို့ချပေးခဲ့ပါသည်။ သင်တန်း၏ ရည်ရွယ်ချက်မှာ ကျားမရေးရာ၏ သဘောတရားများကို သဘောပေါက်နားလည်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျားမရေးရာ၏ အရေးပါပုံကို သိရှိစေရန် ၊ ကျားမရေးရာ ခွဲခြမ်းဆန်းစစ်မှုများ သိရှိနားလည်လာပြီး လေ့ကျင့်အသုံး ပြုတတ်စေရန်၊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ် (စီဒေါ) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (NSPAW) အကြောင်းအရာများ သိရှိစေရန် ရည်ရွယ်ပါသည်။ ဤအခန်းကဏ္ဍနှင့်ပက်သက်၍ အခြားအဖွဲ့များမှ သင်တန်းပို့ချသူများအား ခေါ်ယူပြီးနိုင်ငံတကာ M&E ကျွမ်းကျင်သူမှ Data & MIS တွင် မည်သို့ထုတ်ရမည်ကိုလည်းကောင်း၊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (စီဒေါ) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်း(NSPAW)အကြောင်းအရာများ အသိအမြင် ကဏ္ဍတို့အား အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးမှ လည်းကောင်း၊ အခြားအဖွဲ့အစည်းများမှ သင်တန်းတွင် ပူးပေါင်းပါဝင်၍ အမျိုးသမီးများအခွင့်အရေးတိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒ နှင့်

ပက်သက်၍ လူထုဗဟိုပြု စီမံကိန်း နှင့် ချိတ်ဆက်ခြင်း၊ အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ခြင်းများ အား သင်တန်းသားများအနေဖြင့် ပိုမိုသိရှိနားလည်စေရန် ပူးပေါင်းပါဝင် ဆွေးနွေးခဲ့ပါသည်။

ကျားမရေးရာအဓိကဆောင်ရွက်သူမြို့နယ် (၅၄)မြို့နယ်မှ ကျေးလက်ဦးစီး ဝန်ထမ်းများနှင့် မြို့နယ် နည်းပညာအကြံပေးများနှင့် ကျားမရေးရာ သုံးလပတ် အစည်းအဝေးအား(၂)ရက် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတတ်ရောက်သူ (၉၅) ဦး (ကျား၄၈ဦး၊ မ၄၇ဦး) တတ်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံများ နှင့် ပူးပေါင်း၍ ကျားမရေးရာ ဆန်းစစ်ချက်များအကြောင်း ဆွေးနွေးခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော မတ်လ (၈) ရက်နေ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကော်မတီဝင်များ တက်ရောက်ပေးရန် နှင့် ပြခန်းပြုလုပ်နိုင်ရန် ဖိတ်ကြားလာသဖြင့် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ် မြို့နယ်မှ ကော်မတီဝင် (၁၀)ဦးစီ ၊ ပြည်ထောင်စုအဆင့်မှ တာဝန်ခံများ စုစုပေါင်း (၃၀)ဦး တက်ရောက်ခဲ့ပြီး လူထုဗဟိုပြု စီမံကိန်းရှိ အမျိုးသမီးများ၏ အောင်မြင်မှုများ ပြသခဲ့ပါသည်။

မြို့နယ်အဆင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကန်ပိန်းအား မြို့နယ် (၅၂) မြို့နယ်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ UN-Womenနှင့် Genအဖွဲ့မှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် သက်ဆိုင်သော ပစ္စည်းများကိုမြို့နယ်(၅၂)မြို့နယ်အား ထောက်ပံ့ပေးခဲ့ပါသည်။ မြို့နယ်များမှလည်းသက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ CSOs များနှင့် ပူးပေါင်းလုပ်ဆောင်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

### ၂၀။ အခက်အခဲများနှင့်ကန့်သက်ချက်များ
### စောင့်ကြည့်လေ့လာခြင်းနှင့်အချက်အလက်များစုဆောင်းခြင်း
### Monitoring and data collection

- ကျားမရေးရာလစဉ်အစီရင်ခံစာကို အခါအားလျော်စွာ မြို့နယ် TA/DRD ကျားမရေးရာ အဓိကဆောင်ရွက်သူများနှင့် ဆွေးနွေးသည့်အချက်အလက်များအပေါ် update ပြုလုပ်ခြင်း၊ စိစစ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၄င်းအချက်အလက်များသည် ကော်မတီများမှမြို့နယ်၊ မြို့နယ်များမှ ပြည်နယ်တိုင်းသို့ ကောက်ယူခဲ့ပါသည်။ ပြည်ထောင်စုအဆင့်မှ သုံးလပတ်အတွင်း ထိုကောက်ယူထားသော အချက်အလက်များအား အခြေခံပေါင်းစပ်ခြင်းနှင့် စိစစ်ပိုင်းခြားခြင်းများ ပြုလုပ်ပါသည်။

- (နောက်ဆက်တွဲ(၂)တွင်အသေးစိတ်ဖော်ပြထားပါသည်)

- ပြည်ထောင်စုအဆင့်မှ ကျားမရေးရာတာဝန်ခံများ ပူတာအိုမြို့ရှိ ရွာ(၃)ရွာ သွားရောက်ခဲ့ပြီး ကျေးရွာကော်မတီဝင်များ ကျေးရွာလူထုများသည် ကျားမရေးရာကဏ္ဍနှင့် ပက်သက်၍ အုပ်စုဖွဲ့ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး CFs/TFs များမှစီမံကိန်း အကောင်အထည်ဖော်စဉ်အတွင်း ရင်ဆိုင်ရသည့် အခက်အခဲများအား ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးကြပါသည်။

- ကွင်းဆင်းတွေ့ရှိချက်များအရ ဝယ်ယူရေးကော်မတီဝင်မှ စီမံကိန်း ရန်ပုံငွေရရှိမှု နောက်ကျသဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရသဖြင့် ဈေးနှုန်းများတွင် ရန်ပုံငွေအား မိုးတွင်းကာလမတိုင်မီ စောစီးစွာရရှိပါက အဆင်ပြေနိုင်ကြောင်း ဆွေးနွေးခဲ့ပါ သည်။

- လည်ပတ်ထိမ်းသိမ်းရေးအမျိုးသမီးကော်မတီဝင်တစ်ဦးမှ စီမံကိန်းတွင် လုပ်အားခ တန်းတူရရှိသဖြင့် ကျေနပ်မိကြောင်း ကျားမရေးရာသင်တန်းကို တက်ရောက်ရသဖြင့်လည်း ဗဟုသုတအတွေ့အကြုံများနှင့် ပိုမိုအမြင်ကြယ်လာကြောင်း စီမံကိန်းလုပ်ငန်းတိုင်းတွင် အမျိုးသမီးရွေးချယ်သော လုပ်ငန်းတစ်ခုပါဝင်ရမည့်အချက်သည် အမျိုးသမီးများကို ပိုမိုခွန်အားဖြစ်စေသဖြင့် လူထုဗဟိုပြု စီမံကိန်းကို ကျေးဇူးတင်ပါကြောင်း ပြောကြားဆွေးနွေးခဲ့ပါသည်။

## ၂၁။ အထောက်အပံ့များထောက်ပံ့ခြင်း

**Development of Materials**

- Gender Manual နှင့်  Gender Checklist ကို Review ပြန်လုပ်ထားပြီးဖြစ်ပြီး Gender Success Story စာအုပ်အား မေလထဲ အပြီးသတ်နိုင်ရန် ဆောင်ရွက်နေပါသည်။

## ၂၂။ မြို့နယ်များမှသင်တန်းများပို့ချခြင်း

**Training from township:**

- အစီရင်ခံသည့်ကာလအတွင်း မြို့နယ်(၂၅) မြို့နယ်များတွင် ကျားမရေးရာမွမ်းမံသင်တန်းအား ကျင်းပခဲ့ပြီး CFs/TFs ပေါင်း ၉၅၃ ဦးတို့သည် မြို့နယ်အဆင့်ကျားမရေးရာ သင်တန်းအား လက်ခံရရှိခဲ့ပါသည်။
- မြို့နယ် (၁၂)မြို့နယ်ရှိ ကော်မတီဝင်များသည် ကျေးရွာအဆင့် ကျားမရေးရာ အသိပညာ သင်တန်းအား စုစုပေါင်း (၄၇၆၉ )ဦး ရရှိခဲ့ပါသည်။

## ၂၃။ စောင့်ကြည့်ခြင်းနှင့်ကောက်ယူခြင်း၏ရလဒ်များ

- *အချို့နေရာများ တွင်ကျေးရွာမှလူထုလုပ်အားဖြင့် ပူးပေါင်းပါဝင်နိုင်ခဲ့ပြီး သတ်မှတ် လမ်းပေရှည်ထက် ပိုမိုရရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကာ ကျား/မတန်း လုပ်အားခပေးချေရာတွင်လည်း ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့လာသည်ကို တွေ့ရှိရပါသည်။*
- *အမျိုးသမီးကဦးဆောင်၍ဆွေးနွေးနိုင်ခဲ့ခြင်း၊ အုပ်စုဥက္ကဋ္ဌတစ်ဦးဖြစ်လာသောကြောင့် အခြားကျေးရွာများမှ လေးစားစွာဆက်ဆံလာကြခြင်းနှင့် အကြံပြုမှုများကို လေးစားလိုက်နာကြခြင်း၊ အခြားကျေးရွာများ သို့သွားရောက်၍ အကြံဉာဏ်ပေးလာနိုင်ခြင်း*
- *အမျိုးသမီးများသည် စီမံကိန်းတွင် ကိုယ်တိုင်ကိုယ်ကျဦးဆောင်တက်စေပြီး စီမံကိန်း လုပ်ငန်းများ သာမက မိသားစုစီးပွားရေးတွေမှာပါ အကြံဉာဏ်ကောင်း ပေးလာနိုင်တာကို တွေ့ရပါသည်။*
- *စီမံကိန်းလုပ်ငန်းခွဲများတွင် ပါဝင်လုပ်ကိုင်သော အမျိုးသမီးများအတွက် အုတ်စီခြင်း၊ ဘိလပ်ဖျော်ခြင်း၊ သဘော်ဆေးဖျော်စပ်ခြင်း နည်းပညာဗဟုသုတများရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ လုပ်အားခတန်းတူရရှိသည့်အတွက် မိသားစုဝင်ငွေလည်းရရှိပါသည်*

- *လစဉ်အစီရင်ခံစာများအရ ကျေးရွာအားလုံး၏၂၀% မှ ၃၀% သည်မော်တော်ဆိုင်ကယ် နှင့် အခြား အထောက်အပံ့ပစ္စည်းများသုံးစွဲခြင်းနှင့် ခရီးသွားလာရာတွင် အမျိုးသမီးကော်မတီဝင်များ အနေဖြင့် လုံခြုံရေးအရအခြားအဖော်ဖြင့်သွားလာနေရပါသည်။*
- *CF များ၏အကြံပြုချက်အရ စီမံကိန်းနှင့်ပက်သက်၍ ကျား/မတန်းတူ ညီမျှမှုရှိသော်လည်း အိမ်တွင်း ကျား/မရေးရာကဏ္ဍများတွင် ထဲထဲဝင်ဝင်ဆောင်ရွက်မှု အားနည်းနေသေးခြင်း။ အချို့ကျေးရွာများ တွင် အစည်းအဝေး များပြုလုပ်ရာတွင် ကော်မတီနှင့် ကျေးရွာလူထုတို့မှ ခရီးလွန်မှုများရှိသဖြင့် အစည်းအဝေး တက်ရောက်မှု ရာနူန်းပြည့်မရှိပေ။*
- *ကျားမရေးရာသင်တန်းများကို ကော်မတီဝင်များကိုသာမက ကျေးရွာလူထုကိုပါ အသိပေးပြောဆိုခြင်း များ ပြုလုပ်ပေးစေလိုကြောင်းတွေ့ရပါသည်။ စီမံကိန်း(၄)နှစ် ပြီးသွားလျှင်လည်း အမျိုးသမီး ကွန်ရက် အားဆက်လက်တည်ရှိစေလိုကြောင်း အကြံပြုထားသည်ကို တွေ့ရပါသည်။*

**နောင်ဆောင်ရွက်မည့်အဆင့်များ**

**မြို့နယ်အဆင့်**

- TA/DRD
- မြို့နယ်ကျားမရေးရာအစီရင်ခံစာအား ပြည်တိုင်းအဆင့်သို့ပေးပို့ခြင်း ပြည်ထောင်စုအဆင့်သို့ မိတ္တူပေး ခြင်း
- ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်ကော်မတီများအတွက် ကျားမရေးရာသင်တန်းအား မြို့နယ် နည်းပညာမှူး TA များမှဦးဆောင်၍ CFများမှလုပ်ငန်းခွင်သင်တန်းအား ဆက်လက်ပို့ချခြင်း
- CFများမှကျားမရေးနှင့်ပတ်သက်သည့် အတွေ့အကြုံ သင်ခန်းစာများ အခက်အခဲများ လစဉ်အစည်း အဝေးတွင် အစီရင်ခံခြင်း
- public Dialogue ကျင်းပခြင်း

**ပြည်နယ်/တိုင်းအဆင့်**

- လစဉ်အစီရင်ခံစာအား ပြည်ထောင်စုအဆင့်သို့ တင်ပြခြင်း၊ ကျေးရွာအဆင့် ကျားမရေးရာ အသိပညာ တိုးတက်လာမှု အောင်မြင်မှုရလဒ်များပါဝင်သည့် စောင့်ကြည့်ရေးခရီးစဉ်များ ဆောင်ရွက်ခြင်းနှင့် မြို့နယ် TA/DRD များမှ စီမံကိန်းနှင့် အဆက်စပ်ရှိသည့် ကျားမရေးရာစောင့်ကြည့်ခြင်းဆိုင်ရာ စီမံကိန်း များအား ပြည်ထောင်စုအဆင့်သို့ ပြန်လည်အစီရင်ခံခြင်း

***ပြည်ထောင်စုအဆင့်***

- မေလအတွင်း မြို့နယ်တစ်မြို့နယ်အား ရွေးချယ်ကာ public Dialogue ပြုလုပ်သွားမည် ဖြစ်သည်။

ပြည်ထောင်စုအဆင့် ကျားမရေးရာတာဝန်ခံများအား အမြန်ခန့်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

မြို့နယ်အသစ် ၁၆ မြို့နယ်အတွက် ဇန်နဝါရီလအတွင်း ပြည်နယ်/တိုင်းမှ HO, မြို့နယ်ကျေးလက် TTA, TTA(team leader), M&E/MISတို့နှင့် VDPအစည်းအဝေး ကျင်းပခဲ့ပါသည်။ ဝွနှင့် မိုင်းခတ်မြို့နယ်များအား VDPပြီးစီးမှုအတွက် နှိုင်းယှဉ် လေ့လာခဲ့ပါသည်။ Phase out guideline အတွက် လုပ်ငန်းပြီးစီးသည့် မြို့နယ်များမှ ပြည်နယ်/တိုင်း စီမံကိန်းတာဝန်ခံ၊ မြို့နယ်ကျေးလက်(TTA), TTA(team leader), M&E/MIS တာဝန်ခံတို့နှင့် VDPကိစ္စ ဆွေးနွေးခဲ့ပါသည်။

**တွေ့ရှိချက်များ(ဝွ)**

၂၄။ ဝွမြို့နယ်တွင် ယခင် Lift၏ နည်းပညာအကူအညီဖြင့် DRDမှ ရေးဆွဲထားသော ကျေးရွာပေါင်း (၁၆၆)ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များအနက်မှ ၁၀%နှုန်းအားယူ၍ လူထုဗဟိုပြုစီမံကိန်း(CDD)မှ မွမ်းမံထားသည့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များတွင် တွေ့ရှိရသော ကွာခြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ယခင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မွမ်းမံရေးဆွဲရာတွင် လူထုဗဟိုပြုစီမံကိန်း၏ အကျုံးဝင်သည့် ခေါင်းစဉ်အောက်တွင် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ရေနှင့်သန့်ရှင်းရေးကဏ္ဍ၊ အခြားကဏ္ဍ(ဥပမာ-ရွာပိုင် အဆောက်အအုံ)တို့တွင် လုပ်ငန်းများ တိုးတက်တောင်းဆိုလာသည်ကို တွေ့ရှိရပြီး လူထုဗဟိုပြုစီမံကိန်း၏ အကျုံးမဝင်သည့် ခေါင်းစဉ်အောက်ရှိ သက်မွေးဝမ်းကျောင်း လုပ်ငန်းများကဏ္ဍအား ကျေးရွာများမှ တိုးတက်တောင်းဆိုလာသည်ကို တွေ့ရှိရပြီး CDDတွင် အကျုံးမဝင်သည့် အကြီးစားတောင်းဆိုမှုများဖြစ်သည့် ဆည်မြောင်းတာတမံလုပ်ငန်းများအား CDD၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အား ပြည်လည်မွမ်းမံရာတွင်လည်း ကျေးရွာများမှ ဆက်လက်တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရသည်။

Data comparisonပြုလုပ်ရန် ရွေးချယ်ထားသော (၁၇)ရွာအနက် ကျေးရွာ(၁၂)ရွာတွင် ယခုနှစ်တွင် ပထမနှစ်တွင် လုပ်ငန်းပေါင်း(၁)ခု အကောင်အထည်ဖော် ဆောင်ရွက်ပြီး ကျန်ရှိသော (၅)ရွာတွင် ယခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ဝွမြို့နယ်၏ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်အရ ထိုကျေးရွာ(၅)ရွာအနက် ရေကျော်ကျေးရွာအုပ်စု၊ ကန်ပေါက်ကျေးရွာတွင် TPICမှ land issur ရှိခြင်းကြောင့် ပထမနှစ် စက်ဝန်းတွင် စီမံကိန်းလုပ်ငန်းခွဲအား အတည်မပြုခြင်း၊ မကျောင့်ကူကျေးရွာအုပ်စု၊ ချမ်းသာကျေးရွာသည် အိမ်ခြေ(၉)အိမ်သာ ရှိသည့်အတွက် ရွှေရချိုင်ကျေးရွာနှင့် ပေါင်း၍ ရေရရှိရေးလုပ်ငန်း(စက်ရေတွင်း၂ခု)၊ ဒုတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ခြင်း၊ ပေါက်တူကျေးရွာအုပ်စု၊ ကန်ကျင်းကျေးရွာ၊ ခနိကျေးရွာအုပ်စု၊ ကျွဲကူးဆိပ်ကျေးရွာနှင့် ဒေါင့်ချောင်း ကျေးရွာအုပ်စု၊ ကွင်းကြီးကမ်းနားကျေးရွာများသည် အုပ်စုတွင်းကျေးရွာများသည့်အတွက် အလှည့်ကျစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သောကြောင့်ဟု သိရှိရပါသည်။

**သုံးသပ်ချက်(၄)**

၂၅။ မွမ်းမံထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွင် ကျေးရာများမှ တောင်းဆိုထားသည့်အချို့သော ကဏ္ဍများလျော့ကျသွားရခြင်းမှာ မြေပြင်ကွင်းဆင်းတွေ့ရှိချက်နှင့် အချက်အလက်များအရ ယခင်ရေးဆွဲခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ယခု မွမ်းမံပြင်ဆင်သည့်အချိန်တွင် ကာလအတွင်း ထူးခြားမှုအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဌာနမှ အုပ်စုကျေးရွာများတွင် ကျေးလက်ဆေးပေးခန်းများအား ကျန်းမာရေးဌာန၏ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ပြီးစီးသွားသော လုပ်ငန်းများရှိသောကြောင့် လူထုဗဟိုပြုစီမံကိန်း ဝင်ရောက်၍ မွမ်းမံပြင်ဆင်သည့်အခါ အဆိုပါကဏ္ဍတွင် လုပ်ငန်းတောင်းဆိုမှုများ လျော့နည်းသွားရခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ပြည်လည်မွမ်းမံရာတွင် လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်ပေးနိုင်သည့် အကျုံးဝင်သော အခြေခံအဆောက်အဦလုပ်ငန်းများဖြစ်သည့်(လမ်း၊တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ကျေးရွာပိုင်အဆောက်အဦများ၊ ကျောင်းအဆောက်အဦ)နှင့် ပတ်သက်၍ ပိုမိုဆွေးနွေးကာ လုပ်ငန်းများ ထပ်တိုးတောင်းဆိုလာသည်ကို သုံးသပ်တွေ့ရှိရပါသည်။

**တွေ့ရှိချက်များ(မိုင်းခတ်)**

၂၆။ မိုင်းခတ်မြို့နယ်တွင် ယခင် Lift၏ နည်းပညာအကူအညီဖြင့် DRDမှ ရေးဆွဲထားသော ကျေးရွာပေါင်း (၁၂၈)ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များအနက်မှ ၁၀%နှုန်းအား ယူ၍ လူထုဗဟိုပြုစီမံကိန်း(CDD)မှ မွမ်းမံထားသည့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များတွင် တွေ့ရှိရသော ကွာခြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ယခင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မွမ်းမံရေးဆွဲရာတွင် လူထုဗဟိုပြုစီမံကိန်း၏ အကျုံးဝင်သည့် ခေါင်းစဉ်အောက်တွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ရေနှင့်သန့်ရှင်းရေးကဏ္ဍ၊ အခြားကဏ္ဍ(ဥပမာ-ရွာပိုင် အဆောက်အအုံ)တို့တွင် လုပ်ငန်းများ တိုးတက်တောင်းဆိုလာသည်ကို တွေ့ရှိရပြီး လူထုဗဟိုပြုစီမံကိန်း၏ အကျုံးမဝင်သည့် ခေါင်းစဉ်အောက်ရှိ သက်မွေးဝမ်းကျောင်း လုပ်ငန်းများကဏ္ဍအား ကျေးရွာများမှ တိုးတက်တောင်းဆိုလာသည်ကို တွေ့ရှိရပြီး CDDတွင် အကျုံးမဝင်သည့် အကြီးစားတောင်းဆိုမှုများဖြစ်သည့် ဆည်မြောင်းတာတမံလုပ်ငန်းများအား CDD၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အား ပြည်လည်မွမ်းမံရာတွင်လည်း ကျေးရွာများမှ ဆက်လက်တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရသည်။

Data comparisonပြုလုပ်ရန် ရွေးချယ်ထားသော (၁၂)ရွာအနက် လူထုဗဟိုပြုစီမံကိန်းမှ ပထမနှစ်တွင် ကျေးရွာ(၈)ရွာ လုပ်ငန်းပေါင်း(၈)ခု အကောင်အထည်ဖော် ဆောင်ရွက်ပြီး ကျန်ရှိသော (၄)ရွာကို ယခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသည်များ တွေ့ရှိရပါသည်။ မိုင်းခတ်မြို့နယ်၏ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်အရ ထိုကျေးရွာ(၄)ရွာ ဖြစ်သည့် မိုင်းကာကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာ၊ မိုင်းနှုံးကျေးရွာအုပ်စု၊ ဝမ်ကျန်ကျေးရွာ၊ မိုင်းဟန်ကျေးရွာအုပ်စု၊ ဖားငင်နေကျေးရွာနှင့် ဝမ်အွန်ကျေးရွာအုပ်စု၊ ဝမ်ကျန်ကျေးရွာများသည် အုပ်စုတွင်း ကျေးရွာများသည့်အတွက် အလှည့်ကျစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သောကြောင့်ဟု သိရှိရပါသည်။

**သုံးသပ်ချက်(မိုင်းခတ်)**

၂၇။ မွမ်းမံထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွင် ကျေးရာများမှ တောင်းဆိုထားသည့်အချို့သော ကဏ္ဍများလျော့ကျသွားရခြင်းမှာ မြေပြင်ကွင်းဆင်းတွေ့ရှိချက်နှင့် အချက်အလက်များအရ ယခင်ရေးဆွဲခဲ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ယခု မွမ်းမံပြင်ဆင်သည့်အချိန်တွင် လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်ပေးနိုင်သည့် အကျိုးဝင်သော အခြေခံအဆောက်အဦလုပ်ငန်းများဖြစ်သည့် (လမ်း၊တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ကျေးရွာပိုင်အဆောက်အဦများ၊ ကျောင်းအဆောက်အဦ)နှင့် ပတ်သက်၍ ပိုမို ဆွေးနွေးကာ လုပ်ငန်းများ ထပ်တိုးတောင်းဆိုလာသည်ကို သုံးသပ်တွေ့ရှိရပါသည်။

**VDP Workship ပြုလုပ်မည့် မြို့နယ်များ၏ဇယား**

| Months | May | June | July | Aug | Sep |
|---|---|---|---|---|---|
| Tsp Name | Thabaung | Shwegu | Mindon | Thannintharyi | Banmauk |
| | Kani | | Nyaung-U | Kyangin | Kyaukkyi |
| | Danubyu | | Chaungzon | Kawhmu | Thegon |
| | Maukmai | | Demoso | Ngazun | Shwegin |
| | | | Mabein | Monyo | Kyunhla |
| | | | Myaung | Bilin | Ponnagyun |
| | | | Paletwa | Kyarseikgyi | Tonzung |
| | | | | Putao | Lewe |
| | | | | Hpruso | |
| | 4 | 1 | 7 | 9 | 7 |

**နောင်ဆောင်ရွက်မည့်အဆင့်များ**

၂၀၁၉မှာ VDPမြို့နယ် ၂၈မြို့နယ်အား အကောင်အထည်ဖော် ဆောင်ရွက်ကြပါမည်။

**၁၁။ သိပညာနှင့် လေ့လာသင်ယူခြင်း**

| | **သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု** | **ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ** |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ပဉ္စမနှစ်မြို့နယ် ၆၁ မြို့နယ် အတွက် လူထုစစ်ဆေး ၉၀၀၁ အနက် ၇၈၂၄(၈၆.၉၂%) ပြီးစီးခဲ့ပါသည်။ • ကာလအဆုံး၌ ဆဌမနှစ်မြို့နယ် ၅၄ မြို့နယ် အတွက် လူထုစစ်ဆေး ၆၂၆၄ အနက်၅၂၂(၈.၃၃%) ပြီးစီးခဲ့ပါသည်။ | • ဆဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလပတ် အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက်အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေး** | |

| | နွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM) | |
|---|---|---|
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ် နိုင်ခဲ့ပါသည်။ အစည်း အဝေး အားလုံးသို့ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ရုံးမှ အနည်းဆုံး တာဝန် ရှိသူတစ်ဦးမှ တက် ရောက်နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထု စစ်ဆေးပွဲ ၈၀.၁၀% ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပပြုလုပ်နိုင်ပါသည်။<br>• **ပြည်ထောင်စုအဆင့်MSR**။ **Union QR Meeting**အား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ **UMSR** မတိုင်မီ (၁) **CF/TF** ဖိုရမ်၊ (၂) ကျွမ်းကျင် ပညာရှင် များ ဖိုရမ်၊ (၃) **ICDDE /NPA / UTA**ဖိုရမ် တို့ ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းမြို့နယ်များသို့ ဖေဖော်ဝါရီလအတွင်း **Union** အဖွဲ့နှင့် **WB** အဖွဲ့တို့သည် စောင့်ကြည့်အကဲဖြတ်ခြင်း ဆိုင်ရာ ကျေးရွာလူထုနှင့်တွေ့ဆုံ၍ လုပ်ငန်း အခက်အခဲများအား ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါ သည်။ | • လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ်အမြောက် အများ၏ **MSR** များကို ကျင်းပပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများပြားလာ ခြင်းကြောင့် **UMSR** လုပ်ငန်းစဉ်တွင် တက်ရောက် သူများနှင့် အစည်းအဝေး အရေအတွက်များကို ကိုင်တွယ်နိုင်ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ပဥ္စမနှစ် ကျေးရွာဖွံ့ ဖြိုးရေး အစီအစဉ် စုစုပေါင်း ( ၁၁၇၅၅ ) ခု အနက် (၁၁၅၇၇) ပြီးမြောက်သည့်အတွက် ၉၈% ပြီးမြောက်ခဲ့ပါသည်။ ဆဋ္ဌမနှစ် ကျေး ရွာဖွံ့ဖြိုးရေးအစီအစဉ် စုစုပေါင်း (၁၀၀၆၅) ခု အနက် (၆၈၅၈) ပြီးမြောက်သည့်အတွက် ၆၉% ပြီးမြောက်ခဲ့ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

### ၁၂။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | ဝန်ထမ်း အင်အားစာရင်းအား ဇယား ဖြင့် ဖော်ပြ ထားပါသည်။ **မတ်**လတွင် **ISM 18** ပြုလုပ်ခဲ့ပါသည်။(၃)လပတ် အစည်းအဝေး အားပြည်နယ်/ တိုင်းတာဝန်ခံများနှင့် မြို့နယ်မှ တာဝန်ခံများ သုံးသပ်ဆွေးနွေးပွဲကို မတ်လတွင် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေ အနေမှာ ၃၁/၃/၁၉ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက်ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ် ၁၆ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေအနေအချို့သော ခွြင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြရမည်။ |

### ၁၃။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၂၈။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၁၁၃၆ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား ၂ဖြင့် ဖော်ပြထားပါသည်။ လူမှုဆိုင်ရာ အကာအကွယ်နှင့်ပတ်သက်၍ အသေးစိတ်အား ဇယား- ၃ ဖြင့်ဖော်ပြထားပါသည်။

### ၁၄။ အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ

၂၉။ (က) **စီမံကိန်းမှ ထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းတွင် အသုံးပြုလျှက်ရှိသော ပရင်တာများ၊ ကွန်ပြူတာများနှင့် မိတ္တူစက်များမှာ ပုံမှန် ပြုပြင်ရန် အခက်အခဲများရှိနေသဖြင့် အသုံးပြုရာတွင် အခက်အခဲများ ရှိနေပါသည်။ ရုံးသုံးမော်တော်ဆိုင်ကယ်များပြုပြင်ရာတွင် အစားထိုးလည်းလှယ်ရမည့် ပစ္စည်းများ ဝယ်ယူရာတွင် မြို့နယ်အတွင်းဝယ်ယူမရသည့်အတွက် ပြုပြင်ရာတွင် အချိန်ကြန့်ကြာမှုများ ရှိပါ

သည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ပြီး ဝယ်ယူရေးအရာရှိမှာ လစ်လပ်နေသည့်အတွက် ရုံးသုံး မော်တော်ဆိုင်ကယ်များအား ပြုပြင်ရန်အတွက် အခက်အခဲများရှိနေပါသည်။

**ပန်းတောင်းမြို့နယ်**

SAMSUNG Brand ရုံးသုံး Electronics ပစ္စည်းများ (Photo Copier, Fax & Scanner)သည် အပိုပစ္စည်းများ ရှားပါးပြီး ပြန်လည်ပြုပြင်ရန် နည်းပညာကျွမ်းကျင်သူ မြို့နယ်တွင်းတွင် ရှားပါး ပါသည်။ LENOVO (i7) Laptop များ၏ Software များ Updateပြုလုပ်ရန် လိုအပ်ခြင်းနှင့် Internet ချိတ်ဆက်သုံးစွဲရာတွင် အခက်အခဲများရှိပါသည်။

**ရွှေကျင်မြို့နယ်**

စီမံကိန်းမှ ထောက်ပံ့ထားသော ဆိုင်ကယ်(၁၂၅)စီးအတွက် ပြင်ဆင်ရန် လိုအပ်သော ပစ္စည်း များရရှိနိုင်မှု ခက်ခဲပါသည်။

**မန္တလေးတိုင်းဒေသကြီး**

Computer များမှာ ရုံးချုပ်မှ IT Assistant လာရောက်ပြုပြင်သော်လည်း Window Software မှာ Out of Date ဖြစ်နေသဖြင့် Software Updated ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

**ငါန်းဇွန်မြို့နယ်**

Laptop (၁)လုံး ဘတ္ထရီ မကောင်းပါ။ စာရင်းဖိုင်များ သိမ်းဆည်းရန်အတွက် ဗီဒို (၁၀)လုံးခန့် လိုအပ်ပါသည်။

**ညောင်ဦးမြို့နယ်**

ဘီရိုများမလုံလောက်ခြင်းနှင့် ဘီရိုတံခါးများခိုင်ခံ့မှုမရှိခြင်း၊ ဖိုင်များထားရှိရန် စာအုပ် စင်များ (သို့မဟုတ်)ဘီရိုများလိုအပ်နေပါသည်။ ဆိုင်ကယ်များပြင်ဆင်ရန် လိုအပ်လျှက်ရှိပြီး ကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်လျှက် ရှိပါသည်။

**ပျော်ဘွယ်မြို့နယ်**

ပျော်ဘွယ်မြို့နယ်မှ CDD Project အတွက်ပေးထားသော NEC Desktop Computer / Laptop Computer ( 5 ) လုံးအားUnion အစီအစဉ်ဖြင့် IT မှ မြို့နယ်ရုံးသို့ လာရောက်ပြင်ဆင် ပေးသွားခဲ့ပါသည်။ Desktop Computer (၁)လုံးမှာ ဂရပ်ဖစ်ကဒ် မကောင်း၍ ရုပ်မထွက်ဘဲ ဖြစ်နေပါသည်။ စီမံကိန်းမှ ပံ့ပိုးပေးထားသော Cannon 1800 အမှတ်တံဆိပ် Colour Printer သည် ကာလာ(၆)ရောင်မှာ ကာလာ ( ၁ )ရောင် ပျောက်နေပါသဖြင့် အသုံးပြုမရ ဖြစ်နေပါသည်။ နေပြည်တော်သို့ အကြောင်းကြားပြီး Linn Service Center သို့ ပေးပို့ခဲ့သော်လည်း အသုံးပြုမရ ဖြစ်နေခဲ့ပါသည်။

မိတ္ထီလာသို့ ပေးပို့ထားသော်လည်း ပစ္စည်းအခက်အခဲကြောင့် ယနေ့ချိန်ထိ မရရှိသေးပါ။ စီမံကိန်းအတွက် လိုအပ်သော ကိစ္စများအတွက် အပြင်ဆိုင်တွင် ငွေပေးကူးနေရ၍ ငွေကြေးကုန်ကျမှုများရှိပါသည်။ Unionမှ အသစ် ပံ့ပိုးထားသော Cannon Printer (၂)လုံးမှာ Cartridge တစ်လုံးကို ကျပ် (၁၈၉၀၀၀ )ဈေးရှိပြီး အသုံး ပြုရသည့် အရွက်ရေမှာ ( ၃၀၀၀ )ခန့်သာ ထုတ်ယူနိုင်ပါသဖြင့် ကုန်ကျစရိတ် နှင့် အသုံးပြုနိုင်မှုမှာ တွက်ခြေမကိုက် ဖြစ်နေရပါသည်။ အပြင် ဈေးကွက်တွင် ဝယ်ယူရခက်သည့် အမျိုးအစား ဖြစ်နေပါသည်။

### ဗန်းမောက်မြို့နယ်

ဗန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများသည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ်ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

### ကနီမြို့နယ်

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှထောက်ပံ့ပေးသော Tablet များမှ Tablet screen အလုပ်မလုပ်သောကြောင့် Tablet (2) Nos နှင့် Motorbrike (2)စီးမှာ အင်ဂျင်ကျနေပြီဖြစ်သောကြောင့် အင်ဂျင်ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပါသည်။

### ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှ ထောက်ပံ့ပေးသော Tablet Samsung (၁)လုံးမှာ battery မကောင်း၊ မှန်ကွဲပြီးအသုံးပြုမရ၊ Huawei (၁)လုံးမှာ ရေဝင်ပြီး၊ Power ဖွင့်မရအသုံးပြုမရသောကြောင့် နေပြည်တော်ဝယ်ယူရေးဌာနသို့ ပေးပို့ထားပါသည်။

### လယ်ဝေးမြို့နယ်

လယ်ဝေးမြို့နယ်၏ စီမံကိန်း မော်တော်ဆိုင်ကယ်များမှာ ပြုပြင်ရန် နှင့် အပိုပစ္စည်းများ လဲလှယ်ရန် လိုအပ်လျက်ရှိပါသည်။

### တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းရုံးခွဲတွင် အသုံးပြုရန်ခွဲဝေချထားပေးသော SAMSUNG Copierသည် ပြုပြင်ရန်လိုအပ်သည့် အစိတ်အပိုင်းတစ်ခုအား SAMSUNG Service Center သို့ ချိတ်ဆက်မေးမြန်းရာတွင် အပိုပစ္စည်းမရောက်သေးသည့်အတွက် လဲလှယ်၍ မရနိုင်သေးသည့် အခက်အခဲရှိခြင်း၊ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခွဲဝေချထားပေးသော Tablet တစ်လုံးနှင့် Handset တစ်လုံးပြုပြင်ရန်ပေးပို့ထားပြီး Handsetမှာ ပြန်လည်ရရှိပြီးဖြစ်သော်လည်း Tablet တစ်လုံးမှာ ယနေ့အချိန်ထိ မရရှိသေးခြင်း၊

**တနသ်္သာရီမြို့နယ်**

တနသ်္သာရီမြို့နယ်သည် စတုတ္ထနှစ်စက်ဝန်းသို့ရောက်ရှိပြီဖြစ်၍ စီမံကိန်းမှ ပံ့ပိုးထားသော ရုံးသုံးစက်ပစ္စည်းများမှာ ပျက်စီးမှုများပြားခြင်းကြောင့် ပြုပြင်စရိတ်များ ကုန်ကျမှု များပြားပါသည်။ ထို့ကြောင့် စီမံကိန်းမှ သတ်မှတ်ထားသော ဘတ်ဂျက်ဖြင့် လုံလောက်ခြင်းမရှိသည့်အခက်အခဲများ ရှိနေပါသည်။

**ပေါင်မြို့နယ်**

စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့် မိတ္တူကူးစက်များအတွက် ဆက်စပ်ပစ္စည်း ရရှိရန် ခက်ခဲသည်။ ပထမနှစ် ဒုတိယနှစ် စက်ဝန်းများအတွက် စာရွက်စာတမ်းများထည့်ရန် ဗီဒိုလိုအပ်ပါသည်။(Plastic Box)နှင့်မရ၍။

**ရွှေကူမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းကွင်းဆင်းတိုင်းတာရန် Auto Level မရှိသဖြင့် တိုင်းတာရန် အခက်အခဲဖြစ်ရပါသည်။ လက်ထောက်နည်းပညာမှူး(၂)ဦးအတွက် ဆိုင်ကယ်လုံလောက်မှုမရှိသဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် နှေးနှေးကြန့်ကြာခဲ့ပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ်မှ တင်ပြထားသည်မှာ စီမံကိန်းတွင် အသုံးပြုနေသော M&E, MIS Server အား ၁၉.၁.၂၀၁၇ ရက်နေ့တွင် Union သို့ ပြင်ဆင်ရန် ပို့ထားသော်လည်း ယခုအချိန်ထိ ပြန်လည်ရရှိခြင်းမရှိသေးကြောင်း၊ Laptop များမှာလည်း စက်ဟမ်းခြင်း၊ အားမနေခြင်း၊ လက်ကွက်များ နှိပ်မရခြင်းများ ကြုံတွေ့နေရကြောင်း၊ စီမံကိန်းမှ ထောက်ပံ့သော Water Cooler မှာလည်း ခလုတ်များပျက်စီးပြီး အသစ်ပြန်လည် ဝယ်ယူအစားထိုးမရခြင်းနှင့် Tablet များအသုံးပြုရာတွင်လည်း Battery အားမနေခြင်း၊ စက်ဟမ်းခြင်း၊ ပါဝါ မကြာခဏပိတ်သွားခြင်းများကြောင့် MIS Data ဖြည့်သွင်းရန်၊ Video, Photo များ ရရှိရန် အခက်အခဲရှိကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်မှတင်ပြထားသည်မှာ ရုံးသုံး ကွန်ပြူတာများသည် Error များတက်နေခြင်း၊ Software များ update မဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းများ၊ စာရင်းဇယားများ၊ အစီရင်ခံစာများ ဆောင်ရွက်ရာတွင်များစွာ နှောင့်နှေး ကြန့်ကြာစေပါသည်။ Honda cycle (၁)စီးသည် သတ်မှတ်ထားသည့် ပမာဏထက် ပိုမိုကုန်ကျစွာ ပြင်ဆင်သုံးစွဲမှသာ ကောင်းမွန်စွာ လည်ပတ်နိုင်ပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ်မှတင်ပြထားသည်မှာ Tablet(၁)လုံး အသုံးပြုမရ၍ Union သို့ ပေးပို့ထားပြီးဖြစ်သော်လည်း ပြန်လည်မရရှိသေးကြောင်း၊ Honda 125 မော်တော်ဆိုင်ကယ်အတွက် အပိုပစ္စည်းများ ဝယ်ယူရန်ခက်ခဲခြင်းနှင့် ပြင်ဆင်ရန်ခက်ခဲခြင်းတို့ ကြုံတွေ့နေရကြောင်း တင်ပြထားပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်အနေဖြင့် စီမံကိန်းမှထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းများ သုံးစွဲရာတွင် ယခုအခါစားပွဲ အံဆွဲအချို့ အပိတ်အဖွင့်မရခြင်း၊ သော့များပျက် စီးနေခြင်း၊ ဆိုင်ကယ် အပိုပစ္စည်းများ အလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန်ခက်ခဲမှုများရှိခြင်း၊ မိတ္တူကူးစက်များပြင်ဆင်ရန် ခက်ခဲမှုများရှိခြင်း၊ တို့တွေ့ကြုံနေရပါသည်။

**ကျောက်တန်းမြို့နယ်**

စီမံကိန်းစက်ဝန်းကာလ (၃)နှစ်စက်ဝန်းသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် စီမံကိန်းသုံး မော်တော်ဆိုင်ကယ်များမှာ အပျက်အစီးများပြားလာခြင်း၊ စီမံကိန်းသုံးမော်တော် ဆိုင်ကယ်များသည် ဒေသတွင်း၌အသုံးပြုမှုနည်းသော အမှတ်တံဆိပ်ဖြစ်သောကြောင့် ကျွမ်းကျင်သော ဆိုင်ကယ်ပြုပြင်ဆိုင်နှင့် အပိုပစည်းအရောင်းဆိုင်များ အလွန်ရှားပါးသည့် အခက်အခဲများကို တွေ့ကြုံနေရပါသည်။ ထိုကဲ့သို့ ဆိုင်ကယ်များ အပျက်အစီးများသည့်အတွက် စီမံကိန်းဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းသွားလာရန် အခက်အခဲရှိပါသည်။

ရုံးခန်းနေရာ ကျဉ်းသောကြောင့် Printer, Copier များအား သင့်တော်သောနေရာတွင် မထားနိုင်ခြင်း၊ ဝန်ထမ်းအချို့ ကျွမ်းကျင်စွာအသုံးမပြုတတ်ခြင်းကြောင့် မကြာခဏ ပျက်စီးမှုများ၊ အလေအလွင့်များ ရှိနေပါသည်။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံးအဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများသည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ်ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲရှိပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှထောက်ပံ့ပေးသော Tablet များမှ Tablet screen အလုပ်မလုပ်သောကြောင့် Tablet (2) Nos နှင့် Motorbrike (2)စီးမှာ အင်ဂျင်ကျနေပြီဖြစ်သော ကြောင့် အင်ဂျင်ပြန်လည်ပြင်ဆင်ရန် လိုအပ်နေပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းမှ ထောက်ပံ့ပေးသော Tablet Samsung (၁)လုံးမှာ battery မကောင်း၊ မှန်ကွဲပြီးအသုံးပြုမရ၊ Huawei (၁)လုံးမှာ ရေဝင်ပြီး၊ Power ဖွင့်မရအသုံးပြုမရသောကြောင့် နေပြည်တော်ဝယ်ယူရေးဌာနသို့ ပေးပို့ထားပါသည်။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် ဆိုင်ကယ် ၈ စီး အနက် ၃စီးသည် နံပါတ်ပြားလက်ခံရရှိခြင်း မရှိသေးပါ။ ဆိုင်ကယ်(၂)စီးမှာ ပျက်နေပြီး အပိုပစ္စည်းများ ဝယ်မရသည့်အတွက် ပြင်ဆင်နိုင်ခြင်း မရှိသေးပါ။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် နယ်မြေကျယ်ပြန့်ပြီး ကုန်းလမ်းခရီး သာမက ရေလမ်းခရီးလည်း များပြားသဖြင့် စီမံကိန်းမှ စက်လှေတစ်စီး ထပ်မံလိုအပ်ပါသည်။

**မတူပီမြို့နယ်**

စီမံကိန်းမှထောက်ပံ့ပေးသော TVS-110 ဆိုင်ကယ်များအတွက် အပိုပစ္စည်းများ မရနိုင်သဖြင့်ကုမ္ပဏီနှင့်ဆက်သွယ်ဝယ်ယူရခြင်းအတွက်လုပ်ငန်းစဉ်ကြာမြင့်သာကြောင့် ဒေသတွင် ရနိုင်သော တရုတ်ဆိုင်ကယ်အပိုပစ္စည်းများဖြင့် အစားထိုးသုံးစွဲနေရာ အာမခံချက်မရှိပါ။ ဝန်ထမ်းများ အတွက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လည်း စိုးရိမ်ရပါသည်။

စီမံကိန်းမှထောက်ပံ့သော DT ဆိုင်ကယ်များ (၁၅စီး)အား အသုံးပြုလျှက်ရှိပြီး (၁)စီးမှာ ပြုပြင်ရန် လိုအပ်နေပါသည်။ လက်တော့ပ်ကွန်ပျူတာများ လုပ်ဆောင်ချက် နှေးကွေးခြင်း၊ ရုံဖန်ရုံခါ ပါဝါဖွင့်မရခြင်း၊ ကီးဘုတ်များ ကောင်းမွန်စွာ အလုပ်မလုပ်ခြင်းများ ကြုံတွေ့ရပါသည်။

**တွန်းဇံမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲရှိပါသည်။ Tablet Huawei များသည် Power supply ပိတ်သွားသဖြင့် ပြန်ဖွင့်၍ မရသည့် အခက်အခဲ ရှိပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများဝယ်ယူရန် အခက်အခဲ ရှိပါသဖြင့် ပစ္စည်းများကို ကြိုတင်မှာယူသော်လည်းပြင်ရန် ကြန့်ကြာမှု ရှိခဲ့ပါသည်။ TVS (ဆိုင်ကယ် အသေး)များ၏ အရံပစ္စည်းများမှာလည်း ဒေသတွင်း ဝယ်ယူမရရှိနိုင်သောကြောင့် ကုမ္ပဏီသို့ တိုက်ရိုက်မှာယူသုံးစွဲရပါသည်။ တခါတရံ ကုမ္ပဏီတွင် ပစ္စည်းပြတ်နေသည့်အခါ အရံပစ္စည်းများ ရရှိရန် ကြံ့ကြာမှုများ ရှိပါသည်။ မိတ္တူကူးစက်မှာလည်း အသုံးများကာ မကြာခဏ ပျက်သော်လည်း အချိန်မီ ပြင်ဆင်ကာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**လှိုင်းဘွဲ့မြို့နယ်**

မိုးရာသီတွင်အချို့ကျေးရွာများသည် လမ်းချော်သဖြင့် ဆိုင်ကယ်တာယာ ပတ်သော ချိန်းကြိုးများ လိုအပ်ချက်ရှိပါသည်။ စုစုပေါင်း ဆိုင်ကယ် (၁၅) စီးအတွက် လိုအပ်ပါသည်။

**ကော့ကရိတ်မြို့နယ်**

Printer များ၊ Copier များအတွက် ကျွမ်းကျင်Servicing မရှိခြင်း။ စားပွဲခုံများရှိ အံဆွဲများအတွင်း စာအုပ်များသိမ်းဆည်းသည့်အခါ အံဆွဲများ ပြုတ်သွားခြင်း။ ဖိုင်များ၊ စာရင်း-ဇယားများ သိမ်းဆည်းရန်အတွက် ဗီဒိုလုံလောက်စွာ မရှိခြင်း။ မိတ္တူကူးစက် (၁)လုံးသာရှိသဖြင့် ဝန်ထမ်းများ မိတ္တူကူးသည့်အခါ အချိန်ပေး စောင့်ဆိုင်းရခြင်း။

**ချောင်းဆုံမြို့နယ်**

စီမံကိန်း၏MSIအတွက် ကျေးရွာအချက်အလက်များ ဖြည့်သွင်းရာတွင် Tablet များမှာ အလွန်အရေးကြီးပါသည်။ ယခု(၃)လပတ်အတွင်း Tablet (၄)လုံး ၊ Laptop (၁)လုံး၊ Desktop (၃) လုံးပျက်စီး နေပါသဖြင့်ပုံစံ (၉.၅) ဖြင့် တင်ပြထားပြီးဖြစ်ပါသည်။

**ဘီးလင်းမြို့နယ်**

Tablet(၁၃)လုံးသည် သုံးစွဲသည့်အာမခံကာလ(၃)နှစ်ကျော်လာပြီးဖြစ်သောကြောင့် ဘက္ထရီ အားမဝင်တော့သည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ပြင်ဆင်ရန်အတွက်ခွင့်ပြုချက်ရရှိရန်တင်ပြ ထားပြီဖြစ်ပါသည်။

**ပေါင်မြို့နယ်**

**စီမံကိန်းမော်တော်ဆိုင်ကယ်များနှင့်မိတ္တူကူးစက်များအတွက် ဆက်စပ်ပစ္စည်းရရှိရန် ခက်ခဲ ပါသည်။ ပထမနှစ်၊ ဒုတိယနှစ် စက်ဝန်းများအတွက် စာရွက်စာတမ်းများထည့်ရန် ဗီဒို လိုအပ် ပါသည်။**(Plastic Box)**နှင့်မရ၍ ။**

**ဝမြို့နယ်**

စီမံကိန်းမှ ထောက်ပံ့ပေးထားသော ကွန်ပျူတာများတွင် မြန်မာ (၃) စာလုံးများရိုက်ရန် အဆင်မပြေပါ။ မိတ္တူကူးစက်တွင် ပြန်ဖြည့်ရန် မှင် ဝယ်ယူရန် ခက်ခဲပါသည်။

**ပလက်ဝမြို့နယ်**

မိတ္တူကူးစက်အခက်အခဲ ရှိနေဆဲဖြစ်ပါသည်၊ ဝန်ထမ်းများလက်ရှိအသုံးပြုနေသော Tablet များထဲမှအချို့မှာ power ဖွင့်မရခြင်းများ ဖြစ်နေပါသည်။ လက်ရှိအသုံးပြုနေသော Tablet များမှာ ဘတ္တရီပိုင်းဆိုင်ရာပြဿနာ ကြုံတွေ့နေရပါသည်။

**ကယားပြည်နယ်**

ပြည်နယ်လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယစီမံကိန်းတာဝန်ခံအသုံးပြုသည့် Tabletသည် လွိုင်ကော်မြို့နယ်အတွင်း ကွင်းဆင်းစဉ်ကားပေါ်မှအဆင်းတွင် မတော်တဆပြုတ်ကျရာ Power တက်လိုက်ကျလိုက် ဖြစ်နေ၍ အသုံးပြု၍ မရတော့ပါသဖြင့် (၁၆.၃.၂၀၁၈) ရက်နေ့တွင် Union

Procurement သို့ပြန်လည်ပေးပို့ထားသော်လည်း ယနေ့ထိပြန်လည်မရရှိ သေးသဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။

**လွိုင်ကော်မြို့နယ်**

လွိုင်ကော်မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ Projector (၁)လုံးနှင့် Hard Disk Drive (၂)လုံး အနက် (၁)လုံးပျက်လျှက် ရှိပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ Samaung Tablet (၃)လုံးအနက် (၁)လုံးမှာ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် Union Procurement သို့ ပြင်ဆင်ရန်ပေးပို့ထားပါသည်။ ယခုအချိန်ထိပြန်လည်လက်ခံရရှိခြင်း မရှိသေးပါ။ ကျန်(၁)လုံးအား(၂.၄.၂၀၁၉)ရက်နေ့ စာအမှတ်၊ ၄၀/စီမံကိန်း-၁/ကျေးလက်-၂(ဒမဆ)ဖြင့် ပြင်ဆင်ခွင့်ပြုရန် လမ်းညွှန်မှု တင်ပြထားပြီး ဖြစ်ပါသည်။ Photo Copier (၁)လုံး ပျက်သွားသောကြောင့် Sharp Service နှင့် ပြင်ခဲ့သော်လည်း Service စစ်ဆေးပြီးမှ Sparepart ဝယ်ရန်လိုသည်ကို သိရှိရပါသည်။ စာရွက် ခဏခဏညှပ်ပြီး စက်သံ ပိုကျယ်လာ၍ လုံးဝအသုံးမပြုဘဲ ရပ်ထားသည်။

Honda 125 (၁၀)စီးအနက် (၅)စီးကောင်း၊ (၃)စီးလိုအပ်သည်များ ပြင်ဆင်ပြီး (၂)စီး ပြင်ဆင်ရန်လိုအပ်ပါသည်။ ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ Hard Disk Drive (၂)လုံးတွင် (၁)လုံး ကောင်း (၁)လုံးပျက်၊ Cupboard (၄)လုံးအနက် (၁)လုံးမှာ power သိပ်မကောင်းတော့ခြင်း၊ Laptop+Bags (၆)လုံးအနက် (၁)လုံမှာ မကောင်းတော့ပါ၊ GSM Handset (၂)လုံးအနက် (၁)လုံးမှာ မကောင်းတော့ပါ၊ Steel Chair (၃၀)လုံးအနက်(၁၀)လုံးမှာ အသုံးပြု၍ မရတော့ပါ။ အလွန်ကြမ်းတမ်းသည့် တောင်တက်ခရီးလမ်းများအတွက် ချမှတ်ထားပေးသည့် ဆိုင်ကယ်အကြီးများ Engine Power နည်းလွန်းခြင်း။

ဖားဆောင်းမြို့နယ်တွင် Laptop(၆)လုံး ရရှိထားသော်လည်း မြို့နယ်နည်းပညာအကြံပေး အဖွဲ့နှင့် ကျေးလက်ဝန်ထမ်းစုစုပေါင်း(၁၃)ဦးရှိခြင်း၊ (၃)မြို့နယ်(၁)ရုံးဖြစ်ခြင်းတို့ကြောင့် အသုံးပြုရာတွင် အခက်အခဲရှိပြီး ထပ်မံလိုအပ်လျှက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ဖားဆောင်း မြို့နယ်မှ Honda မော်တော်ဆိုင်ကယ်တစ်စီးသည် အင်ဂျင်ပိုင်းတွင်ပျက်စီးပြီး ဆိုင်ကယ်ပြင်ဆိုင်သို့ ပို့ထားပြီးဖြစ်သော်လည်း စက်အပိုပစ္စည်းများသည် အလွန်ပင်ရှားပါးခြင်း၊ မရှိခြင်းကြောင့် Union သို့ လှမ်းမှာထားသော်လည်း ယခုအချိန်ထိမရရှိပါသဖြင့် လက်ရှိအချိန်ထိ ပြင်ဆင်ရန် အခက်အခဲ ရှိနေပါသည်။

ဖားဆောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် ဆိုင်ကယ်ဦးထုပ် (၅၂)လုံးအနက် (၁၅)လုံးမှာ ကွင်းဆင်းစဉ်မှန်ကွဲ ပျက်စီးခြင်းဖြစ်ပါသည်။ Desktop (၆)လုံးမှာ Virus များဝင်နေခြင်း၊ Tablet (၂၃)လုံးအနက် (၆)လုံးမှာ ကွင်းဆင်းစဉ်ဆိုင်ကယ်မှောက်၍ မှန်ကွဲ လျှက်ရှိသော်လည်း အသုံးပြုလျှက်ရှိပါသည်။ Honda 125 (၁၀)စီးအနက်(၁)စီး (၅၀ဃ/ ၅၂၁၆၀)အား ပြင်ဆိုင်တွင် ပြင်ဆင်ရန်ပို့ထားသော်လည်း အပိုပစ္စည်းမရှိ၍ ယခုအထိ မပြင်ဆင် ရသေးခြင်း။ ဖားဆောင်းရုံး

အတွက် Air Router and tablet များပျက်စီးသောကြောင့် ရုံးချုပ်သို့ ပေးပို့တင်ပြထားပြီးသော်လည်း လက်ရှိအချိန်ထိ ပြန်လည်ရောက်ရှိမှု မရှိသေးပါ။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်သည် အလွန်ကြမ်းတမ်းသည့် တောင်တက်ခရီးလမ်းများအတွက် ချမှတ်ထားပေးသည့် ဆိုင်ကယ်အကြီးများ Engine Power နည်းလွန်းခြင်း။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် အနေဖြင့် စီမံကိန်းမှ ထောက်ပံ့သော အသုံးအဆောင်ပစ္စည်းအသုံးပြုရာတွင် Samsung Copier Machine(Multi Xpress k3300NR)မိတ္တူကူးစက်ကြီးမှာ ဆေးကုန်သည့်အခါတွင်လည်းကောင်း ပြုပြင်ရန် လိုအပ်သည့်အခါတွင်လည်းကောင်း ဆီဆိုင်မြို့နယ်အပါအဝင် ရှမ်းပြည်(တောင်ပိုင်း)ရှိ မြို့နယ်များတွင် Catridgeများဝယ်ယူရန်၊Serviceပြုလုပ်ရန်၊ နည်းပညာရှင်ခေါ်ယူရန် အခက်အခဲရှိပါသည်။လူထုဗဟိုပြုစီမံကိန်းရုံး၌ နိုင်ငံတော်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးသဖြင့် ကွန်ပျူတာများ၊ ပရင်တာများ၊ မိတ္တူကူးစက်ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် နေ့စဉ်မီးစက်ကိုသာ အသုံးပြုရသည့် အခြေအနေဖြစ်နေပါသည်။

**မဘိမ်းမြို့နယ်**

နေ့မဘိမ်းမြို့နယ်အတွင်း စီမံကိန်းမှ ထောက်ပံ့ပေးထားသော အသုံးအဆောင်ပစ္စည်းများတွင် မိုးကာအင်္ကျီများမှာ ရာသီဉတုဒဏ်ကြောင့် ပျက်စီးမှုများရှိပါသဖြင့် ထပ်မံရရှိနိုင်လျှင် ပိုအဆင်ပြေပါမည်ဟု တင်ပြအပ်ပါသည်။ မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သော အပိုပစ္စည်းများ ဝယ်ယူရန် အခက်အခဲ ရှိပါသည်။ (မဘိမ်းမြို့နယ်နှင့် မိုးမိတ်ခရိုင်အတွင်း ဝယ်ယူ၍ မရနိုင်ပါ။)

စီမံကိန်းလုပ်ငန်းများအတွက် မီးစက်များ ပြုပြင်ထိန်းသိမ်းရန်နှင့် ပုံမှန်စစ်ဆေးနိုင်ရန် ကျွမ်းကျင်သူမရှိသောကြောင့် ပုံမှန်စစ်ဆေးပေးရန် အခက်အခဲရှိပါသည်။ မီးစက်ပျက်နေပါသဖြင့် သက်ဆိုင်ရာ ကမ္ပဏီမှ လာရောက်ပြင်ဆင်မှုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်း၏ စတုတ္ထနှစ်စက်ဝန်းတွင် စီမံကိန်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် ကျေးရွာအုပ်စု (၇) ခု၊ ကျေးရွာပေါင်း (၂၈) ရွာရှိ စီမံကိန်း လုပ်ငန်းခွဲပေါင်း (၃၄) ခုမှာ စီမံကိန်းလုပ်ငန်းအတွင်အသုံးပြုမည့် ချောင်းကျောက်၊ ချောင်းသဲ ထုတ်ယူခွင့်များတရားဝင်ချပေးထားခြင်းမရှိသည့်အတွက် စီမံကိန်းလုပ်ငန်းခွဲများ မှာ စီမံကိန်းရေး ဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီမှ အတည်ပြုချက် ရရှိထားသော်လည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြန့်ကြာလျှက်ရှိရာအချို့သောကျေးရွာများမှာ မိုးရာသီတွင် ဆက်သွယ်ရေး အခက်အခဲများကြောင့် ချောင်းသဲ၊ ချောင်းကျောက်များအား အခြားမြို့နယ်ရှိ လိုင်စင်ရှိသော လုပ်ငန်းရှင်များထံမှဆက်သွယ်ဝယ်ယူပြီး အကောင်အထည်ဖော်လျှက်ရှိပါသည်။ လုပ်ငန်းလိုင်စင်

ရရှိရေးအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးသို့ တင်ပြဆောင်ရွက်ထားပါသည်။

၂၀၁၉ခုနှစ်၊ မတ်လတွင်ကျင်းပပြုလုပ်သော ကေအန်ယူ - ကရင်အမျိုးသား အစည်းအရုံး ၏ (၆) ကြိမ်မြောက်ဗဟိုအမြဲတမ်းကော်မတီအရေးပေါ်အစည်းအဝေး၏ သဘောထားထုတ်ပြန်ချက်များအရ ကျောက်ကြီးမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ စတုတ္ထနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော ကျေးရွာအုပ်စု (၁၂) အုပ်စု၊ ကျေးရွာပေါင်း (၄၄) ရွာရှိ စီမံကိန်းလုပ်ငန်းခွဲပေါင်း (၅၈) ခုအား (၁၉.၃.၂၀၁၉) နေ့မှစတင်ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအားရပ်ဆိုင်းထားပါသည်။ စီမံကိန်းရပ်ဆိုင်းထားမှု အခြေအနေများအားလည်း သက်ဆိုင်ရာခရိုင်နှင့် တိုင်းဒေသကြီးရုံးများသို့တင်ပြထားပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးရုံးမှလည်း ကျေးလက်ဦးစီး(ရုံးချုပ်)နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း တင်ပြထားပြီး ဖြစ်ပါသည်။

**ပန်းတောင်းမြို့နယ်**

ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများ၊ ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်မှုအား နည်းသောကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

**ရွှေကျင်မြို့နယ်**

ပွင့်လင်းရာသီရောက်သော်လည်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ပစ္စည်းသယ်ယူမှု တွင် အခက်အခဲရှိခြင်း၊ ယန္တရားများသွားလာရန် အစဉ်မပြေမှုများကြောင့် စီမံကိန်း လုပ်ငန်း များအား သတ်မှတ်ကာလအတွင်း အချိန်နှင့်တပြေးညီပြီးစီးရန် ကြန့်ကြာခဲ့ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ကျေးရွာကော်မတီဝင်များမှ အချိန်မပေးနိုင်မှု ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးလုပ်ငန်းစဉ်များတွင် သတ်မှတ်ချက်နှင့်အညီ လုပ်ဆောင် နိုင်မှုမရှိပဲလွဲမှားမှုများရှိခဲ့သဖြင့် ပြန်လည်လုပ်ဆောင် ရခြင်းများကြောင့် စီမံကိန်းလုပ်ငန်းများ အချိန်မီ ပြီးစီးရန် နှောင့်နှေးခဲ့ရပါသည်။

မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုအရေးအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား စီမံကိန်းသဘောတရားများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်မှု အဆင့်ဆင့်တို့အား အခါအားလျော်စွာ မိတ်ဆက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ပြင်ဆင်ထားပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရွှေကျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လပတ်အစည်းအဝေးများတွင် တက်ရောက်လာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံ စာရေးများ၊ ဌာနဆိုင်ရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်း၊ သတင်းအချက်အလက်များထုတ်ပြန်ခြင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ နှင့် ရန်ပုံငွေခွဲဝေမှု လုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြခြင်း လုပ်ငန်းများ လုပ်ဆောင်သွားရန် စီစဉ်ထားပါသည်။

**ငါန်းဇွန်မြို့နယ်**

ငါန်းဇွန်မြို့နယ်သည် ရေဝင်ရပ်ဒေသဖြစ်သောကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကြန့်ကြာမှုများရှိသည်။

**ညောင်ဦးမြို့နယ်**

စီမံကိန်း(၃)လပါတ်ကာလဖြစ်သော (ဇန်နဝါရီ၊ဖေဖော်ဝါရီ၊မတ်)လများတွင် စီမံကိန်း လုပ်ငန်းစဉ်များအရ အကောင်အထည်ဖေါ်ဆောင်ရွက်ခဲ့သော သင်တန်းများနှင့် information campaign ၊ O&M taining ၊ TOF (3) refresfer training ၊ Social Audits ၊ International Women Day အခမ်းအနားများဆောင်ရွက်ခဲ့ရခြင်း။ စီမံကိန်းနောက်ဆုံးနှစ် ဖြစ်သဖြင့် ဝန်ထမ်းများ ပြောင်းရွှေ့ကြပြီး လုပ်ငန်းအခက်အခဲ အနည်းငယ်ရှိပါသည်။ ကျေးရွာသားအချင်းချင်း ညီညွတ်မှု အားနည်းသဖြင့် လုပ်ငန်းများ နောက်ကျသည့်အခက်အခဲတွေ့ရခြင်း။

**ရမည်းသင်းမြို့နယ်**

အချို့ကျေးရွာများသည် ရန်ပုံငွေခွဲရာတွင် ညီညွတ်မှု မရှိသည့်အတွက် ဆောင်ရွက်မှုနှောင့်နှေးခြင်း။ ကျေးရွာ လုပ်ငန်းခွဲများအတွက် တင်ဒါခေါ်ပြီး ကန်ထရိုက် ရွေးချယ်ရာတွင် တင်ဒါမနိုင်သူများ ၊ ကျေးရွာကော်မတီ အချင်းချင်း ညီညွတ်မှုမရှိ၍ လုပ်ငန်းနှောင့်နှေးမှုရှိခြင်း။ အချို့ကျေးရွာအစည်းအဝေးတက်ရောက်မှု ၅၀% ပြည့်မီရန် ခက်ခဲခြင်း။

**ပျော်ဘွယ်မြို့နယ်**

ဆောင်ရွက်ပြီး၊ မဆောင်ရွက်မီ လမ်းလုပ်ငန်းများအား CBR ရိုက်ရန် CBR Machine မကြာခဏ ငှားရမ်းရန် အခက်အခဲရှိခြင်း။

**နွားထိုးကြီးမြို့နယ်**

ကျေးရွာအများစုမှာ လမ်းအကျယ်ပေပေးနိုင်မှုနည်းပြီး၊ ၎င်းတို့ဆောင်ရွက်မည့် ကွန်ကရိလမ်းကို ကျယ်နိုင်သမျှကျယ်ကျယ်ခင်းလိုကြခြင်း၊ ရွာ၏ရေစီးရေလာနှင့် သင့်တင့်သော လမ်းဘေးရေမြောင်းဆောင်ရွက်ရန်မှု ဆောင်ရွက်လိုစိတ်နည်းကြ၍ အကြိမ်ကြိမ်ညှိနှိုင်း ကွင်းဆင်းဆွေးနွေးရမှု အခက်အခဲများရှိခြင်း။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ်တွင် တတိယနှစ်စက်ဝန်း အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ကျေးရွာအုပ်စုအသစ်များ၊ ကျေးရွာအသစ်များ တိုးလာသဖြင့် အဆိုပါကျေးရွာအုပ်စုအသစ်များ၊ ကျေးရွာအသစ်များ တတိယနှစ်စီမံကိန်း စက်ဝန်းတွင်ပါဝင်နိုင်ရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်နောက်ကျခြင်းကြောင့် ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးများ ပြုလုပ်ချိန် နောက်ကျခဲ့သည့်အတွက် အုပ်စုရန်ပုံငွေများ တောင်းခံရာတွင် အနည်းငယ် နောက်ကျခဲ့ရပါသည်။ အမည်မပေါက်သေးသည့် ကျေးရွာ အသစ်များကြောင့် စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာတွင်ခက်ခဲခြင်း၊ စီမံကိန်းရန်ပုံငွေများခွဲဝေရာတွင်ခက်ခဲခြင်း၊ ဝေဖန်အကြံပြု တိုင်ကြားစာများ

အကြိမ်ကြိမ်ပေးပို့ကြခြင်းတို့ကြောင့် စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ပေါက်မြို့နယ်ရှိ ရေနံနယ်မြေ အတွင်းရှိကျေးရွာများတွင် ပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးများ ဆောင်ရွက်ရန်ခက်ခဲသဖြင့် စည်းရုံးရေးမှူးများနှင့် DRD/TTA ဝန်ထမ်းများပါ ပူးပေါင်းပါဝင်ပြီး (၅)ကြိမ်ခန့် သွားရောက် ဆောင်ရွက်ခဲ့ရပါသည်။ ၄င်းဧရိယာအတွင်းရှိ ကျေးရွာ ပြည်သူလူထုသည် ရေနံမြေဧရိယာတွင် လုပ်အားခများစွာ ရရှိသောကြောင့် စီမံကိန်းအပေါ်တွင် စိတ်ဝင်စားမှုနည်းပါးပြီး အစည်းအဝေးများ၊ သင်တန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် လူဦးရေမပြည့်ခြင်း၊ မတက်ရောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါကျေးရွာများတွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြန့်ကြာနိုင်ပါသည်။

### တနင်္သာရီမြို့နယ်

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် စီမံကိန်းလုပ်ငန်းအချို့သည် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ ထို့အပြင် သဘော်ဦးကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး KNU နယ်မြေဖြစ်သော ကြောင့်လုပ်ငန်းများစတင်နိုင်ရန်အတွက် တစ်ဖက်အဖွဲ့အစည်း၏ ထောက်ခံချက်ရယူပြီးမှသာ လုပ်ငန်း စတင်နိုင်ပါသည်။ (၂၁.၁၂.၂၀၁၈)ရက်နေ့၌ ခွင့်ပြုချက်တောင်းခံထားရာတွင် ထောက်ခံချက်အား (၁၃.၃.၂၀၁၉) ရက်နေ့မှသာ ပြန်လည်ရရှိခဲ့ပါသည်။ အဆိုပါကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၁၈)ရွာ ရှိသည့်အနက် ကျေးရွာ(၁၄)ရွာတွင် စီမံကိန်းစတင်ဆောင်ရွက်နိုင်ရန်အတွက် ပထမအကြိမ်၊ ဒုတိယအကြိမ်အစည်းအဝေးများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် ကျေးရွာ(၄)ရွာမှာ ယခင်စီမံကိန်းနှစ်များတွင် စီမံကိန်းအား လက်ခံဆောင်ရွက်ခြင်း မရှိသော်လည်း ယခုနှစ်တွင် စီမံကိန်းဝင်ရောက်ပေးရန် တောင်းဆိုလာသည့်အတွက် ၄င်းကျေးရွာများတွင် စီမံကိန်း မိတ်ဆက်အစည်းအဝေးများအား ဆောင်ရွက်လျက်ရှိပါသည်။

### လယ်ဝေးမြို့နယ်

လယ်ဝေးမြို့နယ်သည် စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သဖြင့် လုပ်ဆောင်လိုသော လုပ်ငန်းခွဲများ တည်ငြိမ်မှုမရှိခြင်း (ဉပမာ- လုပ်ငန်းခွဲများလျာထားပြီးမှ လည်ပတ်ထိန်းသိမ်းရေးရန်ပုံငွေ ၅ % အားမချန်လုပ်ဘဲလျာထားခွင့်ရသဖြင့် လျာထားပြီးလုပ်ငန်းခွဲများအား ထပ်တိုးလျာထားလိုခြင်း)၊ လုပ်ငန်းခွဲများလုပ်ဆောင်ရန် အခြားသက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များရရှိရန် ချိတ်ဆက်ဆောင်ရွက်ရခြင်း (ပညာရေး၊ သစ်တောစသည်)များရှိပါသည်။

### ပျဉ်းမနားမြို့နယ်

ပျဉ်းမနားမြို့နယ်အတွင်းရှိ ညောင်ပင်သာကျေးရွာအုပ်စု၊ အလယ်ရွာ + သဲကျွန်းကျေးရွာ ပေ(၁၀၀)ချောင်းကူးတံတားတည်ဆောက်ရေးအတွက် တိုင်းတာခြင်း ၊အသေးစိတ်တွက်ချက်ခြင်း စသည့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများကို မြို့နယ်အဆင့်အနေဖြင့် အခက်အခဲရှိပါသည်။ ၎င်းလုပ်ငန်းများမှာ သက်ဆိုင်ရာကျေးလက်လမ်းတံတားဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သော်

လည်း ယနေ့အထိအဆင်ပြေမှုမရှိသေးပါ။ ၎င်းအခက်အခဲများနှင့် ပတ်သတ်၍ တိုင်းဒေသကြီးမှ တစ်ဆင့် နေပြည်တော်ရုံးချုပ်သို့ တင်ပြထားရှိပြီးဖြစ်ပါသည်။ ၎င်းတံတားအတွက် ဒီဇိုင်းနှင့် အသေးစိတ်တွက်ချက်မှုများကို ပျဥ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ ညှိနှိုင်း ဆောင်ရွက်မှုဖြင့် မြို့ပြလမ်းတံတားဦးစီးဌာနမှ တာဝန်ယူပြီး တိုင်းတာတွက်ချက်လျက်ရှိပါ သည်။ တံတားစတင်တည်ဆောက်မည့်အချိန်ကို အတိအကျမခန့်မှန်းနိုင် သေးပါ။

## ရွှေကူမြို့နယ်

ယခင်သုံးလပါတ်သည် ပထမနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲများ လူထုစစ်ဆေးပွဲများ ဆောင်ရွက်ရခြင်းကြောင့် လက်ထောက်နည်းပညာမှူးများ RE တွက်ချက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ မိုးရာသီတွင်လုပ်ငန်းများ ဆောင်ရွက်ရန်အဆင်မပြေမှုများကြောင့် လုပ်ငန်းများ ပိတ်သိမ်းရန်နောက်ကျရပါသည်။

## မဘိမ်းမြို့နယ်

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ကျေးရွာအစည်းအဝေးအတွက် လူစုရာ တွင် အခက်အခဲများ ရှိခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းခွဲများ ဆောင်ရွက်နေချိန်တွင် ကျေးရွာလူထုမှ အချိန်ပေးနိုင်မှု၊ ပူးပေါင်းပါဝင်မှု၊ စက်ယန္တယား ရှားပါးမှုများ ရှိခဲ့ပါသည်။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်များတွင် တတိယနှစ်စက်ဂန်း စီမံကိန်း ပြည်လည် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲများမှာ ဖားဆောင်းမြို့နယ်အနေဖြင့် ကျေးရွာအုပ်စုနှင့် ကျေးရွာအားလုံးသို့ စီမံကိန်းလုပ်ငန်းများသွားရောက် အကောင်အထည်မဖော်နိုင် ခဲ့ခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော်နေစဉ်မှာပင် ဒေသအခြေအနေကြောင့် လုပ်ငန်းများကို လျှင်မြန်စွာ ပြီးစီးလုပ်ဆောင်ရန် ဖိအားပေးမှုများ ရှိပါသည်။ အချို့သော လုပ်ငန်းခွဲများသည် ဒေသအရင်းအမြစ်များနည်းပါးခြင်းနှင့် ထုတ်ယူရန် ခက်ခဲခြင်းကြောင့် သတ်မှတ်ထားသော လုပ်ငန်း စဉ်ပြီးစီးမှုအတိုင်း မလုပ်ဆောင်နိုင်ခြင်းကြောင့် လုပ်ငန်းပြီးစီးမှု အနည်းငယ် နောက်ကျနေသည်ကို တွေ့ရှိရပါသည်။

စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်သားကျွမ်းကျင်မှုများမရရှိခြင်းကြောင့် အချို့သော လုပ်ငန်းခွဲများသည် အရည်အသွေးပိုင်းတွင် အနည်းငယ်အားနည်းသည်ကို တွေ့ရှိရပါ သည်။ ဖားဆောင်း(Cluster)အနေဖြင့် တတိယနှစ်စက်ဂန်းတွင် နည်းပညာစည်းရုံးရေးမှူးများသည် အပြောင်းအလဲများခြင်းနှင့် အတွေ့အကြုံနည်းခြင်းကြောင့် စီမံကိန်းလုပ်ငန်းများ ဦးဆောင် အကောင်အထည်ဖော်မှုတွင် အရည်အသွေးပိုင်းသော်လည်းကောင်း၊ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တွင်လည်းကောင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ်ရေးဆွဲရာတွင် လည်း ကောင်း အားနည်းနေသည်ကို တွေ့ရှိရပါသည်။

အချို့သောဒေသသည် လမ်းခရီးဝေးလွန်းခြင်းနှင့် ခက်ခဲခြင်းကြောင့် ပစ္စည်းသယ်ယူရာတွင် ခက်ခဲခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်း၊ ပစ္စည်းများဒေသပေါက်ဈေးထက် များလွန်းသည်ကိုလည်း ကြုံတွေ့ရပါသည်။

ဘောလခဲ+ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များသည် မြို့ငယ်လေးများဖြစ်ခြင်းနှင့် လုပ်ငန်းရှင်ကြီးများ နည်းပါးခြင်းကြောင့် စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို လွိုင်ကော်၊ ဒီးမော်ဆိုမြို့နယ်များသို့သွား၍ ဝယ်ယူရပါသည်။ ထို့ကြောင့် အချို့သော ကျေးရွာအုပ်စုများအတွက် အသေးသုံး(၄%)သည် အနည်းငယ် လိုအပ်မှုများရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းထိန်းချုပ်မှုရှိသော ဧရိယာတွင် လုပ်ငန်းအကောင်အထည်ဖော်သည့်အခါ လွတ်လပ်စွာ သွားလာရန် ခက်ခဲပါသည်။ ထိုနည်းတူ ၄င်းအဖွဲ့အစည်း၏ ခွင့်ပြုသောအချိန်၊ ခွင့်ပြုသောနေရာတွင်သာ သွားလာလုပ်ကိုင်ရပါသည်။ မြေသားလမ်းနှင့် ကျောက်ချောလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော လုပ်ငန်းများသည်လည်း စက်ယန္တားရားငှားရမ်းသည့်အခါ အခက်အခဲများရှိသောကြောင့် သတ်မှတ်ထားသော လုပ်ငန်းပြီးစီး မှုအတိုင်း မပြီးနိုင်သောလုပ်ငန်းများလည်း ရှိပါသည်။ ကျေးရွာလူထုဖြင့် အကောင်အထည်ဖော်သော လုပ်ငန်းများသည် နည်းပညာစည်းရုံးရေးမှူးမှ သတ်မှတ်ထားသောအရည် အသွင်းအတိုင်း ပြည့်မှီရန် အနည်းငယ်အခက်အခဲရှိခြင်းနှင့် လုပ်ငန်းကြန့်ကြာမှုလည်းရှိသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူ အခြားသို့ သစ်ဝယ်ယူရန် ခက်ခဲသောကြောင့် ကျေးရွာမှ သစ်ကိုသာ ဝယ်ရခြင်းကြောင့် သစ်ထုတ်သည့်အချိန်အများကြီး ပေးရခြင်းနှင့် အရည်သွေးပြည့်မီမှုမှာလည်း အားနည်းနေသည်ကို တွေ့ရှိရပါသည်။ (ဥပမာ-ဂမ်ဗလ၊ ဟွေအော၊ တောင်လှနှင့် တနန်းလော့ကျေးရွာရှိ လုပ်ငန်းများ ဖြစ်ပါသည်။)

ဘောလခဲ+ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်ဒေသရှိ ကျေးရွာလူထုများသည် အခြားသောမြို့နယ်များထက် ပညာရေးတွင်လည်းကောင်း၊ လူမှုရေးတွင်လည်းကောင်း၊ ဗဟုသုတအပိုင်းတွင်လည်းကောင်း၊ ပူးပေါင်းပါဝင်မှုတွင်လည်းကောင်း အားနည်းနေပါသည်။ ထို့ကြောင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု၊ ပူးပေါင်းပါဝင်မှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်လုပ်ဆောင်ရာတွင် အားနည်းလျှက်ရှိပါသည်။ အထူးသဖြင့် မိမိတို့၏ နေ့စဉ်စားဝတ်နေရေးကိုသာ အာရုံစိုက် လုပ်ဆောင်ရသောကြောင့် စီမံကိန်းပူးပေါင်းပါဝင်ပံ့ပိုးမှုအပိုင်းတွင် အားနည်းနေပါသည်။

**ဖရူဆိုမြို့နယ်**

သိုသီးဖိုကျေးရွာအုပ်စု၊ ရောဒေါခေါကျေးရွာအုပ်စုနှင့် ကေကောကျေးရွာအုပ်စု (၃)အုပ်စုသည် (၄ .၂ .၂၀၁၉)ရက်နေ့တွင် KNPP မှ ခွင့်ပြုမိန့်ရရှိပြီး တော်ခူကျေးရွာအုပ်စုနှင့် ဒိုးလာစောကျေးရွာအုပ်စု (၂)အုပ်စုသည် (၈.၃.၂၀၁၉)ရက်နေ့တွင် KNPP မှ ခွင့်ပြုမိန့် ရရှိခဲ့ပါသဖြင့် လုပ်ငန်းများ မိုးရာသီအတွင်း လုပ်ကိုင်ဆောင်ရွက်ရပါမည်။ သင်တန်းများ၊ အစည်းအဝေးများ ကျင်းပနိုင်ရန် ကြိုတင်ငွေ ထုတ်ယူရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ကျေးရွာ လူထုအနေဖြင့် တောင်ယာလုပ်ငန်းများ ဆောင်ရွက်ချိန်နှင့် တိုက်ဆိုင်ဖြင့် သင်တန်းများ၊ အစည်းအဝေးများ ကျင်းပ

မည့်ရက်အား ရွှေ့ဆိုင်းပေးရခြင်းတို့ကြောင့် သတ်မှတ်ထားသော အချိန်(၁)ပတ်အတွင်း အမှန်ကုန်ကျငွေစာရင်းများ ရှင်းလင်းနိုင်ရန် အခက်အခဲရှိပါသည်။

ကျေးရွာအုပ်စု(၉) အုပ်စုသည် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအုပ်စု(၅)အုပ်စုသည် ဖေဖော်ဝါရီလမှသာ စ၍ ကန့်သတ်နယ်မြေအဖြစ်မှ ခွင့်ပြုချက်ရရှိသဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် အစည်းအဝေးများ၊ သင်တန်းများ ကျင်းပပြုလုပ်လျက်ရှိရာ ကြိုတင်ငွေထုတ်ယူရာတွင် သတ်မှတ်ထားသော အလီလီမထုတ်ယူ ဘဲ ကျေးရွာအုပ်စု(၁၄)အုပ်စုအတွက် တစ်ကြိမ်တည်းသာထုတ်ယူ၍ အချိန်(၁)ပတ်အတွင်း အမှန်ကုန်ကျငွေစာရင်းများ ရှင်းလင်းနိုင်ရန် အခက်အခဲရှိပါသည်။

လူထုစစ်ဆေးပွဲများကို စီမံကိန်းလုပ်ငန်းများ ပြီးစီးသည့် အချိန်အပေါ်မူတည်၍ ကျင်းပဆောင်ရွက်ရသဖြင့် ကြိုတင်ငွေထုတ်ယူရာတွင် သတ်မှတ်ထားသော အလီလီမထုတ်ယူဘဲ ကျေးရွာအုပ်စု(၁၄)အုပ်စုအတွက် တစ်ကြိမ်တည်းသာ ထုတ်ယူ၍ အချိန် (၁)ပတ်အတွင်း အမှန်ကုန်ကျငွေစာရင်းများ ရှင်းလင်းနိုင်ရန် အခက်အခဲရှိပါသည်။

**ကော့မှူးမြို့နယ်**

လည်ပတ်ထိန်းသိမ်းရန်ပုံငွေ ကောက်ခံရာတွင် အခက်အခဲရှိခြင်း၊ ကျေးရွာလူထုမှ ထည့်ဝင်မှုအားနည်းခြင်း၊ တာဝန်ယူကောက်ခံမည့်သူမှ အတိအကျတာဝန်မယူခြင်း။ ကော်မတီဝင်များမှ အကာအကွယ်ပစ္စည်းအသုံးပြုမှုနှင့် ပတ်သက်၍ စောင့်ကြည့်မှု အားနည်းခြင်း။ ဝယ်ယူရေးလုပ်ငန်းဆောင်ရွက် ရာတွင် အချိန်(၂)ပတ် စောင့်ဆိုင်းရသောကြောင့် ဈေးနှုန်း အပြောင်းအလဲများနှင့် ကြုံရပါသည်။

လုပ်ငန်းများအတွက်ပစ္စည်းများ ဝယ်ယူရာတွင် supplier များမှဈေးနှုန်းအပြောင်း အလဲများပြုလုပ်ခြင်း (ရန်ကုန်မြို့နှင့်နီးသဖြင့် နေ့စဉ်ဈေးနှုန်းအတက်အကျရှိခြင်း)ကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပါသည်။ ဆိုင်များမှဈေးပြိုင်စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော ပစ္စည်းအရည်အသွေးနှင့် ဝယ်ယူသည့်အခါ ပေးပို့လာသော ပစ္စည်းအရည်အသွေး ကွာဟမှုရှိခြင်း။ ပစ္စည်းများဝယ်ယူရာတွင်ကျေးရွာသို့ တိုက်ရိုက်မရောက်ရှိသောကြောင့် ကုန်ကျစရိတ် များပိုမို ကုန်ကျခဲ့ပါသည်။

**ကျောက်တန်းမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် TPIC အတည်ပြုချက် ရရှိပြီးသော်လည်း၊ အကြောင်းအမျိုးမျိုးကြောင့် တိုင်ကြားချက်များရှိပါက လုပ်ငန်းများ ရှေ့ဆက်ခွင့်မရဘဲ ကြန့်ကြာမှုများရှိနေပါသဖြင့် TPIC အဖွဲ့အနေဖြင့် ခွင့်ပြုမိန့်မချမီ ကြိုတင် စီစစ်၊ စစ်ဆေးမှုများပြုလုပ်ကာ စိစစ်ပြီးမှသာ အချို့သောလုပ်ငန်းခွဲများကို ခွင့်ပြုမိန့်ပေးရန် သင့်/မသင့် ဆုံးဖြတ်စေလိုပါသည်။

စီမံကိန်းမှာ တတိယစက်ဝန်းသို့ရောက်ရှိလာခဲ့သော်လည်း ကော်မတီဝင်အချို့သည် အလုပ်ကို အလေးထားမှုများမရှိဘဲ ငွေကြေးပိုင်းဆိုင်ရာအကျင့်ပျက်မှုများ၊ ဝယ်ယူရေး လုပ်ငန်း များတွင် စီမံကိန်းလမ်းညွှန်ချက်များအား သွေဖယ်ခြင်း၊ လိုက်နာမှုမရှိခြင်းများ ပြုလုပ်လာခြင်းတို့ ကြုံတွေ့နေရပြီး စီမံကိန်းဝန်ထမ်းများ၏ စီမံခန့်ခွဲမှုများကို လိုက်နာမှု အားနည်းလာသည်ကိုတွေ့ရပါ သည်။

အချို့သောလုပ်ငန်းခွဲများဖြစ်သည့် လျှပ်စစ်မီးလင်းရေး၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများတွင် မိမိတို့မြို့နယ်အနေဖြင့် လုပ်ငန်းအတွေ့အကြုံ နည်းပါးသဖြင့် ငွေကြေးပိုင်း ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နည်းပညာပိုင်းဆိုင်ရာတွင် အခက်အခဲများ ရှိလာကြောင်းကို သိရှိလာရပါသည်။

## ကွမ်းခြံကုန်းမြို့နယ်

တတိယနှစ်စက်ဝန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့်အချိန်တွင် ဝန်ထမ်းနှုတ်ထွက်မှု များပြားလာခြင်းနှင့် အချိန်မှီပြန်လည်အစားထိုးရန် အခက်အခဲရှိသောကြောင့် လုပ်ငန်းများ နှောင့်နှေးခြင်း။ အထူးသဖြင့် လက်ထောက်နည်းပညာမှူးများအတွက် အတွေ့အကြုံရှိ ဝန်ထမ်းရရှိရန် ခက်ခဲခြင်း။ MIS စနစ်သည် လုပ်ငန်းများအကောင်အထည်ဖော်ချိန်တွင် စတင်ရရှိသောကြောင့် ကျေးရွာများသို့ လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြီးကြပ်ရန် အချိန်မပေးနိုင်သဖြင့် ကွင်းဆင်းသွားရောက်နိုင်မှု မရှိခြင်းဖြစ်ပါသည်။

တတိယနှစ်စက်ဝန်း လုပ်ငန်းအကောင်အထည်ဖော်ချိန်တွင် ဝယ်ယူရေးနည်းပညာ အကြံပေး မရှိသဖြင့် DRD Counterpart တစ်ဦးတည်းကသာ ဆောင်ရွက်နေရပြီး မိခင်ဌာန၏ လုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်နေရသဖြင့် အလုပ်များစုပုံနေပြီး အခက်အခဲ ရှိနေခြင်း။

ကျေးရွာအချို့တွင် စီမံကိန်းအစည်းအဝေးသို့ တက်ရောက်နိုင်မှုမရှိသဖြင့် စီမံကိန်းအကြောင်းအရာနှင့် သဘောသဘာဝကို သေချာစွာ မသိရှိနားမလည်သူများ၏ တိုင်ကြားမှုကိစ္စရပ် များကို လိုက်လံဖြေရှင်းနေရသဖြင့် လုပ်ငန်းများ နှောင့်နှေးသွားရခြင်း။ အချို့ကျေးရွာများသည် ပူးပေါင်းပါဝင်နိုင်မှုအားနည်းသဖြင့် လုပ်ငန်းခွဲများ သတ်မှတ်ကာလအတွင်းပြီးဆုံးရန် အားထုတ်ပေးနိုင်မှု အားနည်းခြင်းနှင့် နှောင့်နှေးနေခြင်း။

## သာပေါင်းမြို့နယ်

သာပေါင်းမြို့နယ်အနေဖြင့် ယခုကာလသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ဆဲကာလ ဖြစ်နေပါသဖြင့် ကျေးရွာလူထုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်သည့် အစည်းအဝေး၊ လုပ်ငန်းပူးပေါင်း ပါဝင်လုပ်ဆောင်မှု အနည်းငယ် အခက်အခဲ ဖြစ်စေခဲ့သည်။ ဖေဖော်ဝါရီလ နှင့် မတ်လများထဲတွင် ကျေးရွာလူထုမှ စိုက်ပျိုး ရိတ်သိမ်းချိန် ဖြစ်သည့်အတွက် လုပ်ငန်းများစတင်ရန် ခက်ခဲသည်။ ထိုအတွက်ကြောင့် ရာသီခွင်ပြဇယားကို အသုံးချပြီး ကျေးရွာလူထုအားလပ်ချိန်တွင် လုပ်ငန်းခွဲများ တစ်ပြိုင်တည်း စတင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် ထားရပါသည်။

စတုတ္ထနှစ် စက်ဝန်းအတွင်း ရံပုံငွေများတိုးမြှင့် ရရှိသည့်အတွက် ပြည်သူများအတွက် လွန်စွာ အကျိုးရှိခဲ့ပါသည်။ ထို့အပြင် ၎င်းတို့လိုအပ်သော လုပ်ငန်းခွဲ များကို စိတ်ကြိုက် အကောင်အထည် ဖော်ခွင့် ရရှိကြသည်။ သို့သော် ရံပုံငွေ နည်းပြီး ကျေးရွာခွဲများသော ကျေးရွာများတွင် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက် ထားရှိခဲ့ပါသည်။ ထိုအတွက်ကြောင့် တိုးမြှင့်လာသော ရံပုံငွေအပေါ် အချင်းများ မှုများရှိသဖြင့် အုပ်စု အစည်းအဝေးပွဲများ အကြိမ်ကြိမ်ဆောင်ရွက်နေရပါသည်။

ဆည်မြောင်းဦးစီးမှ ချောင်းများ တူးဖော်နေသည့် အတွက် ချောင်းတွင်း ကျေးရွာများသည် ဆောက်လုပ်ရေးပစ္စည်းများ သယ်ဆောင်ရန် ခက်ခဲနေပါသည်။ ထို့ကြောင့် စီမံကိန်း ပြီးဆုံးရန် ကြန့်ကြာနေပါသည်။ ထို့အပြင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၂၇၆ ခုရှိသည့်အနက် ၇၀ % သည် တစ်ပြိုင်နက်တည်း စတင်သည့်အတွက် ဒေသထွက်ကျောက်နှင့်သဲ ဝယ်ယူရရှိရန် အခက်အခဲများ ရှိပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ ကဏ္ဍအလိုက် ပူးပေါင်းပါဝင်လုပ်ဆောင်မှု အားနည်းခြင်းနှင့် ကော်မတီဝင်များ အပြောင်းအလဲ များခြင်း။

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးချိန်တွင် အချို့ကျေးရွာများ၌ ပူးပေါင်း ပါဝင်မှုအားနည်းပြီး၊ စီမံကိန်း လုပ်ငန်းခွဲများ အဆုံးသတ်ရန်အတွက် လမ်းပခုံးများ ပြီးစီးရန် အခက်အခဲဖြစ်နေခြင်း တို့ဖြင့်ကြုံ တွေ့ရပါသည်။ (လုပ်သားအင်အားအခက်အခဲ)

**အင်္ဂပူမြို့နယ်**

အင်္ဂပူမြို့နယ်အနေဖြင့် လူထုဗဟိုပြုစီမံကိန်းပထမနှစ်စက်ဝန်း အစီအရင်ခံစဉ်ကာလ အတွင်း ကြုံတွေ့ရသည့် အခက်အခဲများမှာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာ တွင် ကျေးရွာများမှ လုပ်ငန်းသုံး ငွေထုတ်ယူရာတွင် အဆင့်ဆင့်တင်ပြနေရမှုများကြောင့် နှောင့်နှေး ကြန့်ကြာမှုများ ရှိနေပါသည်။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် ရာတွင် စီမံကိန်းလုပ်ငန်းအားလုံးသည် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ လုပ်ငန်းသုံးစက်ကိရိယာများ ဒေသတွင်း ခက်ခဲသောကြောင့် စီမံကိန်းလုပ်ငန်းများ အကောင် အထည်ဖော်နေပြီ ဖြစ်ပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် TF၊ CF လစ်လပ်နေသော ဝန်ထမ်းများ နေရာ တွင် ဝန်ထမ်းသစ်များ ခန့်အပ်ရာတွင် အတွေ့အကြုံနည်းသည့်ဝန်ထမ်းများ ခန့်အပ်ရသောကြောင့် ကျေးရွာများ စတုတ္ထနှစ် စီမံကိန်းစက်ဝန်း အကောင်အထည်ဖော် စီမံကိန်း လုပ်ငန်း ခွဲများ estimate တွက်ချက်မှုအခက်အခဲကြောင့် အကောင်အထည်ဖော်ချိန် နောက်ကျ ခဲ့ပါသည်။ စီမံကိန်း လုပ်ငန်း ခွဲများ အကောင်အထည်ဖော်ဆောင် ရွက်ပြီးစီးသော်လည်း လူထု စစ်ဆေးပွဲများ ဆောင်ရွက်ရာတွင်

စီမံကိန်းဝင်ကျေးရွာများမှာ မြေပဲသီးနှံသိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် ကျေးရွာ လူထုတက်ရောက်နိုင်ရန် အခက်အခဲရှိသောကြောင့် လူထုစစ်ဆေးပွဲများ နောက်ကျခဲ့ပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် လုပ်ငန်းခွဲများဆောင်ရွက်နေစဉ်တွင် ကျေးရွာများတွင် အလှူပွဲများ၊ ဘုရားပွဲများနှင့် မင်္ဂလာဆောင်ပွဲများကြောင့် လူထုစစ်ဆေးပွဲများ သတ်မှတ်ရက်တွင် မဆောင်ရွက်နိုင်ခြင်းနှင့် လုပ်ငန်းခွဲလက်ကျန်များ အပြီးသတ်ဆောင်ရွက်ရန် ကြန့်ကြာမှုများ ရှိနေပါသည်။

**မတူပီမြို့နယ်**

အစီရင်ခံကာလအတွင်း စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖေါ်ရာတွင် မြေယာလှူဒါန်းမှုတွင် အခက်အခဲများကြုံတွေ့ဖြေရှင်းနေရပါသည်။ မြေယာလှူဒါန်းမှုအတွက် စည်းရုံးလှုံ့ဆော်ရာတွင် ရှေးယခင်ကတည်းကရှိနှင့်နေပြီး ငြိမ်သက်နေသော ပြဿနာများ ပြန်လည် အစဖေါ်သကဲ့သို့ မဖြစ်စေရန် (မြေယာလှူဒါန်းမှုနှင့်အတူ လူမျိုးနွယ်စုအရေးကိစ္စများ ပါဝင် လာတတ်ခြင်းကြောင့်) အထူးသတိထားပြီး ဆောင်ရွက်နေရခြင်း၊ ယခင်နှစ်များတွင် စက်ကြီး ငှားရမ်းခမှာ တစ်နာရီလျှင် ၄၀၀၀၀/- ကျပ် မှ ၄၅၀၀၀/- ကျပ် ဖြင့်ငှားရမ်း နိုင်သော်လည်း ယခုနှစ်တွင် ၅၀၀၀၀/-ကျပ် အထက် ဈေးမြင့်တက်လာခြင်းနှင့်အတူ စက်ကြီးများ အချိန်မှီ မရနိုင်ခြင်း၊ အဆောက်အဦကဏ္ဍတွင်လည်း ဒေသတွင်းတွင် သစ်များ လုံလောက်စွာ မရနိုင်ခြင်းကြောင့် အခြားဒေသမှ သစ်များ မှာယူ ဝယ်ယူရာတွင်လည်း အချိန်မီမရနိုင်ခြင်း၊ လိုအပ်သော အရေအတွက် အမျိုးအစားအတိုင်းမရနိုင်ခြင်း၊ လက်ထောက်နည်းပညာမှူး(၂)ဦး လစ်လပ်လျှက် ရှိသော ကျေးရွာများတွင် စီမံကိန်းလုပ်ငန်း ခွဲများ မစတင်နိုင်သေးခြင်း၊ အစီရင်ခံကာလအတွင်း ကျေးရွာများတွင် ဘာသာရေးပွဲတော်များ ဆက်တိုက်ရှိနေခြင်း (ဘာသာရေး ပွဲတော်များရှိနေ ခြင်းကြောင့် ရက်သတ္တနှစ်ပတ်ခန့် စီမံကိန်းလုပ်ငန်း အကောင် အထည်ဖေါ်မှု ရပ်နားထားရခြင်း) စသည့် အကြောင်းအရာများကြောင့် အချို့လုပ်ငန်း ခွဲများ မျှော်မှန်းထားသည်ထက် နောက်ကျနေရပါသည်။ အင်တာနက်မြန်နှုန်း နှေးကွေးသည့်အတွက် VDP စာအုပ်များ Upload လုပ်နိုင်ခြင်းမရှိ သည့်အတွက် ရုံးချုပ်သို့ CD ဖြင့်ပေးပို့၍ Upload လုပ်ပေးနိုင်ပါရန် အကူအညီတောင်းခံသွား ပါမည်။

**တွန်းဇံမြို့နယ်**

တချို့ကျေးရွာ အနေဖြင့် လူထုလုပ်ငန်းခွင်အချိန်နှင့် တိုက်ဆိုင်နေခြင်း၊ JCB စက်ငှားရမ်းရန် ခက်ခဲခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ ပြန်လည်ရွေးချယ်၍ ဒုတိယဦးစားပေးလုပ်ငန်း ပြန်လည်ဆောင်ရွက်ရခြင်း၊ တစ်ချို့ကျေးရွာများမှာ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် အားလုံးမပါဝင်နိုင်သောကြောင့် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းနှောက်နှေးမှုများရှိသည်။ တွန်းဇံမြို့နယ်အနေဖြင့် ဒေသရိုးရာပွဲတော်များနှင့် တိုက်ဆိုက်နေသဖြင့် အချိန်မီ လုပ်ငန်းဆောင်ရွက်ပြီးစီးနိုင်ရန် ခက်ခဲမှုများ ရှိခဲ့ပါသည်။ အချိန်အခါမဟုတ် ရွာသွန်းသည့် မိုးများကြောင့် စီမံကိန်းလုပ်ငန်းခွဲပြီးစီးရန် နှောင့်နှေးခဲ့ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကျေးရွာအချို့၏ မိရိုးဖလာအစွဲကြောင့် ရေခန်းသောတန်ခူး၊ ကဆုန်လများ တွင်သာ ရေကို တူးချင်ကြ၍ ဝန်ထမ်းများမှ ကြိုးစားဆွေးနွေး ဆောင်ရွက်ခဲ့ရပါသည်။ လမ်းများ(မြေသား လမ်း ၊ ကျောက်ချောလမ်း)ဖေါက်လုပ်ရာတွင် စက်များမှာ ဒေသတွင်း လုံလောက်မှုမရှိ၍ ကြန့်ကြာမှုများ ရှိနေပါသည်။ အဆောက်အဦးများ ဆောက်လုပ်ရာတွင်လည်း ကျွမ်းကျင်လုပ်သားများ ရှားပါး၍ လည်း အလုပ်နှောင့်နှေးမှုကို တွေ့နေရပါသည်။ မိုးရာသီကုန်ဆုံးပြီး ဆောင်းအဝင်တွင် မြစ်ချောင်း များတွင် ရေရှိနေသေး၍ လုပ်ငန်းခွဲ မဆောင်ရွက်နိုင်သည့် အခက်အခဲရှိနေပါသည်။

အချို့သောနေရာများတွင် ဝေးလံခေါင်ဖျားဖြစ်ခြင်းနှင့် ငှက်ဖျားရောဂါ ပေါ်များမှုများ ကြောင့် အလုပ်သမားများ ကြာရှည်မနေနိုင်ဘဲ မကြာခဏ ပြောင်းလဲခေါ်ဆောင်ရသည့်အတွက် လုပ်ငန်း နှောင့်နှေးမှုများ ရှိခဲ့ပါသည်။ (ဥပမာ ထိဆုံ ကြိုးတံတားအတွက် အလုပ်သမား (၄) ဖွဲ့ပြောင်းရခြင်း ကြောင့် ကျွမ်းကျင်ကန်ထရိုက်ဘက်မှ နောက်ကျမှုဖြစ်ခဲ့ရပါသည်။)

**လှိုင်းဘွဲ့မြို့နယ်**

ကျေးရွာအုပ်စု (၇) အုပ်စုမှာ စီမံကိန်းဝင်ရန်ခက်ခဲလျက်ရှိပါသည်။ စက်ရေတွင်း/ တံတား စသည့်လုပ်ငန်းများတွင် ကန်ထရိုက်တာ၌ားရမ်းရာတွင် စောင့်ဆိုင်း နေရသည့် အခက် အခဲကြောင့် လုပ်ငန်းများကြန့်ကြာမှု ရှိနေပါသည်။ ဧပြီလအတွင်း ဘိလပ်မြေ ဈေးနှုန်းတက်ခြင်း ကြောင့် အချို့ Sub-project များသကြန်ပြီးမှ ပြန်စပါမည်။ အကယ်၍ဈေးမကျခဲ့ပါက ကျေးရွာ လူထုမှ ထည့်ဝင်ငွေပါဝင်မှု ရနိုင်/မရနိုင် ဆိုသည့် အနေအထား ပေါ်မူတည်၍ sub-project လုပ်ငန်းကို အဆုံးသတ်သွားမည်။ ကျေးရွာ ထည့်ဝင်ငွေ မရနိုင်ပါက (State/Township Infra လမ်းညွှန်မှုဖြင့်) sub-project ၏ဆေးသုတ်သောအပိုင်းကဲ့သို့သော လုပ်ငန်းပိုင်းများကို ချန်လှပ်လုပ်ဆောင် အပြီး သတ်သွားပါမည်။

**ကော့ကရိတ်မြို့နယ်**

ပွင့်လင်းရာသီတွင် ရာသီအလိုက်ပွဲတော်ရက်များခြင်းကြောင့် ရေးဆွဲထား သောအစီအစဉ် အတိုင်း ဆောင်ရွက်ရန် အခက်အခဲရှိခြင်း။ ယန္တရားလုံလောက်စွာမရှိသဖြင့် လုပ်ငန်းအကောင် အထည်ဖော်စဉ် အချိန်ပေး စောင့်ဆိုင်းရခြင်း။ ကျွမ်းကျင်လုပ်သားမလုံလောက်သဖြင့် အချို့သော ကျေးရွာများတွင် သတ်မှတ်စံနှုန်းအတိုင်း ဆောင်ရွက်နိုင်မှုအားနည်းခြင်း။

**ချောင်းဆုံမြို့နယ်**

ချောင်းဆုံမြို့နယ်မြေလုံခြုံခြင်း၊ ဆက်သွယ်ရေးလွယ်ကူချောမွေ့ခြင်းတို့ကြောင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများမရှိပါ။

**ဘီးလင်းမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများအား စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်များအရ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အခက်အခဲမရှိသော်လည်း ယခုအစီအရင်ခံစာ တင်ပြသည့် ကာလအတွင်း အသုံးပြုနေဆဲကြံတံဆိပ်ဘိလပ်မြေများ ဈေးကွက်တွင် ချက်ချင်းပြတ်လပ်သွားခြင်း၊ အခြားတံဆိပ် ဘိလပ်မြေများ ဈေးကွက်တွင် လုံလောက်စွာရှိခြင်း၊ ကြံ့တံဆိပ်ဘိလပ်မြေများမှာ စက်ရုံမှ ပေါပေါ များများ မထုတ်လုပ်နိုင်ခြင်းကြောင့် ဈေးကွက်တွင် ဈေးနှုန်းမြင့်စွာဝယ်ယူရခြင်း၊ အခြားတံဆိပ် ဘိလပ်မြေများမှာ အလေးချိန် မပြည့်မီခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။

## ပေါင်မြို့နယ်

မြို့နယ်အတွင်းဈေးဆိုင်များမှ ဈေးနှုန်းအာမခံချက်မပေးနိုင်၊ ၀-၃တွင် လက်မှတ် မထိုး ပေးကြ၊ ပစ္စည်းပြတ်လပ်၍ ဈေးနှုန်းတက်။ ဈေးနှုန်းစုံစမ်းပြီးမှ ဈေးနှုန်းပြောင်းလဲသည့်အတွက် လုပ်ငန်းလုပ်စဉ်ခက်ခဲမှုကြုံတွေ့ရပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပုဏ္ဏားကျွန်းမြို့နယ်နှင့် နီးစပ်သောရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော်မြို့နယ်များတွင် တိုက်ပွဲဖြစ်ပွားမှုများရှိနေခဲ့ရာမှ ၂၀၁၉ ခု ဇန်နဝါရီလ ဆန်းပိုင်းမှစတင်၍ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှာ လည်းတိုက်ပွဲဖြစ်ပွားမှုများ ရှိလာခဲ့ပါသည်။ ဒေသအတွင်း လတ်တလောဖြစ်ပေါ်လာသော ပဋိပက္ခကြောင့်ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပေါင်းစပ် ညှိနှိုင်းရေးကော်မတီမှ (၁၀-၁-၂၀၁၉)နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် အပါအဝင် မြို့နယ် (၅)ခုတွင် ကျေးရွာကွင်းဆင်း ဆောင်ရွက်ခြင်း နှင့်ကျေးရွာများသို့ခရီးသွားလာခြင်းမပြုရန် အမိန့် ကြော်ငြာစာ ထုတ်ပြန်လာခဲ့ပါသဖြင့် လုပ်ငန်းဆောင်ရွက်မှုရပ်နားခဲ့ရပါသည်။ လူထုဗဟိုပြု စီမံကိန်း(ရုံးချုပ်) မှ စီမံကိန်းမန်နေဂျာ၊ ရခိုင်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူးနှင့် ရခိုင်ပြည်နယ် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံတို့မှရခိုင်ပြည်နယ်အစိုးရ အဖွဲ့နှင့် တင်ပြ ညှိနှိုင်းကာ လုပ်ငန်း များဆက်လက်လုပ်ဆောင်ရန် စီစဉ်ခဲ့သော်လည်း တိုက်ပွဲဖြစ်ပွားမှု ပိုမိုများပြား လာခဲ့ သဖြင့် ရပ်နားခဲ့ရပြန်ပါသည်။

## ဂွမြို့နယ်မြို့နယ်

သဲကျောက်ရရှိမှုခက်ခဲသောကြောင့် အချို့သောလုပ်ငန်းခွဲများသည် နှောင့်နှေးခဲ့ပါသည်။ စက်ယန္တယားများ အရေအတွက် နည်းပါးသောကြောင့် တစ်ရွာပြီးမှတစ်ရွာ ပြုလုပ်နေရသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ အချိန်မီ မစတင်နိုင်ခဲ့ပါ။

## ပလက်ဝမြို့နယ်

ပလက်ဝမြို့နယ်သည် နယ်မြေကျယ်ပြန့်ကြီးမားကာ ကျေးရွာများပြန့်ကြဲတည်ရှိနေမှု ကြောင့် မိုးရာသီတွင် သွားလာရခက်ခဲသည်။ ဝန်ထမ်းများနှင့် အဆက်အသွယ် ရရှိနိုင်မှု ခက်ခဲ သည်။ တစ်ချို့ကျေးရွာများမှာ ရေစီးသန်သော ချောင်းငယ်များမှတစ်ဆင့် မိုးရာသီတွင် သွားလာရ

အဆင်ပြေလွယ်ကူသည်။ နွေရာသီတွင်ချောင်းရေတိမ်သောကြောင့်သွားလာရခက်ခဲသည်။ ယခုအခါ ပလက်ဝမြို့နယ်ရှိ နေရာတော်တော်များများတွင် လက်နက်ကိုင်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား နေကာ အထက်ကုလားတန်ဒေသ၊ အောက်ကုလားဒေသမှ ကျေးရွာတစ်ချို့ နှင့်သံထောင်ဒေသ မှ ကျေးရွာအုပ်စုအများအပြားသို့သွားရောက်ရန်ခက်ခဲလျှက်ရှိနေပါသည်။

လက်ရှိအခြေအနေတွင် တစ်ချို့ကျေးရွာအုပ်စုများသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် နေရာ များမဟုတ်သဖြင့် စီမံကိန်းလုပ်ငန်းခွဲများလုပ်ဆောင်လိုကြောင်း တင်ပြလာမှုရှိပါသည်။ သို့သော် ထိုကျေးရွာများသို့ သွားရောက်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့် နေရာများကို ဖြတ် သန်းသွားလာရသည့်အတွက် စီမံကိန်းဝန်ထမ်းများအနေဖြင့် သွားလာရန် ခက်ခဲနေသည့်အတွက် လုပ်ငန်းလုပ်ဆောင်နိုင်ခြင်းမရှိနိုင်သေးပါ။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်တွင် နယ်မြေအေးချမ်းမှုမရှိသဖြင့် ကျေးရွာများတွင် အစည်းအဝေးပြုလုပ်ရန် ခက်ခဲခြင်း၊ အစည်းအဝေးတက်ရောက်သူဦးရေမပြည့်မီသဖြင့် လူထုစစ်ဆေးပွဲပြုလုပ်နိုင်ရန် နှောင့်နှေးကြန့်ကြာခြင်း၊ ဒေသစီးပွားရေး အဆင်မပြေမှုကြောင့် ဒေသခံလုပ်သားများ ပြည်ပသို့ သွားရောက်၍ အလုပ်လုပ်သူများပြားနေပါသဖြင့် လုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် ကျွမ်းကျင်လုပ်သားများ ရှားပါးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် လုပ်ငန်းခွဲများကို စီမံကိန်းစက်ဝန်းကာလ တစ်ခုအတွင်း လုပ်ငန်းခွဲများကို တစ်ပြိုင်နက် လူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်သော လက်သမား ပန်းရံလုံလောက်စွာရရှိရန် အခက်အခဲရှိပါသည်။ ကျေးရွာအတွင်းရှိ အချို့သော ပန်းရံလက်သမား များသည် အတွေ့အကြုံနည်းပါးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ၏ ဒီဇိုင်းနှင့် စံချိန်စံညွှန်းအတိုင်း ပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ လိုက်နာဆောင်ရွက်မှု လိုအပ်ချက်များရှိခြင်း၊ အကာအကွယ် ပစ္စည်းများ အသုံးပြုရာတွင် လုပ်ငန်းခွင်အတွင်း အချိန်ပြည့်လိုက်နာ အသုံးပြုမှု အားနည်းချက် ရှိခြင်း၊ နည်းပညာပိုင်းဆိုင်ရာ နားလည်သဘောပေါက်လိုက်နာဆောင်ရွက်လာရန် ပိုမို စည်းရုံးရခြင်း အခက်အခဲများ ရှိပါသည်။ ကျေးရွာလမ်းပြုပြင်ခြင်း၊(ကျောက်ချောလမ်းခင်းခြင်းနှင့် သဲဖြုန်းလမ်း ခင်းခြင်း)လုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်အတွင်း လမ်းကြိတ်စက် ငှားရမ်းရာတွင် ယန္တရားနည်းပါးသည့် အခက်အခဲကြောင့် အကောင်အထည်ဖော်ရေး အစီအစဉ် ပြန်လည်ပြုပြင်ရေးဆွဲဆောင်ရွက်ရသည် အခက်အခဲများ ကြုံတွေ့ရပါသည်။

**မောက်မယ်မြို့နယ်**

ကျောမောက်မယ်မြို့နယ်အတွင်း ရေလှောင်ကန် ဆောက်လုပ်သော စီမံကိန်းခွဲ(၂)ခုအတွက် ကျေးရွာအတွင်း ကျွမ်းကျင်လုပ်သား ရှားပါးနေခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အကောင် အထည်ဖော်ရာတွင် ပိုမိုအချိန်ယူနေရပါသည်။ ကျေးရွာ(၃)ရွာမှာ တောင်ပေါ်ရွာလမ်းဖြစ်ပြီး

ကားဖြင့် မရောက်နိုင်သောကြောင့် ဆောက်လုပ်ရေးဆိုင်ရာ ပများကို လူအားနှင့် ဆိုင်ကယ်ဖြင့် သယ်ယူရသောကြောင့် သယ်ယူပို့ဆောင်ခများမှာ ခန့်မှန်းထားသည်ထက် ပိုမို ကုန်ကျပါသည်။

ကျေးရွာကျောက်ချောလမ်းဆောင်ရွက်ရာတွင် ကျောက်ထုတ်လုပ်သူများမှ အချိန်မီ ပို့ဆောင်ပေးနိုင်မှု မရှိခြင်းကြောင့် အချိန်ကြန့်ကြာမှုများရှိနေသည်ကို တွေ့ရပါသည်။ ကျောက်ချော လမ်းများအတွက် လမ်းကြိတ်စက်တစ်စည်းသာ ရှိသောကြောင့် စက်ယန္တရား အခက်အခဲရှိနေပြီး သတ်မှတ်ထားသော အချိန်အတွင်း ပြီးစီးနိုင်မှု အားနည်းကြောင်း တွေ့ရှိပါရသည်။

မဘိမ်းမြို့နယ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ကျေးရွာအစည်းအဝေး လူစုရာတွင် အခက်အခဲရှိခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်နေချိန်တွင် ကျေးရွာလူထုမှ အချိန်ပေးနိုင်မှု၊ ပူးပေါင်းပါဝင်မှု၊ စက်ယန္တရား ရှားပါးမှုစသော အခက်အခဲများရှိခဲ့ပါသည်။

မိုင်းခတ်မြို့နယ် ယခင်သုံးလပတ်သည် စီမံကိန်းစတင်သော ကာလဖြစ်သောကြောင့် ဝန်ထမ်းများ အတွေ့အကြုံနည်းပါးခြင်း၊ ဒေသစကားခက်ခဲခြင်း၊ လမ်းပန်းဆက်သွယ်ရေးခတ်ခဲခြင်း၊ ရွာသားများ ထိုင်းနှင့်တရုတ်နိုင်ငံများသို့ စီးပွားရှာထွက်ခြင်း ဒေသထွက်ပစ္စည်းရှားပါးခြင်း သယ်ယူရန် ကားလမ်းပေါက်သောရွာနည်းပါးခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းစသော အခက်အခဲ များ ကြုံတွေ့ရပါသည်။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံးမှ Head Officer (2) လစ်လပ်လျက် ရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

လက်ထောက်နည်းပညာမှူး(၂) ဦးလစ်လပ်နေသောကြောင့် အချို့သောစီမံကိန်း လုပ်ငန်းခွဲ များအားလုပ်ဆောင်ရာတွင် အခက်အခဲအချို့ရှိနေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝယ်ယူရေးမှာ ဖေဖော်ဝါရီလမှစတင်ပြီးလစ်လပ်လျှက်ရှိသောကြောင့် စီမံကိန်း လုပ်ငန်း ခွဲများ၏ ဝယ်ယူရေးအစီလုပ်ငန်းစဉ်များအား ငွေစာရင်းမှစစ်ပေးနေရသည့်အတွက် စီမံကိန်း လုပ်ငန်းခွဲများမှာအချိန်မှီလုပ်ဆောင်နိုင်မှု အားနည်းနေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ CSAG တာဝန်ယူထားသည့်ဝန်ထမ်းမှာ ဇန်နဝါရီလအကုန်မှစတင်ပြီး ရုံးတက်နိုင်ခြင်း မရှိသည့်အတွက် CSAG လုပ်ငန်းများမှာ အချိန်မှီပြီးရန် အခက်အခဲများ ရှိနေပါသည်။

**ပန်းတောင်းမြို့နယ်**

Monthly Work Plan, Weekly Work Plan များ ရေးဆွဲထားပါသော်လည်း Plan အတိုင်း ဆောင်ရွက်နိုင်မှု အားနည်းပါသည်။

**တနသ်ာရီမြို့နယ်**

တနသ်ာရီမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော လူထုဗဟိုပြု စီမံကိန်းမှာ စတုတ္ထနှစ်စက်ဝန်းတွင် ရောက်ရှိပြီဖြစ်ပါသဖြင့် ဝန်ထမ်းအပြောင်းအလဲ များပြားခြင်း၊

ဝန်ထမ်းအသစ်များအား စီမံကိန်းအကြောင်းအရာများကို ထပ်ဖန်တလဲလဲ ပြန်လည်သင်ကြား ပေးနေရသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့ကျေးရွာများ၌ အခက်အခဲအနည်းငယ် ရှိပါသည်။

**မဘိမ်းမြို့နယ်**

ရုံးချုပ်မှ မဘိမ်းမြို့နယ် အတွက် အင်အားဖြည့် ထက်မံတိုးပေးထားသော စီနီယာ လက်ထောက်နည်းပညာမှူးတစ်ဦးမှာ State Infraအဖြစ် တာဝန်ပြောင်းလဲသွားပါဖြင့် အစားထိုး တစ်ဦးပြန်လည်ရရှိလျှင် လုပ်ငန်းများကြီးကြပ်ရာတွင် ပိုမိုထိရောက်နိုင်မည်ဟု တင်ပြအပ်ပါသည်။ မြို့နယ် Infraသည် မိခင်ဌာနဘက်တွင်လည်း တာဝန်ယူဆောင်ရွက် နေရပါသဖြင့် စီမံကိန်း လုပ်ငန်းခွဲများ ကြီးကြပ်ပေးရာတွင် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် တွင် CSAG (TTA) စာချုပ်ပြီးဆုံးချိန်တွင် လုပ်ငန်း တာဝန်များပြားမှုကြောင့် ဝေဖန်အကြံပြုစာဖြေရှင်းခြင်းနှင့် MIS ထဲ ထည့်သွင်းရာတွင် နှောင့်နှေးခြင်းများ ကြုံတွေ့ခဲ့ရသော်လည်း အခြားသောဝန်ထမ်းများ၏ ကူညီမှုများဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ်တွင် လက်ထောက်နည်းပညာမှူး(၂)ဦးနှင့် စည်းရုံးရေးမှူး (၁)ဦး နုတ်ထွက်ခွင့် တင်ထားသဖြင့် ပြန်လည်ခန့်ထားနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

**ရမည်းသင်းမြို့နယ်**

TTA Procurement Officer ကို ၂၀၁၈ တွင် ကန်ထရိုက်ပြည့်သော်လည်း လိုအပ်ချက်ကြောင့် မတ်လ ၂၀၁၉ ထိ တိုးချဲ့ခန့်အပ်ထားပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ**

တိုင်းဒေသကြီးစီမံကိန်းရုံးခွဲအဖွဲ့၏ ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားမှာ (၉)ဦးဖြင့် ဖွဲ့စည်းထားရှိသော်လည်း လက်ရှိတွင် တိုင်းဒေသကြီးဦးစီးမှူး၏ အစီအစဉ်ဖြင့် တွဲဘက်ဝန်ထမ်း(၅) ဦး ပြင်ပမှခန့်အပ်ထားသည့် အခြေခံအဆောက်အဦဆိုင်ရာ နည်းပညာအကြံပေး ဝန်ထမ်း (၂)ဦး တို့ဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ် ထားရှိ ပါသည်။ အကယ်၍ ပြည်ထောင်စုအဆင့်စီမံကိန်းရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းအင်အား ထပ်မံ ဖြည့်တင်း ပေးသွားမည်ဆိုပါက အခြေခံအဆောက်အဦဆိုင်ရာ တာဝန်ခံ(၁)ဦး နှင့် စောင့်ကြည့် ကြီးကြပ်နှင့်အချက်အလက်နည်းပညာဆိုင်ရာ တာဝန်ခံ(၁)ဦးစီအား ဖြည့်တင်းပေးနိုင်ပါရန် တင်ပြ အပ်ပါသည်။

**ကော့မှူးမြို့နယ်**

ကော့မှူးမြို့နယ်စီမံကိန်းရုံးတွင် DRD Procurement Counterpart and Procurement Officer လစ်လပ်လျှက် ရှိခြင်း၊ TF – ၅ ဦးနှင့် CF – ၅ ဦး လစ်လပ်လျှက် ရှိခြင်း၊ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် လစ်လပ်နေသော နေရာများ တွင် အစားထိုးဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲရှိခြင်းကြောင့် ဝယ်ယူရေးလုပ်ငန်းများ စစ်ဆေး ရာတွင်လည်း အခက်အခဲရှိနေပါသည်။

**ကျောက်တန်းမြို့နယ်**

မြို့နယ်လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းအင်အားအရ DRD ဝန်ထမ်းများ၊ မြို့နယ် အကြံပေး ဝန်ထမ်းများနှင့် လူထုစည်းရုံးရေးမှူးများမှာ ဝန်ထမ်းအင်အားအပြည့်အဝ ရှိနေခဲ့သော်လည်း လတ်တလောတွင် လက်ထောက်နည်းပညာမှူး အင်အားများအနက် အမျိုးသား ဝန်ထမ်း (၁) ဦးမှာ နှုတ်ထွက်သွားခြင်း၊ အမျိုးသမီးဝန်ထမ်းတစ်ဦးမှာ မီးဖွားခွင့် ယူသွားခြင်းတို့ကြောင့် ဝန်ထမ်း အင်အားနည်းနေပါသည်။

DRD Counterpart ဝန်ထမ်းများသည် မိခင်ဌာန၏ လုပ်ငန်းတာဝန်များကို ပူးတွဲ ထမ်းဆောင် နေရသဖြင့် စီမံကိန်းတွင် အချိန်ပြည့်ပူးပေါင်းပါဝင်ပေးနိုင်မှု အားနည်းခြင်း၊ တစ်ချို့ ဝန်ထမ်း များသည် လနှင့်ချီ၍ ခွင့်ခံစားနေသဖြင့် လုပ်ငန်းတိုးတက်မှု အပိုင်းတွင် အားနည်းလျက်ရှိပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဝယ်ယူရေးနည်းပညာ အကြံပေး မရှိသဖြင့် DRD Counterpart တစ်ဦးတည်းကသာ ဆောင်ရွက်နေရပြီး မိခင်ဌာန၏လုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်နေရသဖြင့် အလုပ်များ စုပုံနေပြီး အခက်အခဲ ရှိနေခြင်း။

**ကြံခင်းမြို့နယ်**

ကြံခင်းမြို့နယ်အနေဖြင့် စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သောကြောင့် ဝန်ထမ်းအပြောင်းအလဲ များခြင်းကြောင့် ဝန်ထမ်းခန့်အပ်ရန် အခက်အခဲများ ရှိပါသည်။ အထူးသဖြင့် အင်ဂျင်နီယာ များခေါ်ရာတွင် လုပ်ငန်းနှင့်ကိုက်ညီသည့် ဝန်ထမ်းများရရှိရန် ခက်ခဲခြင်း။ ဝန်ထမ်း အသစ်ခန့်ခြင်း ဖြစ်သောကြောင့် လုပ်ငန်းသဘောတရားများအား သေချာနားလည်ရန် လုပ်ဆောင်ရခြင်းများရှိပါ သည်။

**သာပေါင်းမြို့နယ်**

သာပေါင်းမြို့နယ်အနေဖြင့် TF တစ်ဦး အလုပ်ထွက်သွားသည့် အချိန်တွင် အခြား TF တစ်ဦးအား အချိန်မီ ခန့်အပ်နိုင်သော်လည်း ထိုအင်ဂျင်နီယာသည် တစ်ပတ်အတွင်း ကျန်းမာရေး အခြေအနေကြောင့် အလုပ်ထွက်သွား သည့်အတွက် ၎င်းတာဝန်ကျ ကျေးရွာသည် လုပ်ငန်း

စတင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် TF တစ်ဦးအား အမြန်ဆုံး ခန့်အပ်နိုင်ရန် လမ်းညွှန်မှုများ လိုအပ်နေပါသည်။

**လယ်ဝေးမြို့နယ်**

လယ်ဝေးမြို့နယ်တွင် ဝန်ထမ်း ဆိုင်ရာအခက်အခဲမရှိပါ။ ပျဉ်းမနားမြို့နယ်တွင် အစီရင်ခံသည့်သုံးလပတ်အတွင်း ဇန်နဝါရီလတွင် TF-၃ ဦးနှင့် CF-၃ဦး လစ်လပ်ခဲ့သော်လည်း ဖေဖော်ဝါရီလ ပထမအပတ်နှင့် တတိယအပတ်တွင် လူစားထိုးခန့်ထားပြီး ဖြစ်ပါသည်။

**ဇမ်းမောက်မြို့နယ်**

ဇမ်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် လစ်လပ်နေသောဝန်ထမ်းများ နေရာများသည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်နေပါသဖြင့် အမြန်ပြန်လည် အစားထိုး ခန့်ထားပေးစေလိုပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် စီမံကိန်းကျေးရွာများခြင်း၊ သွားလာရေး ခက်ခဲခြင်းနှင့် TF ဝန်ထမ်းငယ်များ၏ ကွင်းဆင်းအတွေ့အကြုံနည်းခြင်းကြောင့် ကွင်းဆင်းရာ တွင် စစ်ဆေးညွှန်ကြားရန် အတွက်လည်းကောင်း၊ ရုံးတွင် Drawing နှင့် estimation များ စစ်ဆေးရန်အတွက်လည်းကောင်းပြုလုပ်နိုင်ရန် DRD Infrastructure တစ်ဦးသာရှိသောကြောင့် DRD တိုင်းရုံးမှ Infrastructure တစ်ဦး ပံ့ပိုးပေးပါရန် တင်ပြအပ်ပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ အနေဖြင့် မိခင်ဌာနမှ လုပ်ငန်းများလည်းရှိသောကြောင့် CDD လုပ်ငန်းများကို အချိန်ပေးနိုင်မှု နည်းပါးပါသည်။ DRD မှ Finance Officer တွဲဖက်ဝန်ထမ်းသည် မီးဖွားခွင့် ယူထားသဖြင့် CDD အတွက် DRD ဖက်မှ တာဝန်ယူဆောင်ရွက်ရသော Finance လုပ်ငန်းများအတွက် အခက်အခဲရှိကာ နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါသည်။

**မတူပီမြို့နယ်**

လက်ထောက်နည်းပညာမှူး(၂)နေရာနှင့် လူထုစည်းရုံးရေးမှူး(၁)နေရာတို့မှာ လစ်လပ်လျှက်ရှိပြီး ယခုအချိန်ထိ အစားထိုးခန့်ထားနိုင်ခြင်း မရှိသေးပါ။ လက်ထောက်နည်းပညာမှူး (၂)ဦး နှင့် လူထုစည်းရုံးရေးမှူး(၁)ဦးတို့သည် ဧပြီလတွင်အလုပ်နုတ်ထွက်ရန်အတွက် အလုပ်ထွက်စာတင်ထားပြီး ဖြစ်သောကြောင့် စုစုပေါင်း လူထုစည်းရုံးရေးမှူး(၂)ဦး၊ လက်ထောက် နည်းပညာမှူး (၄)ဦး လစ်လပ်မည်ဖြစ်ပြီး အစားထိုးခန့်ထားခွင့်အား ဆက်လက်တင်ပြ တောင်းခံသွားမည် ဖြစ်ပါသည်။

**ပလက်ဝမြို့နယ်**

ယခုသုံးလပတ်အတွင်း TF ဝန်ထမ်း(၂) ၊ CF ဝန် ထမ်း(၁) ဦးမှာ အလုပ်မှ နှုတ်ထွက်ခဲ့ပါသည်။ တတိယနှစ်စက်ဝန်းအတွင်း TF(၄)ဦးနှင့် CF (၆)ဦး စုစုပေါင်း (၁၀)ဦး လစ်လပ် လျှက်ရှိနေပါသည်။ စတုတ္ထနှစ်စက်ဝန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းမလုပ်ဆောင်နိုင်သော ကျေးရွာအုပ်စုများမှ CF,TF ဝန်ထမ်းများကို လုပ်ငန်းလုပ်ဆောင် မည့်ကျေးရွာအုပ်စုများတွင်ပြောင်းရွှေ့ တာဝန်ပေးထားပါသည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်

TTA CSAGS စာချုပ်သက်တမ်းကုန်ဆုံးပြီးသည့်နောက်တွင် လုပ်ငန်းများ များပြားမှု ကြောင့် ဝေဖန်အကြံပြုစာများကို MISထဲသို့ ထည့်သွင်းခြင်းကို ယနေ့ထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ဝေဖန်အကြံပြုစာရရှိမှုအရေအတွက်သည်လည်း ကျဆင်းသွားပြီး ဝန်ထမ်းများမှ ပြန်လည်၍ အသုံးချရန် အားပေးတိုက်တွန်းမှုများ လုပ်ဆောင်နေပါသည်။ Junior TTA တစ်ဦး ငှားရမ်းထားရှိလျှင် ပို၍ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါလိမ့်မည်။

နှုတ်ထွက်သွားသော လူထုစည်းရုံးရေးမှူးများ၏ လစ်လပ်နေရာများတွင် လစ်လပ်နေသောနေရာများကို အစားထိုးဆောင်ရွက်နိုင်ရန် UNION သို့ ပြည်နယ်မှတဆင့် တောင်းခံရာတွင် CF(၁)ဦးနှင့် TF(၁)ဦးကို ခန့်ထားခွင့် ခွင့်ပြုချက်ရယူပြီး အလုပ်ခေါ်စာ ထုတ်ပြီးဖြစ်၍ ဧပြီလ ကုန်တွင် ခန့်ထားမည် ဖြစ်ပါသည်။ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သောကြောင့် CF, TF များ အနေဖြင့် အလုပ်မှ ထွက်ရန် အသံများကြားနေရပါသည်။ အလုပ်မှထွက်ပါက ဝန်ထမ်းအနေဖြင့် မိမိအလုပ် ထွက်သည့်နေ့တွင် မိမိတာဝန်ယူထားသော အလုပ်များကို (နှစ်အလိုက်ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှစ်အလိုက် ) ကျေပြွန်စွာ လုပ်ဆောင်ပြီးမှသာ အလုပ်ထွက်ရန်နှင့် (၁)လ ကြိုတင် အကြောင်းကြားရန်၊ စည်းကမ်းနှင့်မကိုက်ညီဘဲ ထွက်ပါက ပြည်နယ်မှတစ်ဆင့် ပြည်ထောင်စုအဆင့်သို့ သတင်းပေးပို့မည်ဖြစ်ကြောင်းနှင့် အခြား လူထုဗဟိုပြုစီမံကိန်းသို့ ဝင်ရောက်ပါကလည်း ထောက်ခံချက်ပေးမည် မဟုတ်ကြောင်းကို ပြောကြားထားခဲ့ပါသည်။

နောက်ပိုင်းတွင် ဝန်ထမ်းများ နှုတ်ထွက်သွားနိုင်ဖွယ်ရာများ ရှိနေနိုင်ပါသည်။ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်၍ Phase Out လုပ်ငန်းစဉ်တွင် အလုပ်များသည်ဖြစ်၍ ဝန်ထမ်းများ နှုတ်ထွက်ပါက အစားထိုးခန့်အပ်နိုင်ပါရန်လည်း တင်ပြအပ်ပါသည်။

### ချောင်းဆုံမြို့နယ်

အစီရင်ခံသည့် ကာလအတွင်း TFဝန်ထမ်း(၂) လစ်လပ်လျက်ရှိသော်လည်း ၎င်းတို့၏ တာဝန်များအား SubProjectနည်းသော TF (၂)ဦးအားတာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။

### ဘီးလင်းမြို့နယ်

လက်ထောက်နည်းပညာမှူး တစ်ဦးသည် ဆိုင်ကယ်မတော်တဆမှု တစ်ခုဖြစ်ပွားခဲ့သောကြောင့်ဆေးကုသမှုခံယူရခြင်း၊ အခြားလက်ထောက်နည်းပညာမှူး(၂)ဦးအနက် (၁)ဦးသည်လည်း မီးဖွားခွင့်ယူ၍နှုတ်ထွက်သွားခြင်း၊ နောက်တစ်ဦးသည်လည်း ရာထူးတိုးမြင့်သွားသောကြောင့် ရာထူးမှနှုတ်ထွက်သွားခြင်းတို့ကြောင့် စုစုပေါင်းလက်ထောက်နည်းပညာမှူး(၃)ဦး နေရာလစ်လပ်မှု

ကြုံတွေ့ခဲ့ရပါသည်။ လစ်လပ်နေရာ(၃)ခုတွင် စီမံကိန်းလုပ်ငန်းခွဲများ လက်ရှိအကောင်အထည် ဖော်ဆောင်ရွက် နေခြင်းကြောင့် အခြားလက်ထောက်နည်းပညာမှူး(၂)ဦးအား ထပ်မံတာဝန်ခွဲဝေ ပေးရခြင်း၊မြို့နယ်အင်ဂျင်နီယာမှ လစ်လပ်နေရာများတွင် အနီးကပ်ကွင်းဆင်းကာ လိုအပ်သော နည်းပညာပံ့ပိုးမှုများပြုလုပ်ခဲ့ရပါသည်။

### ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်

ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်သည် လမ်းခရီးခက်ခဲခြင်းနှင့် အလွန်ဝေးကွာသောကြောင့် ဝန်ထမ်းများအုပ်ချုပ်ရာတွင် ခက်ခဲလျှက်ရှိပါ သည်။ အထူးသဖြင့် ဒေသခံဝန်ထမ်းများနည်းပြီး လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်မှ နေထိုင်သောဝန်ထမ်းများ အများစုဖြစ်ပါသည်။

### ကချင်ပြည်နယ်

ကချင်ပြည်နယ်အတွင်းရှိ သုံးလပတ် (ဇန်နဝါရီလမှ မတ်လ) အတွင်း မိုးကောင်းမြို့နယ် တွင် ဝန်ထမ်း အပြောင်းအလဲမရှိဘဲ ရွှေကူမြို့နယ်တွင် နည်းပညာအကြံပေးအဖွဲ့ ဝယ်ယူရေး တာဝန်ခံ အစားထိုးခန့်ထားနိုင်ခဲ့ပါသည်။ ပူတာအိုမြို့နယ်ရှိ ကျေးလက်ဦးစီး တွဲဘက် ဝန်ထမ်းများသည် မြို့နယ်ကျေးလက်တွင် ဝန်ထမ်းအင်အား မလုံလောက်ပါသဖြင့် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်ရာတွင် အချိန်ပေးနိုင်မှု ခက်ခဲပါသည်။

### ဆီဆိုင်မြို့နယ်

ဆီဆိုင်မြို့နယ် နည်းပညာအကြံပေးအဖွဲ့တွင် ဝယ်ယူရေးအရာရှိမှာ (၁၁.၂.၂၀၁၉)တွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ ဆီဆိုင်မြို့နယ် နည်းပညာအဖွဲ့တွင် ဝယ်ယူရေးအရာရှိ (Township Technical Advisor/Junior Technical Advisor)(၁)ဦး ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ရုံးချုပ်မှ မဘိမ်းမြို့နယ်အတွက် အင်အားဖြည့်ထားပေးသော စီနီယာလက်ထောက် နည်းပညာမှူး (၁)ဦးမှာ State/Regin Infra အဖြစ် တာဝန်ပြောင်းလဲသွားပါသဖြင့် အစားထိုး (၁)ဦးပြန်လည်ရရှိလျှင် လုပ်ငန်းများကြီးကြပ်ရာတွင် ပိုမို ထိရောက်နိုင်မည်ဟု တင်ပြအပ်ပါသည်။ မြို့နယ် Infraသည် မိခင်ဌာနဘက်တွင်လည်း ဆောင်ရွက်ရပါသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ ကြီးကြပ်ပေးရာတွင် အခက်အခဲရှိကြောင်း တင်ပြအပ်ပါသည်။

### (ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ

### ကျောက်ကြီးမြို့နယ်

ကျောက်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု(၃၄)အုပ်စု၊ ကျေးရွာ(၁၃၇)ရွာရှိသည့်အနက် ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာ(၁၂၀)ရွာတွင်သာ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ခွင့်ရရှိ ခြင်းဖြစ်ပြီး ကျန်ကျေးရွာအုပ်စု(၉)အုပ်စုရှိ ကျေးရွာ(၁၇)ရွာမှာ မြေယာကိစ္စများ၌ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်များမရခြင်းများကြောင့် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန် ကျန်ရှိနေရခြင်းဖြစ်ပါသည်။ ၂၀၁၉ခုနှစ်၊ မတ်လတွင်ကျင်းပပြုလုပ်သော ကေအန်ယူ - ကရင် အမျိုးသား အစည်း

အရုံး၏ ဖြေကြိမ်မြောက်ဗဟိုအမြဲတမ်း ကော်မတီအရေးပေါ် အစည်းအဝေး၏ သဘောထား ထုတ်ပြန်ချက်များအရ စီမံကိန်းဝန်ထမ်းများအား ခေတ္တရပ်ဆိုင်းထားသည့် ကျေးရွာများသို့ သွားရောက်နိုင်ခြင်းမရှိပါ။

### ရွှေကျင်မြို့နယ်

နယ်မြေအခက်အခဲနှင့်ပတ်သက်၍ ဒေသတွင်း ကျေးရွာအချို့သည် အထွေထွေအုပ်ချုပ်ရေးဌာနတွင် အမည်ပေါက်မှုမရှိခြင်း၊ ကျေးရွာအချို့သည် ဒေသတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ဝင်ထွက်သွားမှုရှိခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကို သိရှိလိုကြောင်း ကျေးရွာများမှ တဆင့်သိရှိရပါသည်။ ရဲသောင်ကျေးရွာတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ နှစ်ဦးနှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း ဆွေးနွေးနိုင်ရေးအား KNU ကရင်အမျိုးသားအစည်းအရုံးထံသို့ ညှိနှိုင်းကမ်းလှမ်း ဆောင်ရွက်ထားပါသည်။

### တနင်္သာရီမြို့နယ်

တနင်္သာရီမြို့နယ်တွင် KNU မှ ထိန်းချုပ်ထားသောကျေးရွာများနှင့် ကျေးရွာအုပ်စုတစ်စုရှိနေသော်လည်း လုံခြုံရေးရာအနေဖြင့် စိုးရိမ်စရာမရှိပါ။ စီမံကိန်း ဝန်ထမ်းများ သွားရောက်ရာတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ စိတ်အားထက်သန်စွာ ကူညီပေးသည့်အတွက် အခက်အခဲမရှိခဲ့ပါ။

### မဘိမ်းမြို့နယ်

နယ်မြေလုံခြုံရေးဆိုင်ရာတွင် တုံကွာကျေးရွာအုပ်စုသို့ စီမံကိန်းအတွက် သွားလာရာတွင် နယ်မြေ အခြေအနေအရ အဖွဲ့အစည်းများနှင့် အနည်းငယ်ညှိနိုင်းမှုများပြုလုပ်ရပါသည်။ စီပိန်းအုပ်စု၊ တုံကွာအုပ်စု၊ ရမ်းဘိုအုပ်စု၊ မိုးလုံးအုပ်စု၊ ကွန်းချောင်းအုပ်စုနှင့် ချောင်းဝအုပ်စုသို့ သွာလာရသည့် လမ်းကြောင်းပေါ်တွင် ရုံဖန်ရံခါ ပစ္စည်းလုမှုများ ဖြစ်ပွားတက်သည့်အတွက် စီမံကိန်းဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းရာတွင် အနည်းငယ် စိုးရိမ်မှုများရှိပါသည်။

### မင်းတုန်းမြို့နယ်

မင်းတုန်းမြို့နယ်မှ တင်ပြထားသည်မှာ ကျေးရွာများတွင် ကျွမ်းကျင်လုပ်သားများ ရှားပါးခြင်းနှင့် ကျွမ်းကျင်လုပ်သားခေါ်ယူရာတွင် ကျေးရွာများမှ နားလည်သဘောပေါက်မှု အားနည်းခြင်းများကြောင့် မိမိနှင့် သိကျွမ်းသူများကို ခေါ်ယူလိုသည့်အတွက် လုပ်ငန်းများ နှောင့်နှေးမှုများ ရှိနေခြင်း၊ အချက်အလက်များ ဖြည့်သွင်းရမည့်ပုံစံများနှင့် ပတ်သတ်၍ အပြောင်းအလဲများ ရှိနေခြင်းနှင့် အချိန်မီ သတင်းအချက်အလက်များမရရှိခြင်းများ ရှိနေခြင်း၊ နောက်ဆုံးနှစ်စက်ဂန်းဖြစ်သည့်အတွက် စီမံကိန်းလုပ်ငန်းများ လည်ပတ်ထိန်းသိမ်းရေးအတွက် လွှဲပြောင်းရမည့် အစီအစဉ်များကို အချိန်မီ ကြိုတင်ပြင်ဆင်နိုင်ရန် လမ်းညွှန်မှုများမရရှိသေးခြင်းတို့ ကြုံတွေ့ရကြောင်းတင်ပြထားပါသည်။

## ပျော်ဘွယ်မြို့နယ်

ပျော်ဘွယ်မြို့နယ်ရှိ အချို့ကျေးရွာများသည် လူသွားလူလာပြတ်ပြီး ရွာစဉ်ဝေးသောကျေးရွာများသို့ သွားရောက်ရာတွင် အမျိုးသမီးတစ်ဦးတည်းအတွက် အန္တရာယ်ရှိနိုင်ပါသည်။ ထို့ကြောင့် တာဝန်ကျ ဝန်ထမ်းအချင်းချင်း အတူပူးတွဲဆောင်ရွက်ရန် မှာကြားထားပါသည်။ ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏ ဖြစ်ပေါ်နေ၍ ဝန်ထမ်းများအား စီမံကိန်းဆိုင်ကယ်များ ဂရုစိုက်ကြရန် အစည်းအဝေးတိုင်းတွင် မှာကြားထားပါသည်။

## ငပုတောမြို့နယ်

ငပုတောမြို့နယ်အနေဖြင့် အချို့ကျေးရွာများတွင် အမျိုးသမီးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာ၌ ညအိပ်နေထိုင်ရန်အတွက် လုံခြုံမှုအားနည်းသောကြောင့် လုံခြုံမှုရှိသော အခြားကျေးရွာများသို့ သွားရောက်ညအိပ်ရပါသည်။

## မတူပီမြို့နယ်

အစီရင်ခံကာလအတွင်း တပ်မတော်စစ်ကြောင်း ရှိနေခြင်းကြောင့် မတူပီမြို့ပေါ်ရှိ စစ်တပ်နယ်မြေအနီး ညနေ ၁၈:၀၀ နာရီမှ မနက် ၀၆:၀၀ နာရီအတွင်းဖြတ်သန်းသွားလာခွင့် ပိတ် ထားပါသည်။ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ဝန်ထမ်းကဒ်များ ယူဆောင်သွားရန်နှင့် နယ်မြေသတင်းရယူပြီး ခရီးစဉ်များရေးဆွဲကြရန် အသိပေးထားပြီးဖြစ်ပါသည်။

## တွန်းဇံမြို့နယ်

အချိန်အခါမဟုတ် ရွာသွန်းသည့် မိုးကြောင့် ဝန်ထမ်းများ ကွင်းဆင်းရာတွင် ဆောင်းတွင်းကာလဖြစ်သည့်အတွက် မြူများဖုံးလွှမ်းခြင်း၊ လမ်းချော်ခြင်း၊ မြေပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။ တွန်းဇံမြို့နယ်၊ ကျီခါးမြို့ Cluster (4)တွင် ပါဝင်သည့် တုန်ကျင်းအုပ်စု၊ တုန်ကျင်းကျေးရွာ နှင့် ပန်းမွှာလ်အုပ်စု၊ ပန်းမွှာလ်ကျေးရွာတို့သည် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် နယ်စပ်မှ ဖြတ်တန်းပြီး သွားလာရသဖြင့် လိုအပ်သည့် အထောက်အထားများနှင့် ထောက်ခံချက်များ တောင်းခံလာပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

KNU အုပ်ချုပ်မှုလက်အောက်ရှိခွာဟေးအုပ်စု ၁ ခု နှင့်NMSP အုပ်ချုပ်မှု အောက်ရှိအချို့ကျေးရွာများမှာ စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုမရှိသေးပါ။ မွန်ပြည်သစ်ပါတီနယ်မြေ(NMSP) အုပ်ချုပ်မှုအောက်ရှိ ပြောင်မထိန်အုပ်စု (၁၁)ရွာမှာလည်း လက်ရှိတွင် ခွင့်ပြုချက်မရရှိ၍ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ယခုလ၅-၄-၂၀၁၉ ရက်တွင် ဖြစ်ပွါးခဲ့သောအနန်းကွင်း(၈)ယောက်လူသတ်မှုတွင် ဖြစ်ပွါးသည့်ရက်မှ နောက်ရက်တွင် အနန်းကွင်း ဝန်ထမ်းများကို သွားလာခွင့်မပြုဘဲ ခေတ္တနားခိုင်းခဲ့ပါသည်။ သို့ရာတွင် ယခုအခါ (၉-၄-၂၀၁၉) ရက်မှစ၍ ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါသည်။

KNU, မွန်ပြည်သစ်ပါတီ ထိန်းသိမ်းမှုအောက်ရှိ စီမံကိန်းကျေးရွာများတွင် လုပ်ငန်းများပြီးစီး၍ ဖွင့်ပွဲများလုပ်ခြင်း၊ လူထုစစ်ဆေးပွဲများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးတာဝန်ရှိသူများမှ တက်ရောက်အားပေးခြင်း၊ ဖဲကြိုးဖြတ် ပေးခြင်း၊ ဟောပြောခြင်းများတွင် တက်ရောက်ဆောင်ရွက် ကြပါသည်။ သို့သော် ကျေးရွာလုပ်ငန်းခွဲဆိုင်းဘုတ်တင်ရာတွင် KNU တာဝန်ရှိသူများမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စာသားနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စာသားကို ထည့်သွင်းရေးသားခြင်း မပြုသင့်ကြောင်းတင်ပြပါသည်။ ပြည်နယ်သို့ မေးမြန်းကာ မကြိုက်ပါက မရေးရန် ပြောကြားလာပါ၍ ဝန်ထမ်းများကို မှာကြားဆောင်ရွက် ထားခဲ့ပါသည်။ KNUမှ တာဝန်ရှိသူတပ်မဟာ(၆)။ တပ်ခွဲ(၁)KNU အဖွဲ့အစည်းမှ ဗိုလ်စောဘီထူးနှင့် အပြည်ပြည်ဆိုင်ရာ CDD ကျွမ်းကျင်သူ (Cardno’s International CDD Specialist , Mr. Robert Anders Anderson) , ပြည်တွင်းစီမံကိန်းအကြံပေး ဦးအောင်ဘုန်းမြင့်နှင့် TTAs တို့တွေ့ဆုံကာ ဝန်ထမ်းများ ကျေးရွာသို့ သွားရောက်သောအခါတွင် အထောက်အထားရှိစေရန်အတွက် ဆွေးနွေးရာ ဗိုလ်စောဘီထူးမှ KNU ထောက်ခံချက်ကဒ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

## လှိုင်းဘွဲ့မြို့နယ်

စော်လော်အုပ်စု/ ထီးဘောခီးကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းတွင် မိုင်းတွေ့သဖြင့် လုပ်ငန်းခတ္တရပ်ဆိုင်း၍ မိုင်းရှင်းလင်းနိုင်ရန် ကြိုးစား ခဲ့သော်လည်း ခက်ခဲမှုများ/ ကြန့်ကြာမှုများ ကြုံခဲ့ရပါသည်။ ယခုအခြေအနေ သည် ကျေးရွာမှ မိုင်းထောင်ခဲ့သူအား ဆက်သွယ် ခဲ့ပြီး လုပ်ငန်းကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြို့နယ်ဝန်ထမ်းများအတွက် မိုင်းပညာပေး သင်တန်း ဆောင်ရွက်ပေးခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်သည့်အတွက် ထိုသင်တန်းအား မတ်လ (၁၅) ရက်နေ့တွင် ဆောင်ရွက်ခဲ့ကြသည်။ ရှမ်းရွာသစ်မြို့ရှိ ကျေးရွာအုပ်စု (၉) အုပ်စုတွင် KNUအဖွဲ့မှ ကန့်သတ် ဇရိယာအဖြစ်သတ်မှတ်ထားပါသောကြောင့် စီမံကိန်းဆောင်ရွက်ရန် အခက်အခဲ ဖြစ်ပေါ်နေပါသည်။

## ဘီးလင်းမြို့နယ်

၂၀၁၉ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ဘီးလင်းမြို့နယ် မြောက်ဘက်ပိုင်းနှင့် ဆက်စပ်သော ဖာပွန်နယ်စပ်ဝန်းကျင်တွင် KNU တပ်မဟာ(၅)နှင့် မြန်မာ့တပ်မတော်တို့၏ စစ်ရေးတင်းမာမှုအနည်းငယ်ရှိခြင်းကြောင့် အဆိုပါကာလများတွင် ဘောနော်ခီးကျေးရွာအုပ်စု၌ တာဝန်ကျဝန်ထမ်းများ၏ခရီးသွားလာမှုများခေတ္တ ရပ်ဆိုင်းထားခဲ့ရပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

ပုဏ္ဏားကျွန်းမြို့နယ်တွင်းနှင့် မြို့နယ်၏မြောက်ပိုင်း ရသေ့တောင်၊ ဘူးသီးတောင်၊ ကျောက်တော်မြို့နယ်များနှင့် ထိစပ်သောဒေသများတွင် တိုက်ပွဲဖြစ်ပွားနေမှုများရှိနေသဖြင့် ပုဏ္ဏားကျွန်းမြို့နှင့် နီးကပ်စွာတည်ရှိသော ကျေးရွာအုပ်စု (၆)ခု၊ ကျေးရွာ (၁၀)ရွာတွင်သာ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်မှု ပြုလုပ်နိုင်ပါသေးကြောင်း တင်ပြအပ်ပါသည်။

လက်ရှိလုံခြုံရေးအခြေအနေအရ မိမိဂနန်ထမ်းများ၏ လုံခြုံရေးကို စိတ်ချရနိုင်သော ကျေးရွာ အုပ်စု (၁၈)ခု၊ ကျေးရွာ (၃၇)ရွာများသို့သာလျှင် ကွင်းဆင်း ဆောင်ရွက်နိုင်မည့် ဖြစ်ပြီး ကျန်ကျေးရွာ အုပ်စု (၆၈)ခု၊ ကျေးရွာ (၁၄၇)ရွာတို့ကို ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရန် လောလောဆယ်တွင် မဖြစ်နိုင်သေးပါ။ မော်တလာအုပ်စုနှင့် သာယာကုန်းစသော အုပ်စု(၇)စုရှိကျေးရွာ(၁၉)ရွာသို့ မသွားရောက်နိုင်ခဲ့ပါ။

## ပလက်ဝမြို့နယ်

အထက်ကုလားတန်ဒေသတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်ကာ စစ်ပွဲများထပ်မံဖြစ်ပွားလာမှုရှိနေသောကြောင့် နယ်မြေအေးချမ်းတည်ငြိမ်မှုနည်းပါးကာ စတုတ္ထနှစ် စက်ဝန်းစတင်ရန်အတွက် စီမံကိန်းမိတ်ဆက်အစည်းအဝေးနှင့်PRA ပြုလုပ်ရန် အုန်းသီးဝအုပ်စု၊ ရွှေလိုင်ပွီအုပ်စု၊ ပကာဝအုပ်စု၊ ဒူရီတောင်အုပ်စု၊မြိတ်ဝအုပ်စု၊ မော်တလာအုပ်စုနှင့် သာယာကုန်း စသော အုပ်စု(၇)စုရှိ ကျေးရွာ(၁၉)ရွာသို့ မသွားရောက်နိုင်ခဲ့ပါ။

## ဖရူဆိုမြို့နယ်

သိုသီးဖိုကျေးရွာအုပ်စု၊ ရောဒေါခေါကျေးရွာအုပ်စုနှင့် ကေကောကျေးရွာအုပ်စု (၃)အုပ်စုသည် (၄ .၂ .၂၀၁၉)ရက်နေ့တွင် KNPP မှ ခွင့်ပြုမိန့် ရရှိ၍ တော်ခူ ကျေးရွာအုပ်စုနှင့် ဒိုးလာစောကျေးရွာအုပ်စု (၂)အုပ်စုသည် (၈.၃.၂၀၁၉)ရက်နေ့တွင် KNPP မှ ခွင့်ပြုမိန့် ရရှိခဲ့ပြီး တစ်လတစ်ကြိမ်သာ ခွင့်ပြုမိန့်ပေးသဖြင့် အချိန်မရွေး ကန့်သတ်နယ်မြေအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။

## ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်

ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များ၏ စီမံကိန်းဧရိယာသည် နယ်မြေလုံခြုံမှု ဆိုင်ရာ အခက်အခဲများစွာရှိပါသည်။ အထူးသဖြင့် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ ကျေးရွာများသည် နယ်မြေကန့်သတ်ချက်များရှိခြင်းကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ရန် သွားလာရေး အတွက် အလွန်ပင် ခက်ခဲလျှက်ရှိပါသည်။ ကယားပြည်နယ်တွင် တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့စုစုပေါင်း(၆)ဖွဲ့ရှိ ပါသည်။ ၎င်းများထဲမှ(၃)ဖွဲ့သည် စီမံကိန်းမြို့နယ်တွင် တည်ရှိနေကြပါသည်။ အထူးသဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အဖွဲ့သည် ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် နယ်မြေထိန်းချုပ်မှုနှင့် ကန့်သတ်မှုများရှိနေပါသည်။ အချို့သောမော်ချီးဒေသတွင်လည်း KNSO အဖွဲ့မှ တည်ရှိပါသည်။

လက်နက်ကိုင်အဖွဲ့အစည်းများမှ ကန့်သတ်ထားသောကျေးရွာအုပ်စု/ကျေး ရွာများ များပြားနေခြင်း၊ အချို့သောဧရိယာများတွင် လက်ကျန်မိုင်းများ ရှိနေသေးခြင်း၊ ဒေသခံ ကျေးရွာ လူထုများမှ အပြည့်အဝယုံကြည်မှုမရှိသေး ခြင်းတို့ ကြုံတွေ့ရပါသည်။ တတိယနှစ် စီမံကိန်း စက်ဝန်းတွင်လည်း ကျေးရွာအုပ်စုပေါင်း(၈)အုပ်စုထဲမှ ကျေးရွာအုပ်စု(၃)အုပ်စုသာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်ထို(၃)အုပ်စုထဲမှ အချို့သောကျေးရွာသည် ခွင့်ပြုသည့်အချိန်၊ ကာလသာသွားလာရပါသည်။ လာမည့်စတုတ္ထနှစ်စက်ဝန်းအတွက် လုပ်ငန်း မစတင်မီ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်များမှ ကရင်နီအမျိုးသားတိုးတက် ရေးပါတီ (KNPP)နှင့် စီမံကိန်း လုပ်ငန်း

များ သဘောတူလုပ်ဆောင်ခွင့်စာဖြင့် တရားဝင်ကူညီ လုပ်ဆောင်ပေးမည်ဆိုပါက မိမိတို့ မြို့နယ် အတွက် လွန်စွာ အကျိုးရှိမည်ဖြစ်ကြောင်း တင်ပြတောင်းဆို အပ်ပါ သည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်တွင် ပထမနှစ်နှင့် ဒုတိယနှစ် စီမံကိန်းစက်ဝန်းတွင် လုံခြုံရေး အခက်အခဲရှိသော ကျေးရွာ ၄ ရွာ (လဘန်က ထောင်၊ နန့်ဟိုင်၊ စေတုံ၊ ဆောင်းခါ) အပြင် မိုးကောင်း-တနိုင်း ကားလမ်းနှင့်နီးသော ကျေးရွာများ (ဆီးဒင်ယံ၊ ကချင်နမ်နွမ်၊ မရမ် ကထောင်) စသည် ကျေးရွာများတွင်လည်း တစ်ခါတစ်ရံ လုံခြုံရေးအခက်အခဲများကြောင့် ယင်းကျေးရွာများ သို့သွားရောက် ရန်ခွင့်မပြု၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အခက်အခဲ များရှိခဲ့သော်လည်း ယခု တတိယနှစ်စီမံကိန်းစက်ဝန်းတွင် ၄င်းကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းလျှက်ရှိပြီး လုံခြုံမှုဆိုင်ရာအခက်အခဲမရှိပါ။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်အနေဖြင့် နယ်မြေမတည်ငြိမ်မှုကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေးဆွဲထားသည့် Work Plan အတိုင်း အချိန်မီ မဆောင်ရွက်နိုင်ခြင်း၊ နယ်မြေတည်ငြိမ်မှုအပေါ် အခြေခံ၍ လုပ်ငန်းများ ဆောင်ရွက်နေရခြင်း စသည့်အခက်အခဲများ ရင်ဆိုင်နေရပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် တုံကွာကျေးရွာအုပ်စုသို့ သွားလာရာတွင် နယ်မြေအခြေအနေအရ အဖွဲ့အစည်းများနှင့် အနည်းငယ် ညှိနှိုင်းမှုများ ပြုလုပ်ရပါသည်။

**(င) နည်းပညာပံ့ပိုးမှုအခက်အခဲ စသဖြင့် မိမိတို့မြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲ များအား ဖော်ပြပေးရန်။**

**ကျောက်ကြီးမြို့နယ်**

နည်းပညာပံ့ပိုးမှုနှင့်ပတ်သက်ပြီး အခက်အခဲများမရှိသော်လည်း တိုင်းဒေသကြီးမှ လူထု ဗဟိုပြုစီမံကိန်း၏ သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ယူထားသည့် ဝန်ထမ်းများမှ မြို့နယ်များသို့ ပုံမှန်ကွင်းဆင်းပံ့ပိုးမှုများပြုလုပ်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

နည်းပညာပိုင်းဆိုင်ရာ အခက်အခဲအနေဖြင့် လက်တောက်နည်းပညာမျုးအများစုသည် အတွေ့အကြုံအားနည်းခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံ လိုအပ်ချက်ရှိခြင်းတို့ကြောင့် နည်းပညာပိုင်း ဆိုင်ရာ အထောက်အပံ့အနေဖြင့် မြို့နယ်မှသော်လည်းကောင်း၊ တိုင်းအဆင့်မှသော် လည်းကောင်း ကြီးကြပ်ဆောင်ရွက်မှု ပေးစေလိုပါသည်။

တိုင်းအင်ဂျင်နီယာမှ အခါအားလျော်စွာ ကွင်းဆင်း၍ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ပြုလုပ်စေလိုပါသည်။ မြို့နယ်သို့ ရောက်ရှိချိန်တွင် လက်ထောက်နည်းပညာမှူးများနှင့် အစည်းအဝေးပြုလုပ်၍ အစည်းအဝေးသုံးသပ်ချက်၊ လိုအပ်ချက်များနှင့် လမ်းညွှန်မှာကြားချက် များအား အစည်းအဝေးမှတ်တမ်းနှင့်အတူ မြို့နယ်စီမံကိန်းတာဝန်ခံများ၊ မြို့နယ်အင်ဂျင်နီယာနှင့် အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် စေလိုပါသည်။

**မဘိမ်းမြို့နယ်**

နည်းပညာပံ့ပိုးမှု အခက်အခဲများတွင် စီမံကိန်းမှ ထုတ်ပေးထားသော အချို့ Laptop များတွင် မြန်မာဖောင့်ထည့်သွင်းအသုံးပြုရာတွင်အခက်အခဲ ရှိပါသည်။ ဒုတိယနှစ်စက်ဝန်း အတွက် MIS Dataများ ထည့်သွင်းနိုင်ရန်အတွက် ရုံးချုပ်မှ သင်တန်း မရရှိသေးပါသဖြင့် အချက် အလက်များအား MIS ထဲသို့ မဖြည့်သွင်းနိုင်သေးပါ။ စီမံကိန်း ကျေးရွာအနည်းငယ်သည် ဆက်သွယ်ရေးဖုန်းလိုင်း မရှိသဖြင့် ကျေးရွာစီထောက် ကော်မတီများနှင့် ချိတ်ဆက်ရာတွင် အနည်းငယ် အခက်အခဲရှိပါ သည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် မှ တင်ပြထားသည်မှာ ကျေးရွာအဆင့် O&M သင်တန်းများကို အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း၊ TFs များအား Auto Cad သင်တန်းများ ပံ့ပိုးပေးစေလို ကြောင်း၊ Phase Out နှင့် ပတ်သတ်သည့် လမ်းညွှန်ချက်များလည်း အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ် မှ တင်ပြထားသည်မှာ Phase out Guideline များအား English – Myanmar နှစ်ဘာသာဖြင့်ပံ့ပိုးပေးစေလိုကြောင်း၊ ကျေးရွာအသစ်များတွင် ဖြစ်ပေါ်နေသည့် ရန်ပုံငွေခွဲဝေမှု မပြေလည်သည့် ပြဿနာများအား တိုင်းဒေသကြီး/ ပြည်ထောင်စုအဆင့်မှ လာရောက် ညှိနှိုင်း ပေးစေလိုကြောင်း၊ လည်ပတ်ပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းညွှန်ချက်များ ပံ့ပိုးပေးစေ လိုကြောင်း တင်ပြထားပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ်မှ တင်ပြထားသည်မှာ မီးလင်းရေးလုပ်ငန်းများအတွက် နည်းပညာပိုင်း ဆိုင်ရာများ ကူညီပေးစေလိုကြောင်းနှင့် အီတလီချေးငွေဖြစ်သဖြင့် Technical Audit ဝင်မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင် Infra Team မှ လာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ်ပေးစေလိုကြောင်း၊ Union M&E Team အနေဖြင့် အခါအားလျှော်စွာ ကွင်းဆင်း လေ့လာပြီး လိုအပ်သည်များကိုဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်စေလိုကြောင်းနှင့် Union Finance နှင့် Procurement များမှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်ပေးစေလိုကြောင်း တင်ပြထား ပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ် မှ တင်ပြထားသည်မှာ ဝယ်ယူရေးအရာရှိများအတွက် မွမ်းမံသင်တန်းအား ပြည်ထောင်စုအဆင့်မှ ပေးစေလိုကြောင်းနှင့် သင်တန်းရရှိခြင်းမရှိသေးသော စီမံကိန်းဝန်ထမ်း အသစ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် သင်တန်းပေးစေလိုကြောင်း တင်ပြထားပါသည်။

**ငါန်းဇွန်မြို့နယ်**

ပြည်ထောင်စုနှင့် တိုင်းဒေသကြီးစီမံကိန်းရုံးတို့မှ ကွင်းဆင်းစစ်ဆေးခြင်း၊ တွေ့ဆုံဆွေးနွေး ခြင်းများ ပြုလုပ်ပေးနိုင်ခဲ့၍ နည်းပညာပံ့ပိုးမှု အခက်အခဲမရှိပါ။ စီမံကိန်း ဆောင်ရွက်ရာတွင် အခက် အခဲဖြစ်ပေါ်ပါက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး စီမံကိန်းရုံးသို့ တင်ပြ၍ ဆောင်ရွက်လျက် ရှိပါသည်။

**ညောင်ဦးမြို့နယ်**

ယခုအခါတွင် ညောင်ဦးမြို့နယ်လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်) စက်ဝန်းစီမံကိန်းလုပ်ငန်း များ အကောင်အထည်ဖော်ဆောင်နေချိန်ဖြစ်ပါသဖြင့် ကျေးရွာများရှိစီမံကိန်း လုပ်ငန်းများအပေါ် Clustersများမှ တာဝန်ခံမှု တာဝန်ယူမှုဖြင့် ပေါင်းစပ်ဆောင်ရွက်လျှက်ရှိပါသည်။

**ကျောက်တန်း**

ကျေးရွာများ၏ ကော်မတီအဖွဲ့ဝင်များကို ကဏ္ဍအလိုက်သင်တန်းများ ပို့ချပေးရာတွင် သင်တန်းတက်ရောက်နိုင်မှုအားနည်းခြင်း၊ စိတ်ပါဝင်စားမှု အားနည်းသောကြောင့် လုပ်ငန်းခွင် အတွင်း ပြန်လည်အသုံးချရာတွင် တိကျစွာပြန်လည်အသုံးချနိုင်ခြင်း မရှိကြောင်း တွေ့ရှိနေရပါသ ဖြင့် ပိုမိုကောင်းမွန်သော အစီအမံများလမ်းညွှန်ပေးစေလိုပါသည်။

**ကြံခင်းမြို့နယ်**

ကြံခင်းမြို့နယ်အနေဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် အင်ဂျင်နီယာများမှာ အတွေ့အကြုံ အားနည်းသည့် အခက်အခဲများ ရှိပါသည်။

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်အနေဖြင့် စီမံကိန်းစက်ဝန်းရှိ အဆင့်များ အချိန်မီပြီးစီးနိုင်ရန် အားထုတ် နေရသဖြင့် ကွင်းဆင်းဝန်ထမ်းများအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပိုမိုပို့ချ ပေးရန် လိုအပ်ပါသည်။

**လယ်ဝေးမြို့နယ်**

လယ်ဝေးမြို့နယ်တွင်အခက်အခဲမရှိသော်လည်း ပျဉ်းမနားမြို့နယ်တွင် ညောင်ပင်သာ ကျေးရွာအုပ်စု၊ အလယ်ရွာ + သဲကျွန်းကျေးရွာ ပေ (၁၀၀) ချောင်းကူးတံတားတည်ဆောက်ရေး

အတွက် တိုင်းတာခြင်း၊ အသေးစိတ်တွက်ချက်ခြင်းစသည့် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများကို ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြို့ပြလမ်းတံတား ဦးစီးဌာနမှ Design & Estimate တွက်ချက်လျက်ရှိပြီး ယခုအထိရရှိခြင်း မရှိသေးပါ။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် လက်ထောက်နည်းပညာမှူးများသည် ကျေးရွာ နှင့် လိုက်လျောညီထွေသော အင်ဂျင်နီယာဆိုင်ရာနည်းပညာဆိုင်ရာ ဗဟုသုတများ လက်လှမ်းမီရန် တိုင်းဒေသကြီး၏ Regional Infra Specialist မှ ဆက်လက်၍ နည်းပညာများ အနီးကပ် ပံ့ပိုးပေးစေလိုပါသည်။ ထို့အပြင် လည်ပတ်ထိန်းသိမ်းရေးသင်တန်းကို Regional Infra Specialist ဦးဆောင် ကြီးကြပ်၍ ဆောင်ရွက်ပေးခဲ့ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းပထနှစ်စက်ဝန်းတွင် စီမံကိန်းမှ နည်းပညာပံ့ပိုး ပေးမှုအပေါ် ကျေးရွာလူထုမှ အပြည့်အဝလက်မခံပဲ ယင်းတို့၏ မိရိုးဖလာနည်း အတိုင်း ဆောင်ရွက်လိုသော ကြောင့် အခက်အခဲများရှိနေပါသည်။ ကျေးရွာတွင်း လမ်းဆောက် လုပ်ခြင်းလုပ်ငန်းတွင် စီမံကိန်းမှ နည်းပညာပံ့ပိုးပေးရာ၌ အချို့ကျေးရွာများမှ ကျေးရွာတွင်း လမ်းများကျဉ်းသောကြောင့် ရေမြောင်းထည့်သွင်း ဆောက်လုပ်မှုကို လက်မခံသဖြင့် အခက်အခဲ များတွေ့ရပါသည်။ အချို့စီမံကိန်းကျေးရွာများတွင် ကုန်းလမ်း၊ ရေလမ်းတွင် သွားလာရသည်မှာ အခက်အခဲရှိပါသည်။ သို့အတွက် ဂျင်းလမ်းခင်းရာတွင် လမ်းကြိတ်စက် မသုံးနိုင်သည့်အတွက် အရည်အသွေး အနည်းငယ်ကျဆင်းနိုင်ပါသည်။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းရုံးသည် ပထမနှစ်ဖြစ်သောကြောင့် လက်ထောက် နည်းပညာမှူးမှာ (CDD) အတွေ့အကြုံမရှိသဖြင့် လိုအပ်သော နည်းပညာသင်တန်းများ နောက် စက်ဝန်းမစတင်မီ ပေးရန်လိုအပ်ပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအားလျှပ်စစ်အကောင်အထည်ဖေါ်ရန်အတွက် ဒီဇိုင်းနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုအပိုင်းတွင် အခက်အခဲရှိနေပါသေးသည်။ စီမံကိန်းမှပုံစံစာရွက်များ နောက်ကျမှ ရရှိ သည့်အတွက် လုပ်ငန်းများကို ထပ်မံ၍ လုပ်ဆောင်ခဲ့ရပါသည်။ ဥပမာ PC-3 update form ကို နောက်ကျမှရရှိသည့်အတွက် VDP စာအုပ်များတွင် ပြန်ထည့်ရန် ရွာသို့နောက်တစ် ကြိမ်သွား ရောက်သည့် အချိန်တွင်မှ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ စိမ့်စမ်းရေသွယ် လုပ်ငန်းများအတွက်

မြေပြင်ကွင်းဆင်းတိုင်းတာရန်အတွက် လိုအပ်သော ကိရိယာဖြစ်သည့် Abney Hand Level မရှိသောကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။ (ဥပမာ- Auto Cad Training)

**ဝွမြို့နယ်**

Estimate များတွက်ချက်ရာတွင် မှန်မမှန်လမ်းပြပေးရန်နှင့် တွက်ပြီးသား ခန့်မှန်းတွက်ချက်မှုများကို ပြန်လည်စစ်ဆေးပေးရန် Infra Counterpart တစ်ဦးတည်းသာ ရှိသောကြောင့် အချိန်မီ စစ်ဆေးမှုများ မပြုလုပ်ပေးနိုင်ခဲ့ပါ။

**ပလက်ဝမြို့နယ်**

ကျေးရွာအုပ်စု (၈၉) အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၁၀၀) ခု အတွက် Drawing, Estimate များကို Regional Infra မှအင်ဂျင်နီယာများမှကူညီတွက်ချက် စိစစ်ပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရာတွင်လည်း လိုအပ်သောကွင်းဆင်းစစ်ဆေးမှု များကို လုပ်ဆောင်ပေးခဲ့ကြပါသည်။

DRD Counterparts အနေဖြင့် CSAG နှင့် Procurement အတွက် တာဝန်ယူ လုပ်ဆောင်ပေး မည့်ဝန်ထမ်းများအားတာဝန်ခွဲဝေ ပေးထားပြီးဖြစ်ရာ လုပ်ငန်းဆောင်ရွက်ချက်များ အချိန်မီပြီးစီးစေရေးအတွက် စိစဉ်ကြပ်မတ်ပေးလျှင် ပိုမိုအဆင်ပြေနိုင်မည် ဖြစ်ပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ် CDD နှင့် Regional Infra များမှ TF များအား လိုအပ်သော နည်းပညာ ပိုင်းဆိုင်ရာ ပံ့ပိုးမှုများပြုလုပ်ပေးလျှက်ရှိပါသည်။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ်တွင် (TA)များ ပံ့ပိုးမှုမရှိသဖြင့် PC Formဖြည့်သွင်းရာတွင်အခက်အခဲ အနည်းငယ် ရှိပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် ကျေးရွာအုပ်စု(၁၃)အုပ်စု၊ ကျေးရွာပေါင်း(၃၂၂)ရှိပါသည်။ ကျေးရွာအုပ်စု အရွယ်အစားအလိုက် အုပ်စုတစ်စုတွင် အနည်းဆုံး(၈)ရွာမှ အများဆုံး(၅၀)ရွာထိ ရှိပြီး ကျေးရွာ အရေအတွက်များသော ကျေးရွာအုပ်စုတွင် ကျေးရွာအစည်းအဝေးများပြုလုပ်ခြင်းနှင့် ကျေးရွာအုပ်စု ဘဏ္ဍာရေးအစီရင်ခံစာများပြုစုခြင်း၊ ကျေးရွာအုပ်စု ဝေဖန်အကြံပြု တိုင်ကြားရေးစနစ်များကို ကျေးရွာအုပ်စုအဆင့်ကော်မတီမှ ဖြေရှင်းခြင်းတို့တွင် အချိန်ပိုပေးရသည့် အခက်အခဲအနည်းငယ် ရှိပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်တွင် နည်းပညာပံ့ပိုးမှု အခက်အခဲများတွင်များတွင် စီမံကိန်းမှ ထုတ်ပေးထားသော အချို့ Laptopများတွင် မြန်မာဖောင့်ထည့်သွင်း အသုံးပြုရာတွင် အခက်အခဲရှိပါသည်။ MIS Dataများ ထည့်သွင်းနိုင်ရန်အတွက် ရုံးချုပ်မှသင်တန်း မရှိသေးပါသဖြင့် အချက်အလက်များအားMIS ထဲသို့ မဖြည့်သွင်းနိုင်သေးပါ။ စီမံကိန်းကျေးရွာအနည်းငယ်သည် ဆက်သွယ်ရေးဖုန်းလိုင်းမရှိသဖြင့် ကျေးရွာစီထောက်ကော်မတီများနှင့် ချိတ်ဆက်ရာတွင် အနည်းငယ် အခက်အခဲရှိပါသည်။

**၁၅။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် ၆၁ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) **Labour report** အား **M&E focal** နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် **CSAG** နှင့် **DRD** မှ ဦးစီးဆောင်ရွက်ရန်

(ဃ) **CF** များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား **political role** အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကြွယ်ဝ လာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် **TA/DRD** များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စု အဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) **NCDDP** ၏ ကျားမရေးရာ **stragies** ပြင်ဆင်ထားသည့် ပုံစံများ ကို **WB** အပါအဝင် **CDD** ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မျှဝေတင်ပြရန်
(ဃ) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်စုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြု လုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား ဇွန်လတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။ မတ်လ တွင် **ISM 18** ပြုလုပ်ခဲ့ပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- **ISM 19** ကို ဇွန်လတွင် ကျင်းပပြုလုပ်မည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ်မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား အောက်တိုဘာလတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထားသော ဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှုများ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

**၁၆။ စီမံကိန်း လုပ်ငန်းအတွက် နောင်လာမည့် ၆ လအတွင်း ပြည်နယ်/ တိုင်းဒေသကြီး (သို့) ပြည်ထောင်စုအဆင့်မှ စီမံကိန်းမြို့နယ်များအပေါ် လိုအပ်သော ကူညီပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ-**

**ပဲခူးတိုင်းဒေသကြီး**

ပြည်ထောင်စုအဆင့်မှ ပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းရုံး ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ပံ့ပိုးကူညီပြီး လိုအပ်သည့်အကြံဉာဏ်များအား ပေးစေလိုပါသည်။

**ကျောက်ကြီးမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ယခုသုံးစွဲနေသော ဖိုင်စင်များမလုံလောက်ပါသဖြင့် shelfbook caseများ ထပ်မံပံ့ပိုးပေးစေချင်ပါသည်။

**ပန်းတောင်းမြို့နယ်**

ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

## ရွှေကျင်မြို့နယ်

လက်ထောက်နည်းပညာမှူးများအား နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးရန် တင်ပြအပ်ပါသည်။ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးစီမံကိန်းအင်ဂျင်နီယာ တာဝန်ခံမှ ကွင်းဆင်းကြီးကြပ်၍ လမ်းညွှန်ဆောင်ရွက်မှုပေးရန် တင်ပြအပ်ပါသည်။ စီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍မိတ်ဆက်စာစောင်များ၊ လက်ကမ်းစာစောင်များ ပိုမိုထောက်ပံ့မှု ရရှိပါက အများပြည်သူများအား စီမံကိန်းနှင့်ပတ်သက်၍ သတင်းဖြန့်ဝေပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေပါသည်။ ဝေဖန်အကြံပြုစာအိတ်များနှင့် ဝေဖန်အကြံပြုလက်စွဲစာစောင်များ ထပ်မံထောက်ပံ့ပေး စေလိုပါသည်။ ရွှေကျင်မြို့နယ် လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လွှမ်းခြုံဒေသများဖြစ်သည့် ကျေးရွာအုပ်စု (၃၁)အုပ်စု အနက် ရဲသောင်ကျေးရွာအုပ်စုသို့ စီမံကိန်းလုပ်ငန်း လုပ်ဆောင်နိုင်ရန် ကရင်အမျိုးသား အစည်းအရုံး (KNU) နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် ပထမနှစ်စက်ဝန်း တွင်ချန်လှပ်ထားရှိခဲ့ရပါသည်။ ရဲသောင်ကျေးရွာ စီမံကိန်းဆောင်ရွက်မှု အခက်အခဲများအား ပေးပို့တင်ပြထားပြီးဖြစ်ရာ ဆက်လက်ဆောင်ရွက်သွားရမည့် လိုအပ်သော လမ်းညွှန်မှုများဖြင့် ပံ့ပိုးဆောင်ရွက်စေလိုပါသည်။

## ညောင်ဦးမြို့နယ်

Trainingများအားပြည်ထောင်စုအဆင့်၊ ပြည်နယ်တိုင်းအဆင့်များမှ အချိန်မီ ဆောင်ရွက်ပေးရန်(သို့) မြို့နယ်အစီအစဉ်ဖြင့် ဆောင်ရွက်ခွင့်ပြုရန်၊ လိုအပ်သောနည်းပညာများ၊ အမိန့်/ညွှန်ကြားချက်များအားအချိန်မီ ထုတ်ပြန်ပေးပါရန်။

## နွားထိုးကြီးမြို့နယ်

၂၀၁၉ခုနှစ်တွင် ဂန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးရန် တင်ပြအပ်ပါသည်။

## ကော့မှူးမြို့နယ်

ကော့မှူးမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် တတိယနှစ်စီမံကိန်းစက်ဝန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်လစ်လပ်နေသည့် DRD မှ Infrastructure Engineer နှင့် Procurement Counterpart ရာထူးအတွက် အမြန်ဆုံးခန့်ထားပေးနိုင်ပါရန်တင်ပြ တောင်းခံအပ်ပါသည်။ တတိယနှစ် စီမံကိန်းစက်ဝန်း စတင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် PC form များ upload လုပ်ရာတွင် အဆင်ပြေရန်အတွက် ပြင်ဆင်ရန်ရှိသည့် Tablets အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြတောင်းခံ ထားပါသည်။

## ကျောက်တန်းမြို့နယ်

ဝန်ကြီးဌာန၏ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီး လွှတ်တော်အမတ်များနှင့် တွေ့ဆုံဖြေရှင်းရမည့် တိုင်ကြားမှုများတွင် မြို့နယ် အဆင့် စီမံကိန်းဝန်ထမ်းများနှင့်အတူ တစ်ခါတစ်ရံ ဦးဆောင်ဆွေးနွေးဖြေရှင်းပေးနိုင်ပါက မြို့နယ်အဆင့်တွင် လုပ်ငန်းအကောင်အထည်ဖော်နေရသော အခြေအနေများကို မျက်ဝါးထင်ထင် သိရှိသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထိုကဲ့သို့ကွင်းဆင်းပါက လုပ်ငန်းအကောင်အထည်ဖော်မှု အပိုင်းတွင် အောက်ခြေအဆင့်၏ ဆောင်ရွက်မှုအပိုင်းသည် ပိုမိုအဆင်ပြေလွယ်ကူလာမည် ဖြစ်ပါသည်။

## ကွမ်းခြံကုန်းမြို့နယ်

ဘဏ္ဍာရေးအပိုင်းတွင် နေပြည်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအတွက် အစည်းအဝေးများ၊ သင်တန်းများပြုလုပ်ရန် လျာထားသော အစီအစဉ်များအား မြို့နယ်များသို့ သုံးလပတ် ဘဏ္ဍာရေးအစီအစဉ်များ မရေးဆွဲမီ ကြိုတင်ပေးပို့စေလိုပါသည်။ သို့မှသာ ဘဏ္ဍာရေးအစီအစဉ် အတွက် ပိုမိုမှန်ကန်လာစေပါမည်။ (အထူးသဖြင့် CSAG ၏ ၃ လအတွင်းဆောင်ရွက်မည့် အစည်း အဝေး၊ သင်တန်း၊ ပြပွဲများ)လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန် အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ် သုံးသပ်ရေးဆိုင်ရာ မွမ်းမံသင်တန်းများကို လုပ်ငန်းခွဲများ မစတင်မီ ပြန်လည်ပြုလုပ်ပေးစေ လိုပါသည်။

မြို့နယ်ရုံးများသို့ လာရောက်၍ အခက်အခဲများအတွက် ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများ လာရောက် ဆောင်ရွက်စေလိုပါသည်။ မြို့နယ်တွင် ဖိုင်တွဲထားရှိမှု အခြေအနေများနှင့် အဆောက်အဦပိုင်း ဆိုင်ရာများအတွက် ကွင်းဆင်းလေ့လာကြီးကြပ်မှုများ ပုံမှန်လာရောက် ဆောင်ရွက်စေလိုပါသည်။ စီမံကိန်းတွင်အသုံးပြုရန် ထုတ်ပေးထားသည့်ပစ္စည်းများ ပျက်စီးမှုများကို တင်ပြရာတွင် အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန်ပေးစေလိုပါသည်။ သို့မှသာလျှင် လုပ်ငန်း နှောင့်နှေးမှု မရှိမှာ ဖြစ်ပါသည်။ (တက်ဘလက်များ၊ ဆိုင်ကယ်များ)

## ကြံခင်းမြို့နယ်

ကြံခင်းမြို့နယ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်မှ မြို့နယ်များ အတွက် စီမံကိန်းလုပ်ငန်းများ၊ သင်တန်းများ၊ အစီအစဉ်များ ရေးဆွဲရာတွင် အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ပေးစေလိုပါသည်။

## သာပေါင်းမြို့နယ်

သာပေါင်းမြို့နယ်အနေဖြင့် Motorbike ပြင်ဆင်ရန် ဝန်ထမ်းများ၏ လုံခြုံရေး (Safe and Security) အတွက် ဆိုင်ကယ်များတွင် အရေးပေါ် ပစ္စည်းများ (emergency kit for bike) (tube၊ ဖာစနှင့် လေထိုးတံ အသေး) ဆိုင်ကယ် တစ်စီးစီတွင် အရန်သင့် ရှိရန်လည်း အကြံပြု တင်ပြအပ်ပါသည်။ ပြင်ဆင်ရန်လိုအပ်သော Tablet များ အချိန်မီ ရရှိရန် လိုအပ်ပါသည်။ရရှိထားသော Copier သည် မကြာခဏပြုပြင်ရပြီးမြို့နယ်အတွက် PC များ၊ Estimate နှင့် အခြားရုံးသုံး မိတ္တူဆွဲခြင်း များသည် အလွန် များပြားသည့်အတွက် စက်တစ်လုံးတည်းဖြင့် မလုံလောက်နိုင်ပါ။ တစ်နေ့လျှင်

စာရွက်ရေ ၁၅၀၀ အနည်းဆုံး မိတ္တူဆွဲရသဖြင့် စက်၏ ကြံ့ခိုင်မှုအား ထိခိုက်နိုင်ပါသည်။ ထို့အတွက်ကြောင့် Copier တစ်လုံး ထပ်မံထောက်ပံ့ရန် လိုအပ်ပါသည်။ အစားထိုးခန့်အပ်ဝန်ထမ်းများ (CF/TF) အတွက် သက်ဆိုင်သည့် စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖြည့်စွက်ပို့ချပေးစေလိုပါသည်။

**ခနော့ဖြူမြို့နယ်**

ခနော့ဖြူမြို့နယ်အနေဖြင့် စီမံကိန်းဆောင်ရွက်မှုပိုမိုအားကောင်းစေရန်အတွက် တိုင်း ဒေသကြီးမှ သက်ဆိုင်ရာမြို့နယ်များကို စီမံကိန်းနှင့်ပါတ်သက်သော အကြောင်းအရာများ (မတူညီသော ဒေသအခက်အခဲ ၊ ဆောင်ရွက်ရန်ခက်ခဲသော နေရာဒေသ၊ သင်ခန်းစာ ယူရန် အတွေ့အကြုံများကို) တိုင်းဒေသကြီး လစဉ်ပုံမှန်အစည်းအဝေးတွင် သီးသန့်အချိန်ပေးပြီး ဆွေးနွေးမည်ဆိုပါက မြို့နယ် အလိုက် ဆွေးနွေးစေချင်ပါသည်။

**လယ်ဝေးမြို့နယ်**

လယ်ဝေးမြို့နယ်မှ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများတွင် ခွင့်ပြုချက်ရရှိနိုင်ရန် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာပါကကူညီပေးစေလိုပါသည်။

**ပျဉ်းမနားမြို့နယ်**

ပျဉ်းမနားမြို့နယ်မှညောင်ပင်သာကျေးရွာအုပ်စု၊ အလယ်ရွာ + သဲကွန်းရွာ ပေ (၁၀၀) ချောင်းကူးတံတားတည်ဆောက်ရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများကို မြို့နယ်အဆင့် အနေဖြင့် အခက်အခဲရှိပါသဖြင့် တိုင်းဒေသကြီးအဆင့် ပြည်ထောင်စု အဆင့်မှ သက်ဆိုင်ရာ လမ်းတံတား ဦးစီးအထက်အဆင့်ဆင့်နှင့်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း တင်ပြအပ် ပါသည်။

**ဇန်းမောက်မြို့နယ်**

ဇန်းမောက်မြို့နယ် လူထုဗဟိုပြုစီမံကိန်းသည်လုပ်ငန်းများ အဆင်ပြေချောမွေ့ အောင်မြင်နိုင်ရန် အလို့ငှာ ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီးအဆင့်များမှ လိုအပ်သော လမ်းညွှန်ချက်များ ပံ့ပိုးခြင်း၊ ကိုယ်တိုင်လာရောက် ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးစေလိုပါသည်။

**မြောင်မြို့နယ်**

မြောင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းများအတွက် နောင် (၆) လအတွင်း တိုင်းဒေသကြီးအဆင့်/ ပြည်ထောင်စုအဆင့်များမှ စီမံကိန်းအပေါ် လိုအပ်သော ကူညီ ပံ့ပိုးမှုပေးစေလိုသည့် အကြောင်းအရာများ မရှိပါ။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းများအတွက် နောင် (၆)လ အတွင်း တိုင်းဒေသကြီးအဆင့်/ ပြည်ထောင်စုအဆင့်များမှ စီမံကိန်းအပေါ် လိုအပ်သော ကူညီပံ့ပိုးမှု ပေးစေလိုသည့် အကြောင်းအရာများ မရှိပါ။

**ကျွန်းလှမြို့နယ်**

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းများတွင် DRD မှ Finance Officer တွဲဖက်ဝန်ထမ်းသည် မီးဖွားခွင့် ယူထားသဖြင့် CDD အတွက် DRD ဖက်မှ တာဝန်ယူဆောင် ရွက်ရသော Finance လုပ်ငန်းများအတွက်အခက်အခဲရှိကာ နှောင့်နှေး ကြန့်ကြာမှုများရှိနေပါသဖြင့် တွဲဖက်ဝန်ထမ်းတစ်ဦး အမြန်ခွဲဝေချထားပေးပါရန် တင်ပြအပ်ပါ သည်။

**တနသ်ာရီမြို့နယ်**

တနသ်ာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း၌ စီမံကိန်းဆိုင်ကယ် များမှာ ပျက်စီးမှုများ ပိုမိုများပြားလာပါသည်။ တနသ်ာရီမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ဆင်းတောင်တက်သွားလာရခြင်း၊ တစ်ရွာနှင့်တစ်ရွာ ဝေးလံခြင်းများကြောင့် ပျက်စီးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ပါသည်။ စီမံကိန်းနှစ်အလိုက် သတ်မှတ်ပေးထားသော ဆိုင်ကယ်ပြင်ဆင်ခြင်း အသုံးစရိတ်မှာ လုံလောက်မှုမရှိပါသဖြင့် ပြည်ထောင်စုအဆင့်မှ ဆိုင်ကယ်ပြင်ဆင်ခြင်း အသုံး စရိတ်အား ယခင်နှစ်များထက် တိုးမြှင့်ခွင့်ပြုပေးစေလိုပါသည်။ CF/TF ဝန်ထမ်းများ အပြောင်း အလဲများပြားပြီး DRD ဝန်ထမ်းများမှာလည်း မူလတာဝန်များ ထမ်းဆောင်နေရသဖြင့် လုပ်ငန်း များ အကောင်အထည်ဖော်ရာတွင် ကြန့်ကြာမှုများ ရှိနေပါသည်။

**မင်းတုန်းမြို့နယ်**

မင်းတုန်းမြို့နယ် မှ တင်ပြထားသည်မှာ ကျေးရွာအဆင့် O&M သင်တန်းများကို အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း၊ TFs များအား Auto Cad သင်တန်းများ ပံ့ပိုးပေးစေလို ကြောင်း၊ Phase Out နှင့် ပတ်သတ်သည့် လမ်းညွှန်ချက်များလည်း အမြန်ဆုံး ပံ့ပိုးပေးစေလိုကြောင်း တင်ပြထားပါသည်။

**ပေါက်မြို့နယ်**

ပေါက်မြို့နယ် မှ တင်ပြထားသည်မှာ Phase out Guideline များအား English – Myanmar နှစ်ဘာသာဖြင့်ပံ့ပိုးပေးစေလိုကြောင်း၊ ကျေးရွာအသစ်များတွင် ဖြစ်ပေါ်နေသည့် ရန်ပုံငွေခွဲဝေမှု မပြေလည်သည့် ပြဿနာများအား တိုင်းဒေသကြီး/ ပြည်ထောင်စုအဆင့်မှ လာရောက်ညှိနှိုင်း ပေးစေလိုကြောင်း၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းညွှန်ချက်များ ပံ့ပိုးပေးစေလို ကြောင်း တင်ပြထားပါသည်။

**ထီးလင်းမြို့နယ်**

ထီးလင်းမြို့နယ် မှ တင်ပြထားသည်မှာ မီးလင်းရေးလုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာများကူညီပေးစေလိုကြောင်းနှင့် အီတလီချေးငွေဖြစ်သဖြင့် Technical Audit ဝင်မည်ဖြစ်သောကြောင့် ပြည်ထောင်စုအဆင် Infra Team မှ လာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှုပြုလုပ်ပေးစေလိုကြောင်း၊ Union M&E Team အနေဖြင့် အခါအားလျှော်စွာ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကိုဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက် စေလိုကြောင်းနှင့် Union Finance နှင့် Procurement များမှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ်ပေးစေလိုကြောင်း တင်ပြထားပါသည်။

**ဆောမြို့နယ်**

ဆောမြို့နယ် မှ တင်ပြထားသည်မှာ ဝယ်ယူရေးအရာရှိများအတွက် မွမ်းမံသင်တန်းအား ပြည်ထောင်စုအဆင့်မှ ပေးစေလိုကြောင်းနှင့် သင်တန်းရရှိခြင်းမရှိသေးသော စီမံကိန်းဝန်ထမ်းအသစ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် သင်တန်းပေးစေလိုကြောင်း တင်ပြထားပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအားလျှပ်စစ် လုပ်ငန်းခွဲများအကောင်းဆုံးနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အသေးစားရေအားလျှပ်စစ်ဆိုင်ရာ သင်တန်းများ ပို့ချပေးပါရန်၊ ကျန်ရှိနေသေးသော BG တောင်းခံမှုအား လွှဲပြောင်းပေးပါရန်၊ (လာလွှီးကျေးရွာအုပ်စု BG တောင်းခံမှု) စီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ်များ အကြီးစားပြုပြင်မှုအတွက် ပြုပြင်ခွင့် အား ခွင့်ပြုပေးနိုင်ပါရန်၊ မြို့နယ်ရှိ MIS စနစ်အဆင့်မြှင့်တင်ခြင်း (သို့) စစ်ဆေးပြင်ဆင် ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါရန်၊ စိမ့်စမ်းရေသွယ်ယူရေး မြေပြင်တိုင်းတာခြင်း လုပ်ငန်းအတွက် ဒေသနှင့်သင့်တော်သည့် Abney Hand Level အား ပံ့ပိုးပေးပါရန်တို့ ဖြစ်ပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် လိုအပ်သည့် နည်းပညာသင်တန်းများကိုလည်း အချိန်မီ သင်တန်းပေးစေချင်ပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာ Tool Boxကိုလည်း ပံ့ပိုးပေးစေချင်ပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေးနှင့် ပတ်သတ်သည့် ရုံးသုံးဆိုင်ကယ်များ၊ ကျေးရွာဖိုင်များ နှင့် ကြော်ငြာသင်ပုန်းတွင် ထားရှိရမည့် စီမံကိန်း လိုဂိုတံဆိပ်များ၊ ပံ့ပိုးပေးရန် တင်ပြအပ်ပါသည်။ TVS (110)ဆိုင်ကယ်များအတွက် တာယာပွိုင့်အကြီး လုံထားသည်မှာ တစ်နှစ်ပြည့်ပြီး ဆိုင်ကယ်တာယာများမှာ ပျက်စီးနေပါသဖြင့် နောက်လာမည့် သုံးလပတ်အတွင်း (May,2019)တွင် ပြန်လည်လဲလှယ်ခွင့် ပြုပေးပါရန် တင်ပြအပ်ပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် ဒေသလုံခြုံရေးအခြေအနေများကြောင့် အထက်ကုလားတန်ဒေသ၊ အောက်ကုလားတန်ဒေသမှလုပ်ငန်းခွဲတစ်ချို့နှင့် သံထောင်ဒေသမှ လုပ်ငန်းခွဲများမှာ လက်ရှိအခြေအနေတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲလျှက် ရှိနေပါသည်။

လုပ်ဆောင်နိုင်သည့်လုပ်ငန်းခွဲများကို လုပ်ငန်းခွဲများရပ်ဆိုင်းထားခဲ့ရသည့် နေရာများမှ ဝန်ထမ်းများကို အစားထိုးနေရာချထားကာလုပ်ကိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းခွဲများအား အချိန်မီပြီးစီးအောင်လုပ် ဆောင်လျှက်ရှိပါသည်။ သင်တန်းများ ပြုလုပ်ရာတွင်လိုအပ်သော စာရွက်စာတမ်းများထုတ်ပေးရန် အတွက်မိတ္တူကူးစက်အမြန်ဆုံး ထောက်ပံ့ပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ သင်တန်းများပြုလုပ်ရာတွင် အသုံးပြုသော projector မှာလည်း ပျက်စီး သွားခဲ့ရာ ထိုစက်အား နေပြည်တော်ရုံးချုပ်သို့ပို့ ထားသည် မှာကြာနေပြီဖြစ်ပါသည်။ ယခုအခါလက်ရှိ အသုံးပြုနေသောပရင်တာများမှာ ဟောင်းနေပြီး၊ မိတ္တူကူးစက်မှာပျက်နေသည်။ အဆိုပါ စီမံကိန်းသုံးရုံးအသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးရန် ညှိနှိုင်းပေးစေလိုပါသည်။

စတုတ္ထနှစ်စီမံကိန်းလုပ်ငန်းများ သတ်မှတ်ထားသည့် အချိန်အတွင်းလုပ်ဆောင် အကောင်အထည် ဖော်နိုင်စေရန်အတွက် မြို့နယ် DRD ဘက်မှ လိုအပ်သောပံ့ပိုးမှုများဖြစ်သည့် ကြိုတင်ခရီးစရိတ်ငွေများ၊ တစ်ခြားလိုအပ်သည့် စာရွက်စာတမ်းများကို သတ်မှတ်ချိန်အတွင်း ထုတ်ပေးနိုင်အောင်စီစဉ်ပေးရန် ညှိနှိုင်းလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

နှုတ်ထွက်သွားသော ဝန်ထမ်းများနေရာတွင် အစားထိုး ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ CF များအနေဖြင့် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်း၊ တာဝန်ယူမှု သင်တန်းများ လိုအပ်ပါသည်။ ဆိုင်ကယ် TVS 110 cc အတွက်အပိုပစ္စည်းများအမြန်ရရှိနိုင်ရေး Union Procurement Team မှကူညီပံ့ပိုးပေးစေလိုပါသည်။ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် လုပ်ငန်းခွဲများလည်ပတ်ထိန်းသိမ်းရေးအတွက် ကျေးရွာနှင့်မြို့နယ်အဆင့်တွင် မည်ကဲ့သို့လုပ်ဆောင်ရမည်ဆိုသည့် လမ်းညွှန်မှုများကို ဆောလျင်စွာ ပေးပို့စေလိုပါသည်။

## လှိုင်းဘွဲမြို့နယ်

Steel Structure သင်တန်း၊ Disaster Reduction သင်တန်း၊ Team Building သင်တန်းနှင့် Leadership သင်တန်းများ ပေးစေချင်ပါသည်။

## ကော့ကရိတ်မြို့နယ်

သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် သက်ဆိုင်သောသင်တန်းများ ပို့ချပေးစေလိုသည်။ ရေနမူနာစမ်းသပ်ခြင်းသင်တန်းကို မြို့နယ်ရုံးတွင် လာရောက်စမ်းသပ်စေလိုပါသည်။

## ချောင်းဆုံမြို့နယ်

ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် စီမံကိန်းအတွက်Infra counterpart မရှိပါသဖြင့် စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် အားလျော်စွာ လုပ်ငန်းခွဲများ ဆောင်ရွက်နေချိန်တွင် ယခုထက်ပိုမိုကောင်းမွန်တိုးတက်လာရေးအတွက် ပြည်နယ်အဆင့် မှအခါအားလျော်စွာ စီစစ်ပေးနေပါကြောင်းနှင့် ပြည်ထောင်စုအဆင့်မှလည်းအခါ အားလျော်စွာ လာရောက်စီစစ်ပေးနိုင်

ပါရန်။ ပျက်နေသော Laptops/Desktop၊ Tablets များနှင့် မော်တော်ဆိုင်ကယ်များအား သက်ဆိုင်ရာသို့ အသုံးပြုနိုင်သောအဆင့်ဖြင့် ပြန်လည်အပ်နှင်းလိုပါသဖြင့် ပြင်ဆင်နိုင်ရေး ကူညီပံ့ပိုးပေးနိုင်ပါရန်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကွင်းဆင်းခရီးသွားလာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ထားခြင်းအား ပြည်ထောင်စုအဆင့် လူထုဗဟိုပြုစီမံကိန်း စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး နှင့် ရခိုင်ပြည်နယ် လူထုဗဟိုပြုစီမံကိန်း (ရုံးခွဲ) တာဝန်ခံတို့မှ ၂၀၁၉ ခု ဖေဖော်ဝါရီလ (၁၃)ရက်နေ့ တွင် ညှိနှိုင်း စီစဉ်ပေးမှုကြောင့် လုံခြုံရေးအခြေအနေပေးသောကျေးရွာအချို့တွင် သွားရောက် လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဆက်လက်၍ လုံခြုံရေးအခြေအနေပေးသော ကျေးရွာများတွင် ကွင်းဆင်း ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးမှုလိုအပ်ပါသည်။

**ဂွမြို့နယ်**

ဆိုင်ကယ်များ ပျက်၍ပြင်နေချိန်တွင် ရွာဆင်းရန် ခက်ခဲသောကြောင့် ပြန်လည်အစားထိုးနိုင်ရန်အတွက် အရံဆိုင်ကယ်များ ထားပေးစေချင်ပါသည်။

**ကယားပြည်နယ်**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာ ၌ နောင်(၆)လအတွင်း ပြည်ထောင်စုအဆင့်/ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စီမံကိန်းမြို့နယ်များအပေါ် လိုအပ်သောကူညီပံ့ပိုးမှုပေးစေလိုပါသည်။

**လွိုင်ကော်မြို့နယ်**

လွိုင်ကော်မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး Projector တစ်လုံးမှာ ပျက်ဆီးသည့်အတွက် သင်တန်းများပေးရာတွင် ခက်ခဲမှုများရှိနေကြောင်းတင်ပြအပ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

ဒီးမော့ဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး Phasue Out လုပ်မည့် ဒီးမော့ဆိုမြို့နယ် အနေဖြင့် DRD Counterpart / Township DRD Engineer များအား စီမံကိန်းလုပ်ငန်း ဆောင်ရွက် ချိန်တွင် အချိန်ပြည့် ဂန်ထမ်းအဖြစ် တာဂန်ယူဆောင်ရွက်စေလိုပါသည်။ SPs File/ ဝယ်ယူရေး/ ဘဏ္ဍာရေးများနှင့် သက်ဆိုင်သော ကျေးရွာအဆင့်/ မြို့နယ်အဆင့် မှတ်တမ်းများကို TTAs များနှင့်အတူ အချိန်နှင့်တပြေးညီ လက်ခံစစ်ဆေးပေးစေလိုပါသည်။ TTA (state/ infra) ကိုလည်း ဒီးမော့ဆိုမြို့နယ်၏ SPs file များကိုအချိန်နှင့် တစ်ပြေးညီစစ်ဆေးနိုင်ရန် ပြည်နယ်စီမံကိန်းမှ လမ်းညွှန်မှု ပေးစေလိုပါသည်။

O&M Training ကို ကျေးရွာအဆင့်တွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက် လိုပါသဖြင့် O&M Trainingနှင့် ပတ်သက်သောနောက်ဆုံးသတင်းအချက် အလက်များကိုရရှိရန် ပြည်နယ် CDD/ တာဝန် ရှိသူများမှ ဆောင်ရွက်/လမ်း ညွှန်ပေးစေလိုပါသည်။ Phasue Out လုပ်မည့် မြို့နယ်များ အတွက် သက်ဆိုင်သော သင်တန်း/လမ်း ညွှန်ချက်များကို ဝန်ထမ်းဟောင်းများ မနုတ်ထွက်ခင် ပြည်နယ်တာဝန်ခံများမှ လမ်းညွှန်/ဆောင်ရွက်ပေးစေလိုပါသည်။

**ဖရူဆိုမြို့နယ်**

ဖရူဆိုမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး ပြည်နယ်မှ တာဂန်ရှိသူများမှ စီမံကိန်း အကောင် အထည်ဖော်ဆောင်ရာတွင် ပိုမိုကောင်းမွန်စေရန် လိုအပ်သည်များကို အချိန်နှင့်တပြေးညီ မှာကြား စေလိုပါသည်။ DRD Counterpart များဖြစ်သော CSAG သည် ၂၅ % နှင့် Township Infrastructure Specialistသည် ၅၀ % သာ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများကို အချိန်ပေးနိုင်သဖြင့် အချိန်နှင့် တပြေးညီ ပြီးစီးရန် ပြည်နယ်မှတာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးစေ လိုပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး ပြည်ထောင်စုအဆင့်သို့ ဘောလခဲ၊ ဖားဆောင်း နှင့် မယ်စဲ့မြို့နယ်မှ ပေးပို့ ထားသော Air Router (၁)လုံးနှင့် Tablet (၁)လုံးကို အမြန်ဆုံးပြန်လည် ပေးပို့စေလိုခြင်း၊ မိမိတို့မြို့နယ်မှ လိုအပ်နေသေးသော Laptop ကိုလည်း ပံ့ပိုးစေလိုခြင်း၊ ပြည်နယ် အဆင့်မှ လက်ရှိတွင် စီမံကိန်းလုပ်ငန်းခွဲများကို ကွင်းဆင်းကြီးကြပ်ခြင်း၊ လမ်းညွှန်ပေးစေလို ခြင်းများ ပြုလုပ်လျှက်ရှိပါသည်။

**မိုးကောင်းမြို့နယ်**

ပြည်နယ်အဆင့်မှ ဖြစ်နိုင်ပါက စီမံကိန်းမြို့နယ်များသို့ အခါအားလျော်စွာ ကွင်းဆင်းကြည့် ရှုပြီး လိုအပ်သောအကြံဉာဏ်များ ပေးစေလိုပါသည်။

**ပူတာအိုမြို့နယ်**

First Aid Kit ဆိုင်ကယ်အပိုပစ္စည်းများနှင့် ကျောပိုးအိတ်များ လိုအပ်ပါသည်။ ပူတာအို မြို့နယ်သို့ ပြည်နယ်စီမံကိန်းမှ တာဝန်ရှိသူများ ကွင်းဆင်းခြင်း၊ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းများ ပြုလုပ်၍ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကူမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းကွင်းဆင်းတိုင်းတာရန် Auto Level မရှိပါက အသေးစိတ်တိုင်းတာတွက်ချက်ရာတွင် အခက်မခဲများ ကြုံတွေ့ရပါသည်။ လက်ထောက် နည်းပညာမှူး(၂)ဦး ဆိုင်ကယ်လုံလောက်မှု မရှိသဖြင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် နှောင့်နေးကြန့်ကြာခဲ့ပါသည်။ Auto Level နှင့် ဆိုင်ကယ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးစေလိုပါသည်။ ရွှေကူမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် အစီရင်ခံသည့်ကာလအထိ 40K သင်တန်းဆောင်ရွက်ခြင်းမရှိသေးပါ။

**နမ့်ဆန်မြို့နယ်**

နမ့်ဆန်မြို့နယ် လုပ်ငန်းများအတွက် ပြည်ထောင်စုအဆင့် (သို့မဟုတ်)ပြည်နယ်တို့မှ လည်ပတ် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ သုံးစွဲရန်အတွက် လိုအပ်သော သင်တန်းများ/လမ်းညွှန်ချက် များ ပို့ချပေးရန် တင်ပြအပ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်အနေဖြင့် လာမည့်ဧပြီလအတွင်း Township Intergrated Village Development Plan (VDP) Workshop ကျင်းပပြုလုပ်ရန် ရှိပါသဖြင့် လိုအပ်သော လမ်းညွှန် ကူညီခြင်းများပြုပေးနိုင်ပါရန်နှင့် ဝယ်ယူရေးအရာရှိ(Township Technical Advisor/Junior Technical Advisor)တစ်ဦးခန့်ထားပေးပါရန်နှင့် လစ်လပ်နေသည့် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ အစားထိုး ဖြည့်စွက်သည့်လုပ်ငန်းစဉ်များတွင် လမ်းညွှန်ကူညီမှုများ ပြုလုပ်ပေးပါရန် တင်ပြအပ်ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်အနေဖြင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရန်အတွက် ပြည်နယ်အဆင့်မှ ကြီးကြပ်ကူညီပံ့ပိုးပေးရန် လိုအပ်နေပါသည်။ စက်ယန္တရားငှားရမ်းရာတွင် လွယ်ကူချောမွေ့ရန်နှင့် အချိန်မီ ရရှိနိုင်ရန်အတွက် ပြည်နယ်မှ ကူညီ ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်အနေဖြင့် ဒုတိယနှစ်စီမံကိန်း စက်ဝန်းတွင် ငွေကြေးပမာဏများသော လုပ်ငန်းခွဲများနှင့် နည်းပညာအရခက်ခဲသော ကြိုးတံတားများပါရှိသဖြင့် ပြည်နယ်မှ အင်ဂျင်နီယာ အား ကူညီကြီးကြပ်ပေးပါရန် အကူအညီတောင်း တင်ပြအပ်ပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်အနေဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းကြီးကြပ်ရန်အတွက် လိုအပ်သော Cycle Sper parts ပစ္စည်းများ လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများစတင်ရန်အတွက် Block Grant ရန်ပုံငွေအမြန်ရရှိရန်နှင့် စီမံကိန်းလုပ်ငန်းခွဲများအချိန်မီ ပြီးစီးရန်အမြန်ဆုံး ထောက်ပံ့ ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

